# မိတ်ဆက်အမှာ

## တိမ်ညွန့်ကြားမှ ကြယ်တစ်ပွင့်

ခန့်ညားထည်ဝါသည့် အဆောက်အအုံကြီးများနှင့် ပြည့်စုံလျက်ရှိသော တက္ကသိုလ် ပရိဝုဏ်အတွင်းဝယ် အထက်တန်းပညာကို ဆည်းပူးနေကြသည့် တက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သားများသည် ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြ၏။

တိတ်ဆိတ်လျက်ရှိသည့် ညဥ့်သန်းခေါင်ယံကို အမြောက်သံကြီးက ဖောက်ခွဲ လှုပ်နှိုးသွားသကဲ့သို့ မထင်ရှားပါသော်လည်း တိမ်တောင် တိမ်လိပ် တိမ်ညွန့်များအကြားမှ တောက်ပသည့် ရှူဝံကြယ်ထွက်ပြူလာသည့် ပမာ ကျက်သရေ မင်္ဂလာရှိသော နှိုးဆော်ချက်တစ်ရပ်သည် တက္ကသိုလ် ဓမ္မာရုံကို ဗဟိုပြု၍ ကျောင်းသူကျောင်းသားများ အကြားသို့ စာဖြူလွှာကလေးများအသွင်ဖြင့် ပျံ့လွင့်သွားပေ၏။

**မည်သို့ ထူးခြားသည့် နှိုးဆော်ချက်ပါနည်း။**
**အဆွေ သိလိုလျှင် ဖတ်ရှုပါလေလော့။**

---

**သာယာချမ်းမြေ့သော ဘဝကိုအလိုရှိကြသော**
**ဆွေသဟာအပေါင်းတို့...**

အဖိုးတန်ဆုံး ဘဝပညာကို တက္ကသိုလ်ကျောင်းမဟာ၌ ဆည်းပူးလေ့လာနိုင်ပါပြီ။

* တက္ကသီလာ ကျောင်းမဟာသည် ပညာမျိုးစုံကို သင်ယူရန် ဘူမိနက်သန် ပေတည်း။ လောကီ ပညာရပ်များကို သာမက လောကုတ္တရာ ပညာကိုပါ ဆည်းပူးနိုင်ပါ၏။ လောကီပညာနှင့် လောကုတ္တရာပညာတို့သည် မည်သို့ကွာခြားကြသနည်း။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **မိတ်ဆက်အမှာ** | | က |
| **နိဒါန်း** | | |
| နတ်ပြည်၌ ဟောကြားသောတရားတော် | — | ၃ |
| အဘိဓမ္မာ၏ ထူးခြားချက် | — | ၄ |
| အဘိဓမ္မာ၏ အကျိုးကျေးဇူး | .... | ၆ |
| အဘိဓမ္မာသည် ဖီလိုဆိုဖီလော | — | ၇ |
| အဘိဓမ္မာနှင့် စိတ်ပညာ | .... | ၁၃ |
| သိပ္ပံပညာနှင့် အဘိဓမ္မာ | .... | ၁၈ |
| အဖိုးတန်ဆုံး ဘဝပညာ | — | ၂၁ |
| သက္ကာယဒိဋ္ဌိကို မည်သို့ ပယ်သတ်နိုင်သနည်း | .... | ၂၄ |
| အဘိဓမ္မာကျမ်းများ | — | ၂၆ |
| **အခန်း (၁) စိတ်ပိုင်း** | | |
| ပဏ္ဏာမဂါထာ | .... | ၂၈ |
| ပရမတ်နှင့်ပညတ် | .... | ၂၉ |
| ပရမတ္ထ်လေးပါး | .... | ၃၁ |
| ဒဿနိက၏နယ်ငါးရပ် | .... | ၃၂ |
| ဘုံအားဖြင့် စိတ် ၄-မျိုး | — | ၃၄ |
| အကုသိုလ်စိတ် ၁၂-ပါး | .... | ၃၆ |
| လောဘမူစိတ် ၈-ပါး | — | ၃၇ |
| ဒေါသမူစိတ် ၂-ပါး | .... | ၃၉ |
| မောဟမူစိတ် ၂-ပါး | — | ၄၀ |
| အဟိတ်စိတ် ၁၈-ပါး | .... | ၄၁ |
| အကုသလဝိပါက်စိတ် ၇-ပါး | — | ၄၂ |
| အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး | — | ၄၃ |
| အဟိတ်ကြိယာစိတ် ၃-ပါး | .... | ၄၅ |
| ကာမသောဘဏစိတ် ၂၄-ပါး | .... | ၄၆ |
| မဟာကုသိုလ်စိတ် ၈-ပါး | — | ၄၆ |
| မဟာဝိပါက်စိတ် ၈-ပါး | .... | ၄၈ |
| မဟာကြိယာစိတ် ၈-ပါး | — | ၅၀ |

မာတိကာ


ကာမာဝစရစိတ် ၅၄–ပါးတို့၏ သရုပ်ခွဲ .... ၅၁
ရူပါဝစရစိတ် ၁၅–ပါး — ၅၃
ရူပါဝစရကုသိုလ်စိတ် ၅–ပါး — ၅၆
ရူပါဝစရဝိပါက်စိတ် ၅–ပါး — ၅၇
ရူပါဝစရကြိယာစိတ် ၅–ပါး — ၅၇
အရူပါဝစရစိတ် ၁၂–ပါး — ၅၈
အရူပါဝစရကုသိုလ်စိတ် ၄–ပါး .... ၅၉
အရူပါဝစရဝိပါက်စိတ် ၄-ပါး — ၆၀
အရူပါဝစရကြိယာစိတ် ၄–ပါး .... ၆၀
မဟဂ္ဂုတ်စိတ် ၂၇–ပါးတို့၏သရုပ်ခွဲ .... ၆၀
လောကီစိတ် ၈၁–ပါး — ၆၂
လောကုတ္တရာစိတ်အကျဉ်း ၈–ပါး — ၆၄
မဂ်စိတ် ၄–ပါး .... ၆၅
ဖိုလ်စိတ် ၄-ပါး — ၆၅
လောကုတ္တရာစိတ်အကျယ် — ၆၇
မဂ်စိတ်အကျယ် ၂၀ .... ၆၇
ဖိုလ်စိတ်အကျယ် ၂၀ — ၆၈
ဈာန်စိတ် ၆၇ ပေါ်း .... ၆၉
သောဘဏစိတ် ၅၉ ပါး၊ ၉၁–ပါး .... ၆၉
စိတ်အကျဉ်းအကျယ် သရုပ်ခွဲ — ၇၀
လေ့ကျင့်ရန်မေးခွန်းများ — ၇၃


အခန်း (၂) စေတသိက်ပိုင်း


စိတ်သည်ပဓာန .... ၇၈
စိတ်ကို အရောင်ဆိုးပုံ — ၇၉
စေတသိက်၏ အင်္ဂါလေးရပ် .... ၈၀
အညသမာန်းစေတသိက် ၁၃-ပါး .... ၈၁
သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး — ၈၁
ပရမတ္ထတရားကို စိစစ်နည်း .... ၈၃
ဖဿစေတသိက် .... ၈၅
ဝေဒနာစေတသိက် .... ၈၆
သညာစေတသိက် .... ၈၇
စေတနာစေတသိက် .... ၈၈
ဧကဂ္ဂတာစေတသိက် .... ၈၉

တိဟိတ်စေတသိက် ၃၅ ပါး .... ၁၅၄
ကိစ္စသင်္ဂဟ .... ၁၅၄
စိတ်တို့ ဆောင်ရွက်ကြသည့် ကိစ္စ ၁၄ ပါး .... ၁၅၅
ကိစ္စဆောင်ရွက်ကြသောစိတ်များ .... ၁၅၅
ကိစ္စဆောင်ရွက်ရာဌာနများ .... ၁၅၆
ကိစ္စနှင့်ဌာနတပ်သောစိတ်များ .... ၁၅၇
ဒွါရသင်္ဂဟ .... ၁၅၈
ဒွါရ ၆ ပါး .... ၁၅၉
ဒွါရအသီးသီး၌ ဖြစ်ပေါ်သော စိတ်များ .... ၁၆၀
တစ်ဒွါရ စသည်၌ ဖြစ်ပေါ်သော စိတ်များ .... ၁၆၀
ဒွါရနှင့်စေတသိက်များ .... ၁၆၂
အာရမ္မဏသင်္ဂဟ .... ၁၆၂
အာရုံ ၆ ပါး .... ၁၆၃
အာရုံနှင့်ကာလ .... ၁၆၃
၆ ဒွါရ၌ ဖြစ်ကြသော စိတ်တို့၏ အာရုံများ .... ၁၆၄
အာရုံနှင့် စိတ် .... ၁၆၅
အာရုံနှင့်စေတသိက် .... ၁၆၆
ဝတ္ထု သင်္ဂဟ .... ၁၆၆
ဝတ္ထု ၆ ပါး .... ၁၆၆
ဘုံနှင့် ဝတ္ထု .... ၁၆၇
ဝိညာဏဓာတ် ၇ ပါး .... ၁၆၇
ဝတ္ထုနှင့် ဝိညာဏဓာတ် .... ၁၆၈
ဝတ္ထုရုပ်အလိုက် စိတ်များခွဲခြားပုံ .... ၁၆၉
လေ့ကျင့်ရန်မေးခွန်းများ .... ၁၇၀
သိပ္ပံဆန်သော အဘိဓမ္မာ .... ၁၇၅


## နိဒါန်း


အဆင့်မြင့်ဆုံးဒဿန .... ၁၇၈
နာမ်လောက၏ ဆန်းကြယ်မှု .... ၁၇၈
စိတ်၏သဘာဝ .... ၁၇၈
သိစိတ်နှင့် မသိစိတ် .... ၁၈၂
သိပ္ပံထက် သာလွန်သောအချက် .... ၁၈၅
လျှို့ဝှက်လွန်းသော ဘဝ ပြဿနာ .... ၁၈၆

သတ္တဝါဘို့၏ ဖန်ဆင်းရှင် — ၁၈၈
ဥပပတ်ပဋိသန္ဓေသည် သိပ္ပံနိယာမနှင့်ဆန့်ကျင်သလော — ၁၉၂
ဖန်တီးရှင်ကြီး ကံတရား — ၁၉၃
ကံသည်သတ္တဝါများကို မည်သို့ ဖန်တီးသနည်း — ၁၉၄
၃၁-ဘုံ ရှိသလား — ၁၉၆
ဗုဒ္ဓ၏ ရုပ်သဘော — ၁၉၈
သိပ္ပံပညာဖြင့် ဒြပ်ကိုခွဲခြမ်းစိတ်ဖြာပုံ .... ၂၀၀
အဘိဓမ္မာနည်းဖြင့် ဒြပ်ကိုခွဲခြမ်းစိတ်ဖြာပုံ — ၂၀၂
သိပ္ပံထက် အဘိဓမ္မာသာလွန်သောအချက် .... ၂၀၅


## အခန်း (၄) ဝီထိပိုင်း


ဝီထိ၏အဓိပ္ပာယ် — ၂၀၉
ဝီထိစိတ်နှင့် ဝီထိမုတ်စိတ်များ — ၂၁၀
စိတ်၏အသက် — ၂၁၀
ရုပ်၏အသက် .... ၂၁၁
ဝီထိ ၆-မျိုး — ၂၁၂
ဆဆက္က ၆-မျိုး ၆-လီ — ၂၁၃
ဝီထိဖြစ်ကြောင်း အင်္ဂါ ၄-ပါး — ၂၁၄
ဘဝင်သုံးမျိုး — ၂၁၇
ပဉ္စဒွါရဝီထိ ၇၅-ပါး .... ၂၁၉
အတိမဟန္တာရုံဝီထိ .... ၂၁၉
တဒနုဝတ္တကဝီထိ အပြား .... ၂၂၁
မဟန္တာရုံဝီထိ ၂-မျိုး — ၂၂၂
ပရိတ္တာရုံဝီထိ ၆-မျိုး — ၂၂၄
အတိပရိတ္တာရုံ ၆-ဝီထိ — ၂၂၅
ပဉ္စဒွါရ ဝိသယပ္ပဝတ္တိ .... ၂၂၇
ပဉ္စဒွါရ ဝီထိစိတ်ပေါင်း — ၂၂၈
ဝီထိမုတ်စိတ် ၁၉-ပါး — ၂၂၈
ဝီထိစိတ်တို့၏ အာရုံ — ၂၂၉
ဝီထိစိတ်တို့၏ မှီရာဝတ္ထု .... ၂၂၉
မဇ္ဈိမာယုကဝတ္ထု ရွေးချယ်ပုံ .... ၂၂၉
စိတ်တို့၏မှီရာ အာရုံပြုရာ — ၂၃၀
သရက်သီးကြွေသည့် ဥပမာ — ၂၃၀
မနောဒွါရဝီထိ — ၂၃၂

| | | |
|---|---|---|
| မနောဒွါရ၌ထင်လာသော အာရုံ | — | ၂၃၂ |
| ဝိဘူတာရုံနှင့် အဝိဘူတာရုံ | — | ၂၃၂ |
| ကာမဇောဝါရ ၄-ဝီထိ | — | ၂၃၃ |
| ကာမဇောမနောဒွါရဝီထိစိတ်များ | — | ၂၃၄ |
| ကာမဇောဝါရ ၂-မျိုး | — | ၂၃၅ |
| အပ္ပနာဇောဝါရ မနောဒွါရဝီထိ | .... | ၂၃၆ |
| အပ္ပနာဇောဝါရ၌ အာရုံထင်ပုံ | — | ၂၃၇ |
| ဥပစာရ သမာဓိဇော | — | ၂၃၇ |
| အပ္ပနာဝီထိများကျပုံ | — | ၂၃၈ |
| ရူပါဝစရအပ္ပနာဝီထိဆိုရိုး | — | ၂၃၉ |
| အရူပါဝစရအပ္ပနာဝီထိဆိုရိုး | .... | ၂၄၀ |
| အဘိညာအပ္ပနာဝီထိကျပုံ | — | ၂၄၁ |
| မဂ္ဂဝီထိဆိုရိုး | .... | ၂၄၃ |
| ဖလသမာပတ္တိ ဝီထိဆိုရိုး | — | ၂၄၄ |
| နိရောဓသမာပတ္တိဝီထိ | .... | ၂၄၄ |
| ဝိပါက နိယာမ | .... | ၂၄၆ |
| ဝိပါက်အမှန် ဇောအပြန် | .... | ၂၄၆ |
| ကာမဇော ဝါရနိယာမ | — | ၂၄၈ |
| အပ္ပနာဇော ဝါရနိယာမ | — | ၂၄၈ |
| တဒါရုမ္မဏနိယာမ | — | ၂၅၂ |
| အာဂန္တုကဝီထိ | .... | ၂၅၃ |
| ဆိုင်ရာဘုံအလိုက် ဖြစ်သင့်သောစိတ်များ | — | ၂၅၅ |
| ပုဂ္ဂိုလ်အပြား | — | ၂၅၆ |
| ပုဂ္ဂိုလ်စိတ်ရ | .... | ၂၅၇ |
| ဘုံ၌ စိတ်ရ | — | ၂၅၉ |
| လေ့ကျင့်ရန်မေးခွန်းများ | — | ၂၆၀ |


**အခန်း (၅) ဝီထိမုတ်ပိုင်း (ဝါ) ဘုံပိုင်း**


| | | |
|---|---|---|
| ဝီထိမုတ်စိတ်များ | .... | ၂၆၇ |
| စတုက္ကလေးလီ | — | ၂၆၇ |
| ဘုံ ၄-မျိုး | .... | ၂၆၈ |
| အပါယ်လေးဘုံ | — | ၂၆၈ |
| ကာမ သုဂတိ ၇-ဘုံ | — | ၂၇၀ |
| ရူပဗြဟ္မာ ၁၆-ဘုံ | — | ၂၇၂ |

# မာတိကာ


| | | |
|---|---|---|
| အရှုပဗြဟ္မာ ၄–ဘုံ | ... | ၂၇၄ |
| ဘုံနှင့်ပုဂ္ဂိုလ်သရုပ် | ... | ၂၇၅ |
| ပဋိသန္ဓေ ၄–မျိုး | ... | ၂၇၅ |
| ပဋိသန္ဓေတည်နေပုံ ၄–မျိုး | ... | ၂၇၈ |
| ဘုံသားနှင့် ပဋိသန္ဓေ | ... | ၂၇၈ |
| သတ္တဝါတို့၏သက်တမ်းများ | ... | ၂၇၈ |
| ကမ္ဘာပျက်ပုံ | ... | ၂၈၃ |
| တစ်ဘဝ၌ တူမြဲတရား | ... | ၂၈၃ |
| ကံလေးမျိုးလေးလီ | ... | ၂၈၄ |
| ကိစ္စကမ္မစတုက္က | ... | ၂၈၄ |
| ပါကဒါန ပရိယာယ ကမ္မစတုက္က | ... | ၂၈၅ |
| ပါကကာလကမ္မစတုက္က | ... | ၂၈၆ |
| ပါကဌာနကမ္မစတုက္က | ... | ၂၈၇ |
| အကုသိုလ်ကံ ၃–မျိုး | ... | ၂၈၇ |
| အကုသိုလ်ကံ ၁၀–ပါး (ဒုစရိုက် ၁၀–ပါး) | ... | ၂၈၇ |
| ငါးပါးသီလနှင့် ဒုစရိုက် ၁၀–ပါး | ... | ၂၈၉ |
| ဒုစရိုက်ကို ကျူးလွန်သောစိတ်များ | ... | ၂၉၁ |
| ကာမကုသိုလ်ကံ ၃–မျိုး | ... | ၂၉၂ |
| ပုညကြိယ၊ ဝတ္ထု ၁၀–ပါး | ... | ၂၉၂ |
| ဒါန၊ သီလ၊ ဘာဝနာ | ... | ၂၉၃ |
| ဘုံဌာနနှင့်ကံအပြား | ... | ၂၉၄ |
| အကုသိုလ်ကံအကျိုးပေးပုံ | ... | ၂၉၄ |
| ကာမကုသိုလ်ကံအကျိုးပေးပုံ | ... | ၂၉၅ |
| ရူပါဝစရကုသိုလ်ကံအကျိုးပေးပုံ | ... | ၂၉၆ |
| အရူပါဝစရကုသိုလ်ကံအကျိုးပေးပုံ | ... | ၂၉၈ |
| သီလရှိက တောင့်တတိုင်း ပြည့်ဝပုံ | ... | ၂၉၉ |
| အကောင်းဆုံးဘုံ | ... | ၂၉၉ |
| သေခြင်းအကြောင်း ၄–ပါး | ... | ၃၀၁ |
| သေခါနီး နိမိတ်ထင်ပုံ | ... | ၃၀၂ |
| နိမိတ်နှင့် ဒွါရ | ... | ၃၀၃ |
| မရဏာသန္နဝီထိ | ... | ၃၀၃ |
| ဘဝ ကူးပုံ | ... | ၃၀၆ |
| ဘဝနိကန္တိဇောဝီထိ | ... | ၃၀၈ |

စုတိနောင် ပဋိသန္ဓေအပြား .... ၃၀၈
လေ့ကျင့်ရန်မေးခွန်းများ .... ၃၀၉


**အခန်း (၆) ရုပ်ပိုင်း**


ရူပသမုဒ္ဒေသ .... ၃၁၇
နိပ္ဖန္နရုပ် ၁၈-ပါးကို ဝေဖန်ခြင်း .... ၃၁၉
ရုပ်ရေတွက်ပုံ အမျိုးမျိုး .... ၃၂၂
ရူပဝိဘာဂ .... ၃၂၃
ရုပ် ၂၈-ပါးကို ခွဲခြား၍ ဝေဖန်ခြင်း .... ၃၂၄
ရူပ သမုဋ္ဌာန .... ၃၂၆
ရုပ်ကိုဖြစ်စေသော ကံ ၂၅-ပါး .... ၃၂၆
ရုပ်ကိုဖြစ်စေသော စိတ် ၇၅-ပါး .... ၃၂၆
ရုပ်ကိုဖြစ်စေတတ်သော ဥတု .... ၃၂၈
ရုပ်ကိုဖြစ်စေသော အာဟာရ .... ၃၂၉
ကမ္မဇရုပ် ၁၈-ပါး .... ၃၃၀
စိတ္တဇရုပ် ၁၅-ပါး .... ၃၃၀
ဥတုဇရုပ် ၁၃-ပါး .... ၃၃၀
အာဟာရဇရုပ် ၁၂-ပါး .... ၃၃၀
ရူပသမုဋ္ဌာန် ဆောင်ပုဒ်များ .... ၃၃၂
ရူပကလာပ .... ၃၃၃
ရုပ်ကလာပ် ၂၁-စည်း .... ၃၃၄
ကမ္မဇကလာပ် ၉-စည်း .... ၃၃၄
စိတ္တဇကလာပ် ၆-စည်း .... ၃၃၅
ဥတုဇကလာပ် ၄-စည်း .... ၃၃၅
အာဟာရဇကလာပ် ၂-စည်း .... ၃၃၆
အဇ္ဈတ္တသန္တာန်၌ ရအပ်သောရုပ်ကလာပ်များ .... ၃၃၆
ဗဟိဒ္ဓရုပ်ကလာပ် ၂-စည်း .... ၃၃၆
ပရမတ္ထကလာပ်၊ သမူဟကလာပ် .... ၃၃၇
ကလာပ်တို့၏ ပမာဏ .... ၃၃၇
ရူပပဝတ္တိက္ကမ .... ၃၃၈
ဘုံ ၃-ပါး၌ ရနိုင်သောရုပ်များ .... ၃၃၈

ယောနိခေါ် အမျိုးဇာတ် ၄-ပါး ... ၃၃၀
ပဋိသန္ဓေအခါ ရုပ်ဖြစ်စဉ် ... ၃၃၉
အမိဝမ်းတွင်း၌ ရုပ်ဖြစ်စဉ် ... ၃၄၀
စတုဇရုပ်ဖြစ်စဉ် ... ၃၄၁
ဆီမီး လျှံ ကဲ့သို့ ... ၃၄၂
မြစ်ရေအယဉ်ကဲ့သို့ ... ၃၄၂
ရုပ်တို့၏ပျက်စဉ် ... ၃၄၃
စုတေပြီးနောက် အကောင်ပုပ်မကျန်ရစ်သူ ... ၃၄၄
လေ့ကျင့်ရန်မေးခွန်းများ ... ၃၄၉

နိဂုံး

အသုံးချအဘိဓမ္မာ ... ၃၅၀
အကောင်းနှင့်အဆိုး ... ၃၅၉
အဘိဓမ္မာမီးမောင်းအောက်ဝယ် ... ၃၆၀
အကုသိုလ်အင်္ဂါအားစု ... ၃၆၁
ကုသိုလ်အင်္ဂါအားစု ... ၃၆၂
သဘောတူရာပေါင်းစုကာ ... ၃၆၂
ကြောင်းကျိုးဆက်နွယ်မှု ... ၃၆၂
ပဋ္ဌာန်းဒေသနာတော် ... ၃၆၃
ပညတ်တရား ... ၃၆၄
ဘာဝနာတရား ... ၃၆၄
ဗုဒ္ဓဘာသာဝင်တို့၏ပန်းတိုင် ... ၃၆၅

အခန်း (၇) သမုစ္စည်းပိုင်း

အဓိပ္ပာယ်နှင့် အကျယ်အဝန်း ... ၃၆၀
အကုသလသင်္ဂဟ ... ၃၆၉
အာသဝေါ ၄-ပါး ... ၃၆၉
ဩဃ ၄-ပါး ... ၃၇၀
ယောဂ ၄-ပါး ... ၃၇၀
ဂန္ထ ၄-ပါး ... ၃၇၀
ဥပါဒါန် ၄-ပါး ... ၃၇၂
နီဝရဏ ၆-ပါး ... ၃၇၄

အနုသယ ၇-ပါး .... ၃၇၅
သံယောဇဉ် ၁၀-ပါး .... ၃၇၆
ဩရမ္ဘာဂိယ–ဥဒ္ဓမ္ဘာဂိယ .... ၃၇၈
ကိလေသာ ၁၀-ပါး .... ၃၇၈
တစ်ထောင့်ငါးရာကိလေသာ .... ၃၇၉
မိဿကသင်္ဂဟ .... ၃၇၉
ဟိတ် ၆-ပါး .... ၃၇၉
ဈာန် ၇-ပါး .... ၃၈၀
မဂ္ဂင် ၁၂-ပါး .... ၃၈၀
ဣန္ဒြေ ၂၂-ပါး .... ၃၈၂
ဗိုလ် ၉-ပါး .... ၃၈၃
အဓိပတိ ၄-ပါး .... ၃၈၅
ဗောဓိပက္ခိယသင်္ဂဟ .... ၃၈၇
သတိပဋ္ဌာန် ၄-ပါး .... ၃၈၇
သမ္မပ္ပဓာန် ၄-ပါး .... ၃၈၈
ဣဒ္ဓိပါဒ် ၄-ပါး .... ၃၉၀
ဣန္ဒြေ ၅-ပါး .... ၃၉၁
ဗိုလ် ၅-ပါး .... ၃၉၁
ဗောဇ္ဈင် ၇-ပါး .... ၃၉၁
မဂ္ဂင် ၈-ပါး .... ၃၉၃
ဗောဓိပက္ခိယတရားကိုယ်၁၄ပါးတို့၏ ဖြစ်ရာဌာနများ .... ၃၉၃
သဗ္ဗသင်္ဂဟ .... ၃၉၄
ခန္ဓာ ၅-ပါး .... ၃၉၄
ဥပါဒါနက္ခန္ဓာ ၅-ပါး .... ၃၉၅
အာယတန ၁၂-ပါး .... ၃၉၇
ဓာတ် ၁၈-ပါး .... ၃၉၈
သစ္စာ ၄-ပါး .... ၃၉၈
တကျာအစစ်တစ်ရာ့ရှစ် .... ၄၀၁
လေ့ကျင့်ရန်မေးခွန်းများ .... ၄၀၂


**အခန်း(၈)ပစ္စည်းပိုင်း**


ပစ္စည်း–ပစ္စယုပ္ပန် .... ၄၀၉
ကျေးဇူးပြုနည်း ၂၄- မျိုး .... ၄၁၀

သံတနှင့် အသံတံအခွဲ .... ၄၁၀
ပဋိစ္စသမုပ္ပါဒ်နည်း .... ၄၁၀
အဝိဇ္ဇာပစ္စယာသင်္ခါရာ .... ၄၁၁
သင်္ခါရပစ္စယာဝိညာဏံ .... ၄၁၃
ဝိညာဏပစ္စယာ နာမရူပံ .... ၄၁၃
နာမရူပပစ္စယာ သဠာယတနံ .... ၄၁၄
သဠာယတနပစ္စယာဖဿော .... ၄၁၄
ဖဿပစ္စယာဝေဒနာ .... ၄၁၅
ဝေဒနာပစ္စယာတဏှာ .... ၄၁၅
တဏှာပစ္စယာဥပါဒါနံ .... ၄၁၆
ဥပါဒါနပစ္စယာဘဝေါ .... ၄၁၇
ဘဝပစ္စယာဇာတိ .... ၄၂၀
ဇာတိပစ္စယာဇရာမရဏံ .... ၄၂၁
ဇာတိကြောင့်သောကစသည်တို့ဖြစ်ပုံ .... ၄၂၃
အကျိုးရင်းနှင့်အကျိုးဆက် .... ၄၂၃
ပဋိစ္စသမုပ္ပါဒ်ဘရားတော်၏မှတ်ဖွယ်များ .... ၄၂၄
အင်္ဂါ ၁၂-ပါး .... ၄၂၄
အမွန်း ၄-ပါး .... ၄၂၄
အခြင်းအရာအပါး ၂၀ .... ၄၂၅
သခ်ေပ=အလှာ ၄-ပါး .... ၄၂၇
သန္ဓိ=အစပ် ၃-ပါး .... ၄၂၇
ဝဋ် ၃-ပါး .... ၄၂၀
ဝဋ်မြစ် ၂-ပါး .... ၄၂၉
စက်ရဟတ်ပျက်ကိန်း .... ၄၂၉
အဝိဇ္ဇာ၏အကြောင်း .... ၄၂၉
အာသဝတို့၏အကြောင်း .... ၄၃၀
အဝိဇ္ဇာကိုအစထား၍ဟောရခြင်းအကြောင်း .... ၄၃၀
နည်း ၄-ပါးဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကိုဆင်ခြင်ပုံ .... ၄၃၂
ပဋ္ဌာန်းနည်း .... ၄၃၅
ပစ္စယုဒ္ဒေသပါဠိ .... ၄၃၅

| | | |
|---|---|---|
| ၂၄-ပစ္စည်းတို့၏ တရားကိုယ်နှင့် အဓိပ္ပာယ် | — | ၄၃၅ |
| ဟေတုပစ္စယော | — | ၄၃၅ |
| အာရမ္မဏပစ္စယော | — | ၄၃၆ |
| အဓိပတိပစ္စယော | — | ၄၃၆ |
| အနန္တရပစ္စယော | — | ၄၃၇ |
| သမနန္တရပစ္စယော | .... | ၄၃၈ |
| သဟဇာတပစ္စယော | — | ၄၃၈ |
| အညမညပစ္စယော | — | ၄၃၉ |
| နိဿယပစ္စယော | .... | ၄၃၉ |
| ဥပနိဿယပစ္စယော | .... | ၄၄၁ |
| ပုရေဇာတပစ္စယော | — | ၄၄၂ |
| ပစ္ဆာဇာတပစ္စယော | — | ၄၄၃ |
| အာသေဝနပစ္စယော | — | ၄၄၃ |
| ကမ္မပစ္စယော | .... | ၄၄၄ |
| ဝိပါကပစ္စယော | — | ၄၄၅ |
| အာဟာရပစ္စယော | — | ၄၄၅ |
| ဣန္ဒြိယပစ္စယော | .... | ၄၄၆ |
| ဈာနပစ္စယော | — | ၄၄၇ |
| မဂ္ဂပစ္စယော | — | ၄၄၇ |
| သမ္ပယုတ္တပစ္စယော | — | ၄၄၈ |
| ဝိပ္ပယုတ္တပစ္စယော | — | ၄၄၈ |
| အတ္ထိပစ္စယော | — | ၄၄၉ |
| နတ္ထိပစ္စယော | — | ၄၅၀ |
| ဝိဂတပစ္စယော | .... | ၄၅၁ |
| အဝိဂတပစ္စယော | .... | ၄၅၁ |
| ပစ္စယရာသိ=ပစ္စည်းစု ၆-မျိုး | .... | ၄၅၁ |
| ပစ္စယဘေဒသရုပ် | .... | ၄၅၂ |
| ပစ္စယသမောဓာနသရုပ် | .... | ၄၅၂ |
| ဘူမိပစ္စယဝိဘာဂသရုပ် | .... | ၄၅၃ |
| ရုပ်နာမ်ပညတ် ခွဲခြားပုံ | .... | ၄၅၄ |
| အတ္ထပညတ်အကျယ် | — | ၄၅၄ |
| အတ္ထပညတ်၏အင်္ဂါ ၄-ရပ် | — | ၄၅၈ |

သဒ္ဒပညတ်အကျယ် ... ၄၅၈
သဒ္ဒပညတ် ၆-မျိုး ... ၄၅၉
ပညတ်နှင့်ဝီထိသရုပ် ... ၄၆၁
ဘာသာစကားများပေါ်ပေါက်ပုံ ... ၄၆၁
လေ့ကျင့်ရန်မေးခွန်းများ ... ၄၆၂

**အခန်း (၉) ကမ္မဋ္ဌာန်းပိုင်း**

ဘာဝနာ ၂-မျိုး ... ၄၇၀
ကမ္မဋ္ဌာန်းဟူသည် ... ၄၇၁
ကသိုဏ်း ၁၀-ပါး ... ၄၇၂
အသုဘ ၁၀-ပါး ... ၄၇၄
အနုဿတိ ၁၀-ပါး ... ၄၇၅
အပ္ပမညာ ၄-ပါး ... ၄၇၆
အာဟာရေပဋိကူလသညာ ၁-ပါး ... ၄၇၇
စတုဓာတုဝဝတ္ထာန် ၁-ပါး ... ၄၇၇
အာရုပ္ပ ၄-ပါး ... ၄၇၈
စရိုက် ၆-ပါး ... ၄၇၈
သပ္ပါယဘေဒ ... ၄၇၉
ဘာဝနာဘေဒ ... ၄၈၁
ကမ္မဋ္ဌာန်းနှင့်ဘာဝနာ ... ၄၈၁
ဈာန်ဖြင့် ကမ္မဋ္ဌာန်းကိုဝေဖန်ပုံ ... ၄၈၂
ဂေါစရဘေဒ ... ၄၈၃
နိမိတ်နှင့်ကမ္မဋ္ဌာန်းတွဲစပ်ပုံ ... ၄၈၄
ဘာဝနာနှင့်နိမိတ်ကိုတွဲစပ်ပုံ ... ၄၈၄
ဈာန်အဆင့်ဆင့်ဖြစ်ပေါ်ပုံ ... ၄၈၇
အာရုပ္ပဈာန်တက်ခန်း ... ၄၈၉
အဘိညာခန်း ... ၄၉၁
ဝိပဿနာကမ္မဋ္ဌာန်း ... ၄၉၂
ဝိသုဒ္ဓိ ၇-ပါး ... ၄၉၂
လက္ခဏာ ၃-ပါး ... ၄၉၃
အနုပဿနာ ၃-ပါး ... ၄၉၄
ဝိပဿနာဉာဏ် ၁၀-ပါး ... ၄၉၅
ဝိမောက္ခ ၃-ပါး ... ၄၉၆

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၃၆ | ၁၉ | အသောသဏ | အသောဘဏ |
| ၃၇ | ၃ | ဒိဋ္ဌိ | ဒိဋ္ဌိ |
| ၆၄ | ၆ | စိတ် ၂၁ ပါး | စိတ် ၁၂၁ ပါး |
| ၈၆ | ၂၂ | ဣန္ဒြေ | ဣန္ဒြေ |
| ၁၅၁ | ၅ | ၃၆ ပါး | ၄၆ ပါး |
| ၁၅၁ | ၂၈ | ၈၉-၁၈-၇၁ | ၈၉-၁၈-၇၁ |
| ၁၅၂ | ၃ | ဟိတ် ၁ ပါးစီ | ဟိတ် ၂ ပါးစီ |
| ၁၆၁ | ၂၁ | ပဋ္ဌဒွါရိက | ဆဋ္ဌဒွါရိက |
| ၁၆၃ | ၁၈ | ဩဠာရိကရုပ် | ဩဠာရိကရုပ် |
| ၁၆၄ | ၉ | လတီသမတ် | လူတို့သမုတ် |
| ၂၂၀ | ၆ | ဆုံးဖြတ်တတ်သော စိတ် | ဆုံးဖြတ်တတ်သော ဝုဋ္ဌောစိတ် |
| ၂၂၀ | ၈ | ဝုဋ္ဌောတဒါရုံဘစ်ကြိမ် | တဒါရုံနှစ်ကြိမ် |
| ၂၂၀ | ၂၀ | ↑ ↑ ဥပါဒ် ဘင် | ↑ ↑ ဥပါဒ် ဌီ |
| ၂၄၈ | ၇ | "ပေါတြဘု" | "ဂေါတြဘု" |
| ၂၃၉ | ၂၂ | ဘုဝင်များမှာကျပြီး | ဘဝင်များစွာကျပြီး |
| ၂၆၉ | ၂၆ | အသက်မရှည် | အထက်မရှည် |
| ၂၈၉ | ၁၅ | ဒုစရိုက် ၂၀ ပါး | ဒုစရိုက် ၁၀ ပါး |
| ၂၉၅ | ၉ | (စက္ခုဝိညာဏ်ဒွေနှင့် သောတဝိညာဏ်ဒွေ | (စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ) |
| ၃၀၀ | ၃၁ | လတို့ | လူတို့ |
| ၃၂၀ | ၂၉ | သံ | စကားသံ |
| ၃၂၃ | ၂၉ | သတခ် | သခ်တ |
| ၃၂၅ | ၁ | ဩဠာရိက | ဩဠာရိက |
| " | ၄ | " | " |
| " | ၁၂ | ကမ္မရုပ် | ကမ္မဇရုပ် |
| ၃၂၇ | ၁၉ | အခြားစေတသိက် | အခြားစိတ်စေတသိက် |
| ၃၃၉ | ၆ | အထိုင်အရှား | အထင်အရှား |
| ၃၄၃ | ၂၅ | စုတိချုပ်ငြိမ်း | စုတိစိတ် ချုပ်ငြိမ်း |

**A compendium of speculations is Just speculation.**
**It cannot be the truth.**

ကြံတွေးမှန်းဆချက်များ ပေါင်းချုပ်သည် ကြံတွေးမှန်းဆချက်သာ ဖြစ်၏။ အမှန်တရားမဖြစ်နိုင်ပါ။

ကောက်ရိုးပုံထဲမှ ဆန်မရနိုင်သကဲ့သို့တည်း။

"လူတို့သည် အမှန်တရားကိုမသိဘဲ ထင်မြင်ယူဆချက်များကိုသာ အမှန်တရားဟု ယူဆနေခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ညီညွတ်မှုမရှိ ပေါင်းစည်းမှုမရှိဘဲ ဆန့်ကျင်နေကြသည်ဟု" ဆိုကရေးတီး[1] ဆိုခဲ့ပေ၏။

အမှန်တရားသည် ဓမ္မဓိဋ္ဌာန်ကျသော ယေဘုယျသဘောကို ဆောင်၏။ အမှန်တရားကို ရှာဖွေခြင်းသည် အရေးကြီးဆုံး ဘဝကိစ္စဖြစ်၏။ သို့သော် မည်သူက အမှန်တရားကို ရှာနိုင်ခဲ့သနည်း။

**All I know is that I know nothing.**

**"ကျွန်ုပ်၏ သိရှိချက်အားလုံးကို သတ္တုချလိုက်လျှင် ကျွန်ုပ် ဘာမျှ မသိခြင်း ဟူသော အဖြေကိုသာရ၏။"**

ဟု ဆိုကရေးတီးသည် ပညာရှိပီပီ ဝန်ခံခဲ့ပေ၏။

အလွန်စိတ်ကူးယဉ်တတ်သော တွေးခေါ်ရှင် ပလေတို[2] က အစစ်အမှန်တရားဟူသည်မှာ ပုံ[3] သဘောဆောင်သော နာမ်လောကဖြစ်၏။ ရုပ်လောကသည် ပုံ၏ အသွင်လက္ခဏာသာ ဖြစ်၍ အမှန်ရှိသော လောက မဟုတ်ဟု ဆိုခဲ့၏။

ပလေတို၏ တပည့်ဖြစ်သူ အရစ္စတိုတယ်[4] က ရုပ်လောကသည် အသွင်လောကမဟုတ်၊ အစစ်အမှန်လောက ဖြစ်၏။ ရုပ်နှင့် ပုံသည် ခွဲမရအောင် ဒွန်တွဲဆက်စပ်နေပြီး အခြေအနေအရ ပြောင်းလဲနေသည်ဟု ဆို၏။

ပလေတို၊ ဒေးကား[5]၊ စပင်နိုဇာ[6] နှင့် လိုက်ဗနစ်[7] တို့သည် ဆင်ခြင်ခြင်း အဓိကဝါဒ[8] ကို အလေးပေးကြ၏။ သူတို့၏အမြင်တွင် အာရုံငါးပါးဖြင့် သိရသော အာရုံသိများသည် တိကျမှန်ကန်မှုမရှိ။ ဥပမာ—ဖြောင့်နေသော

---

1–Socrates 2–Plato
3–Form 4–Aristotle
5–Descartes 6–Spinoza
7–Leibnitz 8–Rationaliam

အကုသိုလ်ဒေါမနဿစိတ် ၂ ပါးရှိပါသည်။
အဟိတ်ကုသလဝိပါက်, သုခသဟဂုတ်စိတ် ၁ ပါးရှိပါသည်။
အကုသလဝိပါက် ဒုက္ခသဟဂုတ်စိတ် ၁ ပါးရှိပါသည်။
အကုသိုလ် ဥပေက္ခာ ၆ ပါး၊ အဟိတ်ဥပေက္ခာ ၁၄ ပါး၊ သောဘဏ ဥပေက္ခာ ၁၂ ပါးဟူ၍ ဥပေက္ခာစိတ် ၃၂ ပါးရှိပါသည်။

***ကာမစိတ် ၅၄ ပါးတွင် သမ္ပယုတ်စိတ်နှင့် ဝိပ္ပယုတ်စိတ်မည်မျှစီရှိကြသနည်း။**

လောဘမူဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄ ပါး၊ ဒေါသမူပဋိဃသမ္ပယုတ်စိတ် ၂ ပါး၊ မောဟမူ ဝိစိကိစ္ဆာ သမ္ပယုတ်စိတ် ၁ ပါး၊ မောဟမူဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁ ပါး၊ ကာမသောဘဏ ဉာဏသမ္ပယုတ်စိတ် ၁၂ ပါးဟူ၍ စုစုပေါင်းသမ္ပယုတ်စိတ် အပါး ၂၀ ရှိပါသည်။

လောဘမူဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄ ပါး၊ ကာမသောဘဏဉာဏဝိပ္ပယုတ်စိတ် ၁၂ ပါးဟူ၍ စုစုပေါင်း ဝိပ္ပယုတ်စိတ် ၁၆ ပါး ရှိပါသည်။
(အဟိတ်စိတ် ၁၈ ပါးတို့ကို သမ္ပယုတ်, ဝိပ္ပယုတ်ဟူ၍ မခွဲခြားပါ။)

***ကာမစိတ် ၅၄-ပါးတွင် အသင်္ခါရိကစိတ်နှင့် သသင်္ခါရိကစိတ်တို့ မည်မျှစီပါရှိကြသနည်း။**

အကုသိုလ်အသင်္ခါရိကစိတ် ၅-ပါး,သောဘဏအသင်္ခါရိကစိတ် ၁၂ ပါး ဟူ၍ အသင်္ခါရိကစိတ် ၁၇ပါးရှိပါသည်။
အကုသိုလ် သသင်္ခါရိကစိတ် ၅ ပါး,သောဘဏသသင်္ခါရိကစိတ် ၁၂ပါး ဟူ၍ သသင်္ခါရိကစိတ် ၁၇-ပါးရှိပါသည်။

(မောဟမူစိတ် ၂-ပါးနှင့် အဟိတ်စိတ် ၁၈-ပါးတို့ကို အသင်္ခါရိက ဟူ၍လည်း မဆိုသင့်၊ သသင်္ခါရိက ဟုလည်း မဆိုသင့်။ အသင်္ခါရိကနှင့် သသင်္ခါရိကတို့သည် စိတ်ထက်သန်မှုကို နှိုင်းယှဉ်ခြင်းဖြစ်၍ အသင်္ခါရိကနှင့် သသင်္ခါရိက နှစ်မျိုးလုံးရှိမှသာ နှိုင်းယှဉ်နိုင်၏။ တစ်မျိုးတည်းရှိလျှင်မနှိုင်းယှဉ်နိုင်ပါ။)

## ရူပါဝစရစိတ် ၁၅-ပါး

***ရူပါဝစရစိတ်တို့ကား အဘယ်မျှရှိသနည်း။**

(၁) **ရူပါဝစရကုသိုလ်စိတ် ၅-ပါး** (ရူပကုသိုလ်စိတ်)
(၂) **ရူပါဝစရဝိပါက်စိတ် ၅-ပါး** (ရူပဝိပါက်စိတ်)
(၃) **ရူပါဝစရကြိယာစိတ် ၅-ပါး** (ရူပကြိယာစိတ်)
ဟူ၍ ၁၅-ပါးရှိပါသည်။

သောတာပတ္တိမဂ်စိတ် ၅-ပါးရှိသည့်နည်းတူ သကဒါဂါမိမဂ်စိတ် ၅-ပါး၊ အနာဂါမိမဂ်စိတ် ၅-ပါး၊ အရဟတ္တမဂ်စိတ် ၅ ပါးရှိကြ၏။ စုစုပေါင်းသော် မဂ်စိတ်အကျယ် ၂၀ ကိုရရှိ၏။

## ဖိုလ်စိတ်အကျယ် ၂၀

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပထမဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် ၁-ပါး။

၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ, ဈာန်အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဒုတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိ ဖိုလ်စိတ် ၁-ပါး။

၃။ ပီတိ, သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါသုံးပါးနှင့် ပြည့်စုံသော တတိယဈာန်နှင့်ယှဉ်သည့် သောတာပတ္တိဖိုလ် စိတ် ၁-ပါး။

၄။ သုခ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော စတုတ္ထဈာန်နှင့် ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် ၁-ပါး။

၅။ ဥပေက္ခာ, ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော ပဥ္စမဈာန်နှင့် ယှဉ်သည့် သောတာပတ္တိဖိုလ်စိတ် ၁-ပါး။

သောတာပတ္တိဖိုလ်စိတ် ၅ ပါးရှိသည့် နည်းတူ သကဒါဂါမိဖိုလ်စိတ် ၅-ပါး၊ အနာဂါမိဖိုလ်စိတ် ၅ ပါး၊ အရဟတ္တဖိုလ်စိတ် ၅ ပါး ရှိကြ၏။ စုစုပေါင်းသော် ဖိုလ်စိတ်အကျယ် ၂၀ ကိုရ၏။

## လောကုတ္တရာစိတ်အကျယ်ကို သရုပ်ခွဲပုံ

**ဈာနဘေဒ(ဝါ) ဈာန်ဖြင့် သရုပ်ခွဲပုံ** မဂ်စိတ် ၂၀ တွင် ပထမဈာန်နှင့် ယှဉ်သည့် စိတ် ၄ ပါးရှိပြီး ဖိုလ်စိတ် ၂၀ တွင်လည်း ပထမဈာန်နှင့် ယှဉ်သော စိတ် ၄ ပါးရှိ၏။ သို့အတွက် ပထမဈာန်စိတ်ပေါင်း ၈ ပါးရှိ၏။

ထိုနည်းအတူ ဒုတိယဈာန်စိတ် ၈ ပါး၊ တတိယဈာန်စိတ် ၈ ပါး၊ စတုတ္ထဈာန်စိတ် ၈ ပါး၊ ပဥ္စမဈာန်စိတ် ၈ ပါး အသီးသီးရှိကြ၏။

**ဝေဒနာဘေဒ (ဝါ) ဝေဒနာဖြင့် သရုပ်ခွဲပုံ** လောကုတ္တရာ စိတ်အကျယ် ၄၀ တွင် ပါဝင်ကြသော ပထမ ဈာန် စိတ် ၈ ပါး, ဒုတိယဈာန်စိတ် ၈ ပါး,

၄။ ရုပ်, နာမ်, နိဗ္ဗာန်တို့သည် မည်သို့သော သဘော တရားများ ဖြစ်ကြသနည်း။

၅။ စိတ်သည် အာရုံကိုသိတတ်သော သဘောတစ်မျိုးတည်းသာဖြစ်ပါလျက် အဘယ်ကြောင့် အမျိုးမျိုး ကွဲပြားရသနည်း။

၆။ ဘူမိဘေဒအရ စိတ် ၄-မျိုး ကွဲပြားပုံကို ရှင်းပြပါ။

၇။ လောဘမူစိတ်များကို ဖော်ပြပါ။ ဤစိတ်တို့သည် မည်သည့်အခါ၌ ဖြစ်ပေါ်ကြသနည်း။

၈။ ဒေါသမူစိတ်များကို ဖော်ပြပါ။ ဤစိတ်တို့သည် မည်သည့်အခါ၌ ဖြစ်ပေါ်ကြသနည်း။

၉။ မောဟမူစိတ်တို့ကား အဘယ်နည်း။ အဘယ့်ကြောင့် ဤစိတ်တို့ကို အကုသိုလ်စိတ်၌ ထည့်သွင်းရသနည်း။

၁၀။ အကုသိုလ်စိတ် ၁၂-ပါးတို့ကို ရေတွက်ပြပါ။ ဤစိတ်တို့ကို ဝေဒနာအပေါ် အခြေခံ၍ သရုပ်ခွဲပြပါ။

၁၁။ အကုသလ ဝိပါက်စိတ်များကား အဘယ်နည်း။ ဤစိတ်တို့သည် လူတို့၌ ဖြစ်ပေါ်နိုင်ပါသလား။

၁၂။ အဟိတ်ကုသလ ဝိပါက်စိတ်များကို အဓိပ္ပာယ်နှင့်တကွဖော်ပြပါ။

၁၃။ မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်တို့သည် အဘယ့်ကြောင့် နှစ်မျိုးစီ ရှိကြသနည်း။ ဒွေပဉ္စဝိညာဏ် ၁၀-ကို ရှင်းပြပါ။

၁၄။ အဟိတ်ကြိယာစိတ်တို့ကို ဖော်ပြပါ။ ဤစိတ်တို့အနက် မည်သည့်စိတ်သည် ပုထုဇဉ် လူသားတို့၌ မဖြစ်ပေါ်နိုင်သနည်း။

၁၅။ မတင့်တယ်ကြသော အသောဘဏစိတ် မည်မျှရှိသနည်း။ အဘယ့်ကြောင့် မတင့်တယ်သနည်း။

၁၆။ ကာမသောဘဏစိတ်ပေါင်း မည်မျှရှိသနည်း။ ဤစိတ်တို့ကို အဘယ့်ကြောင့် တင့်တယ်သည်ဟု ဆိုရသနည်း။

၁၇။ ကံ-ကံ၏အကျိုးကိုသိ၍ ဝမ်းမြောက်စွာ ပေးကမ်းလှူဒါန်းသောသူ၌ မည်သည့်စိတ် ဖြစ်သနည်း။

၁၈။ သာယာသော သီချင်းသံကို ကြားရသည့်အခိုက်၌ မည်သည့်စိတ် ဖြစ်သနည်း။ ကြားရပြီးနောက် နှစ်သက်စွဲလမ်းမိလျှင် မည်သည့် စိတ် ဖြစ်သနည်း။

၁၉။ မနုစ်သက်ဖွယ်သော အကောင်ပုပ်တစ်ခုကို မြင်တွေ့ခိုက်၌မည်သည့် စိတ်ဖြစ်သနည်း။ မြင်ပြီးနောက် စက်ဆုပ်ရွံရှာခြင်း ဖြစ်လျှင် မည်သည့်စိတ် ဖြစ်သနည်း။

၂၀။ စိတ်ပျံ့လွင့်၍ ငေးမောနေသူ၌ မည်သည့်စိတ် ဖြစ်သနည်း။

၂၁။ သူတစ်ပါးတို့အား အတုမြင်၍ ဝတ်ကျေ၊ တန်းကျေ စေတီကို ကန်တော့နေသူ၌ မည်သည့်စိတ် ဖြစ်သနည်း။

၂၂။ ဈာန်, ဈာန်အင်္ဂါနှင့် ဈာန်စိတ်တို့ကို ရှင်းလင်းပြပါ။

၂၃။ ရူပါဝစရ ကုသိုလ်စိတ်တို့သည် မည်သို့သော ပုဂ္ဂိုလ်များ၌ဖြစ်ပေါ် ကြသနည်း။

၂၄။ ရူပဝိပါက်စိတ်များသည် အဘယ်ကြောင့် ၅-မျိုးကွဲပြားရသနည်း။

၂၅။ မဟာကြိယာစိတ်နှင့် ရူပကြိယာစိတ်တို့သည် မည်သို့ ကွာခြားကြ သနည်း။

၂၆။ မဟဂ္ဂုတ်စိတ်များကား အဘယ်နည်း။ အဘယ်ကြောင့် မဟဂ္ဂုတ် စိတ်ဟု ခေါ်ဆိုရသနည်း။

၂၇။ လောကီစိတ် မည်မျှရှိသနည်း။ အကျဉ်းချုပ် ရေတွက်ပြပါ။

၂၈။ လောကီစိတ်၌ သောမနဿစိတ်, ဥပေက္ခာစိတ်, ဒုက္ခသဟဂုတ် စိတ်နှင့် သုခသဟဂုတ်စိတ်တို့ မည်မျှစီရှိကြသနည်း။

၂၉။ 'မဂ်' နှင့် 'ဖိုလ်'တို့သည် ဘယ်အရာများကို ခေါ်ဆိုသနည်း။

၃၀။ မဂ်စိတ်နှင့် ဖိုလ်စိတ်တို့သည် အဘယ့်ကြောင့် ၄-မျိုးစီ ပြားရ သနည်း။

၃၁။ ပုထုဇဉ်လူသား၌ လောကုတ္တရာစိတ် ဖြစ်နိုင်သလော။ မည်သည့် အခါ၌ လောကုတ္တရာစိတ် ဖြစ်နိုင်သနည်း၊

၃၂။ စိတ်အကျဉ်း ၈၉-ပါးကို ဇာတ်အားဖြင့်သရုပ်ခွဲပြပါ။

၃၃။ စိတ်အကျယ် ၁၂၁-ပါးတွင် အကုသိုလ်စိတ် မည်မျှ, ကုသိုလ်စိတ် မည်မျှ, ဝိပါက်စိတ် မည်မျှ ပါရှိကြသနည်း။

၃၄။ ဈာန်စိတ်ပေါင်း မည်မျှရှိသနည်း။ ပထမဈာန်စိတ်မည်မျှ, ဒုတိယ ဈာန်စိတ် မည်မျှ, တတိယဈာန်စိတ် မည်မျှ ပါရှိကြသနည်း။

၃၅။ အကုသိုလ်စိတ်နှင့် အဟိတ်စိတ်တို့မှ ကြွင်းသော သောဘဏစိတ် တို့ကို ရေးသားဖော်ပြပါ။ (၁၉၈၁)

၃၆။ ရိုးရိုးလူတို့၏စိတ်ထက် ထူးခြားသော မဟဂ္ဂုတ် ဈာန် စိတ်ပေါင်း မည်မျှရှိသည်ကို ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၈၁)

၃။ စေတသိက်စုစုပေါင်း မည်မျှရှိသနည်း။ ၎င်းတို့အနက် အညသမာန်း စေတသိက်များကို ဖော်ပြပါ။

၄။ သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့ကား အဘယ်နည်း။ ဤစေတသိက်များသာ ယှဉ်သောစိတ်များကို ဖော်ပြပါ။

၅။ အောက်ပါစေတသိက်တို့၏ သဘောများကိုရှင်းပြပါ။ ဖဿ၊ သညာ၊ စေတနာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ ဆန္ဒ။

၆။ ဝီရိယ၏သဘောကိုရှင်းပြပါ။ဝီရိယစေတသိက်သည် အကုသိုလ်စိတ်များ၌ လည်းကောင်း၊ ကုသိုလ်စိတ်များ၌လည်းကောင်း၊ ယှဉ်နိုင်ပါသလား။ အဘယ့်ကြောင့်နည်း။

၇။ ဝိတက်၊ စေတနာနှင့် မနသိကာရတို့၏ ခြားနားပုံကို ရှင်းပြပါ။

၈။ ဝိတက်ယှဉ်၍ ဝိစာရမယှဉ်သော စိတ်ရှိပါသလား။ ရှိလျှင် ဖော်ပြပါ။

၉။ ဝိစာရယှဉ်၍ ဝိတက်မယှဉ်သောစိတ် ရှိပါသလား။ ရှိလျှင် ဖော်ပြပါ။

၁၀။ ဝိတက်ဝိစာရ နှစ်ပါးစုံ ယှဉ်ကြသော စိတ် မည်မျှရှိသနည်း။

၁၁။ ဝိတက်နှင့်ဝိစာရနှစ်ပါးစုံ မယှဉ်ကြသော စိတ်မည်မျှရှိသနည်း။

၁၂။ အဓိမောက္ခယှဉ်ပြီး ဝိစာရ မယှဉ်သော စိတ်များကား အဘယ်နည်း။

၁၃။ ဝီရိယယှဉ်ပြီး အဓိမောက္ခ မယှဉ်သော စိတ်ကားအဘယ်နည်း။

၁၄။ ပီတိယှဉ်ပြီး ဆန္ဒမယှဉ်သောစိတ်များကား အဘယ်နည်း။

၁၅။ ဆန္ဒယှဉ်ပြီး ပီတိမယှဉ်သောစိတ်များကား အဘယ်နည်း။

၁၆။ ပီတိနှင့် ဆန္ဒတို့နှစ်ပါးစုံ ယှဉ်ကြသော စိတ်များကား အဘယ်နည်း။

၁၇။ ပီတိနှင့် ဆန္ဒတို့ နှစ်ပါးစုံမယှဉ်ကြသော စိတ်များကား အဘယ်နည်း။

၁၈။ ပကိဏ်းစေတသိက် ၆ ပါးစလုံး တစ်ပြိုင်တည်း ယှဉ်နိုင်ကြသော စိတ်အရေအတွက် မည်မျှရှိသနည်း။

၁၉။ အကုသိုလ်စေတသိက် မည်မျှရှိသနည်း။ ရေတွက်ပြပါ။

၂၀။ အောက်ပါစေတသိက်တို့၏ လိုရင်းအဓိပ္ပာယ်ကို ဖော်ပြပါ။

(က) ဣဿာ၊ (ခ) ကုက္ကုစ္စ၊ (ဂ) ဒိဋ္ဌိ၊
(ဃ) မောဟ၊ အဟိရိက၊ (စ) ဥဒ္ဓစ္စ။

၂၁။ အောက်ပါ သဘောအသီးသီးရှိကြသော စေတသိက်တို့၏ အမည်များကို ဖော်ပြပါ။

(က) အာရုံကို တွေ့ထိခြင်းသဘော၊
(ခ) အာရုံကို မှတ်သားခြင်းသဘော၊
(ဂ) အာရုံကို သုံးသပ်ခြင်းသဘော၊
(ဃ) အာရုံကို နှစ်သက်ခြင်းသဘော၊
(င) အာရုံကို ဆုံးဖြတ်ခြင်းသဘော၊
(စ) ထောင်လွှားတက်ကြွခြင်း သဘော၊
(ဆ) မနာလို ငြူစူခြင်းသဘော၊
(ဇ) နှမြော တွန့်တိုခြင်းသဘော၊
(ဈ) ကာမဂုဏ်အာရုံကို လိုချင်တပ်မက်ခြင်းသဘော၊
(ည) စိတ်၏အမှု၌ လေးလံထိုင်းမှိုင်းခြင်းသဘော၊

၂၂။ မောဟယှဉ်ပြီး လောဘမယှဉ်သောစိတ် မည်မျှရှိသနည်း။

၂၃။ လောဘယှဉ်ပြီးဒေါသမယှဉ်သောစိတ်များကား အဘယ်နည်း။

၂၄။ မောဟနှင့် ဒေါသနှစ်ပါးစုံယှဉ်ကြသော စိတ်များကား အဘယ်တို့နည်း။

၂၅။ လောဘနှင့်ဒေါသ နှစ်ပါးစုံ ယှဉ်ကြသောစိတ်များ ရှိပါသလား၊ အကြောင်းပြပါ။

၂၆။ ဒိဋ္ဌိနှင့်မာနတို့သည် မည်သည့်စိတ်များ၌ အသီးသီး ယှဉ်ကြသနည်း။ ၎င်းတို့သည် အဘယ့်ကြောင့် အတူတကွ မယှဉ်ကြသနည်း။

၂၇။ ဣဿာနှင့် မစ္ဆရိယစိတ်တို့သည် တစ်ပြိုင်တည်းယှဉ်နိုင်ကြပါသလား။ ၎င်းတို့သည်မည်သည့်စိတ်များ၌ မည်သို့ယှဉ်ကြသနည်း။

၂၈။ ထိနနှင့်မိဒ္ဓတို့သည် မည်သည့်စိတ်များ၌ ယှဉ်ကြသနည်း။ ၎င်းတို့သည် သောဘဏစိတ်များ၌ ယှဉ်နိုင်ကြပါသလား။ အဘယ့်ကြောင့်နည်း။

၂၉။ သောဘဏ သာဓာရဏစေတသိက် မည်မျှရှိသနည်း။ ၎င်းတို့အနက် ၅ ပါးတို့၏ အမည်များကို သဘောအဓိပ္ပာယ်နှင့်တကွ ရေးပြခဲ့ပါ။

၃၀။ ဝိရတိစေတသိက်တို့ကား အဘယ်နည်း။ ၎င်းတို့သည် မည်သည့်စိတ်များ၌ မည်သို့ယှဉ်ကြသနည်း။

၃၁။ အပ္ပမညာစေတသိက်တို့ကား အဘယ်နည်း။ ၎င်းတို့သည် မည်သည့်အခါ၌ မည်သည့်စိတ်များ၌ ယှဉ်ကြသနည်း။

၃၂။ ပညာစေတသိက်ဟူသည်ကား အဘယ်နည်း။ ၎င်းစေတသိက်သည် မည်သည့်စိတ်များတွင် ယှဉ်နိုင်သနည်း။

၃၃။ သောဘဏစိတ်များ၌ အနည်းဆုံးဟိတ် မည်မျှယှဉ်ပါသနည်း။ ဟိတ်သုံးပါးယှဉ်သော စိတ်များကား အဘယ်နည်း။

၃၄။ စေတသိက်များကို နိယတယောဂီနှင့် အနိယတယောဂီအဖြစ် ခွဲခြားပြပါ။

၃၅။ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့၏ နာနာကဒါစိ ဖြစ်ပုံကို ရှင်းပြပါ။

၃၆။ အောက်ပါစိတ်အသီးသီးတို့နှင့် ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။

(က) လောဘမူ ပထမ အသင်္ခါရိကစိတ်၊
(ခ) လောဘမူ ဒုတိယသသင်္ခါရိကစိတ်၊
(ဂ) ဒေါသမူ အသင်္ခါရိကစိတ်၊
(ဃ) ဝိစိကိစ္ဆာသဟဂုတ်စိတ်၊
(င) စက္ခုဝိညာဏ်စိတ်၊
(စ) ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ်၊
(ဆ) သောမနဿ သန္တီရဏစိတ်၊
(ဇ) မနောဒွါရာဝဇ္ဇန်းစိတ်၊
(ဈ) မဟာကုသိုလ် ပထမဒွေ၊
(ည) မဟာဝိပါက် တတိယဒွေ၊
(ဋ) မဟဂ္ဂုတ် ပထမဈာန်စိတ်၊
(ဌ) လောကုတ္တရာ ပဥ္စမဈာန်စိတ်၊

၃၇။ ကံ-ကံ၏အကျိုးကိုယုံကြည်၍ ဝမ်းမြောက်ရွှင်လန်းစွာ ဘုရားရှိခိုးနေသူ၏ သန္တာန်၌ မည်သည့်စိတ်နှင့် စေတသိက်များ ဖြစ်ပေါ်နေသနည်း။

၃၈။ ကံ-ကံ၏အကျိုးကိုမသိနားမလည်သော်လည်း မိဘများနှင့်အတူ ပျော်ရွှင်စွာ ဘုရားဝတ်ပြုနေသော ကလေးငယ်၏ သန္တာန်၌ မည်သည့်စိတ်စေတသိက်များ ဖြစ်ပေါ်သနည်း။

၃၉။ သူတစ်ပါးတို့အလှူဒါနပြု၍ အမျှဝေသည့်အခါ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာပြုသူ၏ သန္တာန်၌ မည်သည့် စိတ်စေတသိက်များဖြစ်ပေါ်သနည်း။ ဝမ်းသာ ဝမ်းနည်းခြင်း မဖြစ်ဘဲ သူတစ်ပါး သာဓုခေါ်သည့်အတိုင်းလိုက်၍ သာဓုခေါ်သူ၏ သန္တာန်၌ မည်သည့် စိတ်စေတသိက်များ ဖြစ်ပေါ်သနည်း။

၄၀။ စာမေးပွဲရှုံးသဖြင့် ဝမ်းနည်းနေသောသူ၏ သန္တာန်၌ မည်သည့် စိတ်စေတသိက်များ ဖြစ်ပေါ်နေသနည်း။

၄၁။ ရန့်ရင်းကြမ်းတမ်းစွာဆဲရေးတိုင်းထွာနေသူ၏ သန္တာန်၌ မည်သည့်စိတ်စေတသိက်များ ဖြစ်ပေါ်နေပါသနည်း။

၄၂။ သူတစ်ပါးကြီးပွားချမ်းသာသည်ကို မနာလိုမရှုဆိတ်သောသူ၏ သန္တာန်၌ မည်သည့်စိတ်စေတသိက်များ ဖြစ်ပေါ်နေသနည်း။

၄၃။ သူတစ်ပါး ကြီးပွားချမ်းသာသည်ကို ဝမ်းမြောက် ဝမ်းသာ ဖြစ်သောသူ၏ သန္တာန်၌ မည်သည့်စိတ်စေတသိက်များ ဖြစ်ပေါ်နေပါသနည်း။

၄၄။ အလှူခံပုဂ္ဂိုလ် ရောက်လာသော်လည်း မလှူဒါန်းလိုသူ၏ သန္တာန်၌ မည်သည့် စိတ်စေတသိက်များ ဖြစ်ပါသနည်း။

၄၅။ ဘုရား၊ တရား၊ သံဃာတို့အပေါ်တွင်ယုံမှားသံသယဖြစ်နေသောသူ၏သန္တာန်၌ မည်သည့်စိတ်စေတသိက်များ ဖြစ်ပါသနည်း။

၄၆။ လက်ပတ်နာရီ လှလှကလေးကိုမြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး လိုချင်နေသောသူ၏ သန္တာန်၌ မည်သည့်စိတ်စေတသိက်များ ဖြစ်ပါသနည်း။

၄၇။ ရဟန္တာအရှင်မြတ်များတို့က စေတီပုထိုးဘွင် ရေလှူ ပန်းကပ်သည့်အခါ မည်သည်စိတ်စေတသိက်များ ဖြစ်ပါ...

၄၀။ ပုထုဇဉ် ပုဂ္ဂိုလ်တစ်ဦးက သမထ ဘာဝနာပွားများ၍ ပထမ ဈာန်ဖြစ်ပေါ်လာသည့်အခါ ထိုသူ၏သန္တာန်၌ မည်သည့်စိတ် စေတသိက်များ ဖြစ်ပေါ်သနည်း။

၄၉။ ဈာန်မရသေးသည့်ယောဂီတစ်ဦးက ဝိပဿနာ ပွားများအား ထုတ်၍ ပထမအကြိမ် မဂ်ဆိုက်သည့်အခါ ထိုသူ၏ သန္တာန်၌ မည်သည့်စိတ်စေတသိက်များ ဖြစ်ပေါ်သနည်း။

၅၀။ မိမိမြတ်နိုးသော ပစ္စည်းရတနာပျောက်ဆုံးသွားသဖြင့် ဝမ်း နည်းနေသူသည် ထိုဝမ်းနည်းမှု ပပျောက်သွားအောင် မည်သို့ လုပ်ဆောင်သင့်သနည်း။

၅၁။ မတရား ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံနေရသဖြင့် မခံမရပ်နိုင် အောင် ဒေါသဖြစ်နေသောသူသည် ထိုသို့ဒေါသမဖြစ်အောင် မည်သို့လုပ်ဆောင်သင့်သနည်း။

၅၂။ ပျင်းရိငိုက်မျဉ်းတတ်သောလူတစ်ယောက်သည် ပျင်းရိငိုက်မျဉ်း မှု လျော့ပါးသွားအောင် မည်သို့ ကျင့်ကြံ အားထုတ်သင့် သနည်း။

၅၃။ အောက်ပါစေတသိက်တို့၏ အမည်များကို ရေးသားဖော်ပြပါ၊

(က) မည်သည့်အခါမျှ မရောင့်ရဲစေသော စေတသိက်၊
(ခ) ခန္ဓာငါးပါးကို 'ငါ'ဟု စွဲလမ်းစေသောစေတသိက်။
(ဂ) ငါအတော်ဆုံးဟု ဘဝင်မြင့်စေသော စေတသိက်၊
(ဃ) မြွေဟောက်ကဲ့သို့ကြမ်းတမ်းခက်ထန်သောစေတသိက်၊
(င) စကြဝတေးမင်း၏ ပတ္တမြားရတနာနှင့် တူသော စေတသိက်၊
(စ) တံခါးစောင့်နှင့်တူသော စေတသိက်၊
(ဆ) ရထားထိန်းနှင့်တူသော စေတသိက်၊
(ဇ) အမျိုးသမီးကောင်းနှင့်တူသော စေတသိက်၊
(ဈ) ပြည့်တန်ဆာမနှင့်တူသော စေတသိက်၊
(ည) ကိလေသာမှ လွတ်ပြီးသော ရဟန်းနှင့်တူသော စေတသိက်၊

၅၄။ အောက်ပါတရားတို့၏ တရားကိုယ်များကို ထုတ်ပြပါ။

(က) အကုသိုလ်ကို ဖြစ်စေသော မူလတရား ၃-ပါး၊

(ခ) သံသရာကို ချုပ်ထွင်တတ်သော ပဋ္ဌတရား ၃-ပါး၊

(ဂ) လောကကို စောင့်ရှောက်သော လောကပါလတရား ၂-ပါး၊

(ဃ) ပျင်းရိငိုက်မျဉ်းစေသော တရား ၂-ပါး၊

(င) မြဟ္မာစိုရ်တရား ၄-ပါး၊

၅၅။ အောက်ပါစေတသိက်များ၏အမည်တို့ကို ဖော်ပြပါ။

(က) အာရုံကို နှစ်သက်ခြင်းသဘောရှိသော စေတသိက်၊

(ခ) မှားသောအားဖြင့် နှလုံးသွင်းခြင်း သဘောရှိသော စေတသိက်၊

(ဂ) စိတ်၏ ငြိမ်းခြင်းသဘောရှိသော စေတသိက်၊ (၁၉၈၁)

၅၆။ ဘုရားရှိခိုးသောအခါ ဖြစ်သော ကုသိုလ်စိတ်၌ စေတသိက်ပေါင်း မည်မျှယှဉ်နိုင်ပါသနည်း။ (၁၉၈၁)

၅၇။ အမှားအမှန် ဝေဖန်တွေးတော ယုံမှားနေသော ဝိစိကိစ္ဆာစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။ (၁၉၈၁)

၅၈။ ပန်းတစ်ပွင့်ကို မြင်သောအခါဖြစ်သော စက္ခုဝိညာဏ်စိတ်၌ ယှဉ်သော စေတသိက်တို့ကို ရေးပါ။ (၁၉၈၁)

၅၉။ စိတ်၌ဖြစ်၍ စိတ်ကိုခြယ်လှယ်တတ်သော သဘောတရားများကို မည်သို့ခေါ်ပါသနည်း။ ယင်းသဘောတရားပေါင်း မည်မျှရှိပါသနည်း။ ဖော်ပြပါ။ (၁၉၈၃)

၆၀။ စကားပြောရာတွင် ပါဝင်တတ်သော စေတနာ၊ မာန၊ ဒေါသ၊ သတိ၊ ပညာဟူသော စကားလုံးတို့၏ မြန်မာလို အဓိပ္ပာယ်ကို ဖော်ပြပါ။ (၁၉၈၃)

၆၁။ မနာလိုခြင်း၊ ဝန်တိုခြင်း၊ လက္ခဏာရှိသော သဘောတရားများသည် မည်သည့်စေတသိက်များ ဖြစ်ပါသနည်း။ ယင်းစေတသိက်များသည် မည်သည့်စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း။ ဖော်ပြပါ။ (၁၉၈၃)

၆၂။ မြတ်စွာဘုရားသခင် ပြုံးရွှင်တော်မူသောအခါ ဖြစ်ပေါ်သည့် ဟသိတုပ္ပါဒ်စိတ်၌ ယှဉ်သော စေတသိက်တို့ကို ဖော်ပြပါ။ (၁၉၈၃)

၆၃။ လူတို့ နေ့စဉ်ပြောဆိုကြရာတွင် ပါဝင်သော ဝေဒနာ၊ ဝီရိယ၊ ဣဿာ၊ မစ္ဆရိယ၊ သဒ္ဓါဟူသော စကားငါးလုံး၏ ဆိုလိုရင်း အဓိပ္ပာယ်ကို မြန်မာလိုဖော်ပြပါ။ (၁၉၇၄)

၆၄။ သူတစ်ပါး ဆင်းရဲဒုက္ခ ရောက်နေသည်ကိုမြင်၍ သနားခြင်း လက္ခဏာရှိသော ကရုဏာစေတသိက်သည် မည်သည့်စိတ်များ နှင့် ယှဉ်၍ ဖြစ်နိုင်ပါသနည်း။ ရေတွက်ပြပါ။ (၁၉၇၄)

၆၅။ သီချင်းသံ ကြားသောအခါ ဖြစ်သောစိတ်၌ ယှဉ်နိုင်သော စေတသိက်များကို ဖော်ပြပါ။ (၁၉၇၄)

၆၆။ သောမနဿသဟဂုတ်လက်ဖက်က သုံးလေးလုတ်၊ ကြက်သွန် ကြော်များများနှင့် ဗိုက်ကားအောင် တုတ်ပြီးလျှင် ဆိုသော စာချိုးအရ စိတ်(၇၉)ပါးတို့တွင် သောမနဿသဟဂုတ် စိတ် ပေါင်း မည်မျှရှိသည်ကို ရေတွက်ပြပါ။ (၁၉၇၄)

၆၇။ မိမိမိတ်ဆွေ၏ ပစ္စည်းကို ခိုးယူပြီးခါမှ 'ငါမှားလေစွ'ဟု နောင်တရမှုသည် မည်သည့်စေတသိက် ဖြစ်ပါသနည်း။ ၎င်း စေတသိက်တို့သည် မည်သည့်စိတ်နှင့် ယှဉ်တွဲဖြစ်ပါသနည်း။ (၁၉၇၅)

၆၈။ အောက်ပါ စကားငါးလုံးတို့၏ ဆိုလိုရင်းအဓိပ္ပာယ်ကို အဘိ ဓမ္မာ သဘာဝဆိုက်အောင် ရေးသားပါ။

(က) အဟိရိက (ခ) အနောတ္တပ္ပ (ဂ)သညာ (ဃ) ပီတိ (င) သမ္မာဝါစာ။ (၁၉၇၅)

၆၉။ အဆင်းလှ၍ မာနကြီးသူတစ်ဦးအား မာနသည် အမြဲတမ်း နေပါသလော၊ ဖြစ်သောအခါ မည်သည့်စိတ်နှင့် ယှဉ်၍ ဖြစ်ပါသနည်း။ (၁၉၇၅)

၇၀။ ဖဿ, မနသိကာရ, အဓိမောက္ခ, ဆန္ဒ, သမ္မာအာဇီဝ စေတ သိက်တို့၏ အဘိဓမ္မာသဘော လက္ခဏာကို မြန်မာဘာသာဖြင့် ရေးပါ။ (၁၉၇၆)

၇၁။ စာကျက်နေစဉ် ဖြစ်ပေါ်လာတတ်သော ပျင်းရိငေးမောခြင်း, တွေဝေထိုင်းမှိုင်းခြင်းတို့သည် အဘယ်စေတသိက်တို့၏ သဘော လက္ခဏာများဖြစ်ပါသနည်း၊ ယင်းစေတသိက်တို့သည် အဘယ် စိတ်များနှင့် ယှဉ်တွဲဖြစ်ပါသနည်း၊ အသီးအသီးဖြေဆိုပါ။ (၁၉၇၆)

၄။ သောမနဿ ဝေဒနာသည် သောမနဿ သဟဂုတ်စိတ် ၆၂-ပါးတို့၌ ယှဉ်ကြ၏။ ဤစိတ်တို့၌ မယှဉ်ကြသည့် စေတသိက်များမှာ ဒေါသမူ၌သာ ယှဉ်ကြသော ဒေါစတုတ် ၄-ပါးနှင့် ဝိစိကိစ္ဆာသဟဂုတ် စိတ်၌သာ ယှဉ်သည့် ဝိစိကိစ္ဆာစေတသိက်တို့ဖြစ်ကြ၏။ သို့အတွက် ဤစေတသိက် ၅-ပါးနှင့် ဝေဒနာစေတသိက်တို့ကိုကြဉ်၍ ကြွင်းသည့်စေတသိက် ၄၆-ပါးတို့သည် သောမနဿဝေဒနာ၏ ယှဉ်ဖက်များ ဖြစ်ကြ၏။

၅။ ဥပေက္ခာဝေဒနာသည် ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါးတို့၌ ယှဉ်၏။ ဒေါသမူဒွေ၌သာ ယှဉ်ကြသော ဒေါစတုတ် ၄ ပါးနှင့် သောမနဿ သဟဂုတ်စိတ်တို့၌သာ ယှဉ်သည့်ပီတိတို့သည် ဥပေက္ခာသဟဂုတ်စိတ်တို့၌ မယှဉ်ကြချေ။ သို့အတွက် ဤစေတသိက် ၅-ပါးနှင့် ဝေဒနာစေတသိက်တို့ကို ကြဉ်၍ ကြွင်းသော စေတသိက် ၄၆-ပါးတို့သည် ဥပေက္ခာဝေဒနာ၏ ယှဉ်ဖက်များ ဖြစ်ကြ၏။

## ဟေတုသင်္ဂဟ

"ဟေတု"ဟူသော ပါဠိသဒ္ဒါကို "ဟိတ်"ဟု မြန်မာမှုပြုထား၏။ ဟိတ် ၆-ပါးရှိ၏။ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသနှင့်အမောဟတို့ ဖြစ်ကြ၏။

သစ်ပင်၏အမြစ်သည် သစ်ပင်ကို မြေပေါ်၌ ခိုင်မြဲစွာ တည်နေစေသကဲ့သို့ ဟိတ်တရားတို့သည် စိတ်စေတသိက်တို့ကို အာရုံ၌ တည်မြဲစေကြ၏။

ဟိတ်အပေါ် အခြေခံ၍ စိတ်စေတသိက်တို့ကို ပေါင်းစုရေတွက်ခြင်းကို"ဟေတု သင်္ဂဟ"ဟု ခေါ်၏။

## အဟိတ်စိတ်နှင့် သဟိတ်စိတ်များ

ဟိတ်မရှိသောစိတ်များကို အဟိတ်စိတ်များဟုခေါ်၏။ စိတ်ပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း အဟိတ်စိတ် ၁၈-ပါးရှိ၏။ အကုသလဝိပါက်စိတ် ၇-ပါး, အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးနှင့် အဟိတ်ကြိယာ ၃-ပါးတို့ ဖြစ်ကြ၏။ ဤစိတ်တို့၌ ယှဉ်ကြသော စေတသိက်များကို ဆန်းစစ်ကြည့်လျှင် ဟိတ်တရားတစ်ခုမျှ မပါဝင်သည်ကို တွေ့ရပေမည်။

ဟိတ်ပါဝင်သော စိတ်များကို သဟိတ်စိတ်များဟုခေါ်၏။ သဟိတ်စိတ် အရေအတွက်မှာ ၈၉-၁၈-၇၁ ဖြစ်၏။ ဤစိတ်တို့ကို ဟိတ် ၁-ပါး, ၂-ပါး သို့မဟုတ် ၃-ပါးပါရှိသည်ကိုအကြောင်းပြု၍ ၃-မျိုးထပ်မံခွဲခြားနိုင်၏။

## လေ့ကျင့်ရန် မေးခွန်းများ

၁။ ဝေဒနာကို ၃ မျိုး တစ်နည်း၊ ၅–မျိုးတစ်နည်း ခွဲခြားပြပါ။

၂။ ဝေဒနာ ၅–မျိုးတို့သည် မည်သည့်စိတ်များ၌ အသီးသီး ယှဉ်ကြသနည်း။

၃။ ကုသိုလ်ဟိတ်၊ အကုသိုလ်ဟိတ်၊ အဗျာကတဟိတ်တို့ မည်မျှစီ ရှိကြသနည်း။

၄။ အဟိတ်စိတ်နှင့် အဟိတ်စေတသိက်တို့ မည်မျှစီရှိကြသနည်း။ ရေတွက်ပြပါ။

၅။ သဟိတ်စိတ် မည်မျှရှိသနည်း။ ၎င်းတို့အနက် ဧကဟိတ်စိတ်၊ ဒွိဟိတ်စိတ်၊ တိဟိတ်စိတ် မည်မျှစီ ပါရှိကြသနည်း။

၆။ ဒွိဟိတ်စိတ်များနှင့် တိဟိတ်စိတ်များကို ခွဲခြား၍ဖော်ပြပါ။

၇။ ဧကဟိတ်စေတသိက်၊ ဒွိဟိတ်စေတသိက်၊ တိဟိက်စေတသိက် မည်မျှစီရှိကြသနည်း၊

၈။ စိတ်တို့ လုပ်ဆောင်ကြသော ကိစ္စများကို အဓိပ္ပာယ်များနှင့်တကွ ဖော်ပြပါ။

၉။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်ကြသောစိတ်များ မည်မျှရှိသနည်း။ ဖော်ပြပါ။

၁၀။ အာဝဇ္ဇန်းကိစ္စ၊ သန္တီရဏကိစ္စ၊ ဝုဋ္ဌောကိစ္စ၊ တဒါရုံကိစ္စတို့ကို အသီးသီး ဆောင်ရွက်ကြသည့်စိတ်များကို ဖော်ပြပါ။

၁၁။ ဇောကိစ္စဟူသည်ကား အဘယ်နည်း။ ဇောကိစ္စတပ်သောစိတ် မည်မျှရှိသနည်း။ ကာမဇောစိတ်များ, အပ္ပနာဇောစိတ်များကို ခွဲခြားပြပါ။

၁၂။ စိတ်တို့အမှုကိစ္စဆောင်ရွက်ရာ နေရာဌာန မည်မျှရှိသနည်း။ ဌာနတစ်ခုစီ၏ တရားကိုယ်ကို ကောက်ပြပါ။

၁၃။ ကိစ္စလေးရပ်ကို ဆောင်ရွက်ကြရသော စိတ်များနှင့် ကိစ္စ ၅ ရပ်ကို ဆောင်ရွက်ကြရသောစိတ်တို့ကား အဘယ်စိတ်များ ဖြစ်ကြသနည်း။

၁၄။ ဒွါရအပြား မည်မျှရှိသနည်း။ ဒွါရတစ်မျိုးစီ၏ တရားကိုယ်ကို ကောက်ပြပါ။

၁၅။ စက္ခုပသာဒကို စက္ခုဒွါရဟု အဘယ့်ကြောင့်ခေါ်ရသနည်း။ စက္ခုဒွါရ၌ဖြစ်နိုင်သောစိတ်များကို ရေတွက်ပြပါ။

၁၆။ သောတပသာဒကို အဘယ့်ကြောင့် သောတဒွါရဟု ခေါ်ရသနည်း။ သောတဒွါရ၌ ဖြစ်နိုင်သောစိတ်များကို ရေတွက်ပြပါ။

၁၇။ မနောဒွါရဟူသည်ကား အဘယ်နည်း။ မနောဒွါရ၌ ဖြစ်နိုင်သော စိတ်များကို သင်္ဂြိုဟ်ထောက်၍ သရုပ်ကောက်ပြပါ။

၁၈။ ဒွါရတစ်ခုတည်း၌ ဖြစ်နိုင်သောစိတ်များ၊ ၅-ဒွါရ၌ ဖြစ်နိုင်သောစိတ်များနှင့် ၆-ဒွါရ၌ ဖြစ်နိုင်သောစိတ်များကို ဖော်ပြပါ။

၁၉။ ပဉ္စဒွါရတို့၌ ဖြစ်နိုင်သောစိတ်များကို ဒွါရစိတ်အလိုက် ရေတွက်ပြပါ။ ၅-ဒွါရလုံး၌ ဖြစ်နိုင်ကြသောစိတ် စုစုပေါင်းမည်မျှရှိသနည်း။

၂၀။ ဒွါရဝိမုတ်စိတ်တို့ကို ဖော်ပြပါ။ ဤစိတ်တို့သည် အဘယ်ကြောင့် ဒွါရနှင့်ကင်း၍ ဖြစ်ပေါ်နိုင်ကြသနည်း။

၂၁။ ပဉ္စရုံဟူသည်ကား အဘယ်နည်း။ တရားကိုယ်များကို ကောက်ပြပါ။

၂၂။ ဓမ္မာရုံဟူသည်ကား အဘယ်နည်း။ မည်သို့သော အာရုံသည် အချိန်ကာလမှ လွတ်မြောက်သနည်း။

၂၃။ စက္ခုဒွါရိကစိတ်၊ သောတဒွါရိကစိတ်နှင့် မနောဒွါရိကစိတ်တို့သည် မည်သို့သောအာရုံများကို အသီးသီး အာရုံပြုကြသနည်း။

၂၄။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်တို့သည် မည်သည့်အာရုံကို အာရုံပြုကြသနည်း။

၂၅။ ကာမအာရုံကိုသာ ယူနိုင်သောစိတ်များ၊ မဟဂ္ဂုတ်အာရုံကိုသာယူကြသောစိတ်များ၊ ပညတ်ကိုသာ အာရုံပြုကြသောစိတ်များနှင့် နိဗ္ဗာန်ကိုသာ အာရုံပြုကြသောစိတ်များ အသီးသီးဖော်ပြပါ။

၂၆။ ဝတ္ထုသင်္ဂဟ၌ ဝတ္ထုမည်မျှရှိသနည်း။ ဝတ္ထုတစ်ခုစီ၏ တရားကိုယ်ကို ကောက်ပြပါ။

၂၇။ ဟဒယဝတ္ထုနှင့်မနောဒွါရတို့သည် တူညီကြပါသလား။ အကြောင်းပြ၍ ဖြေဆိုပါ။

၂၈။ ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ အသီးသီး၌ ဝတ္ထုမည်မျှစီရနိုင်သနည်း။

၂၉။ ဝိညာဏဓာတ် ၇-ပါးတို့ကို တရားကိုယ်များနှင့်တကွ ဖော်ပြပါ။

၃၀။ အဘယ်စိတ်များကို 'ပဉ္စဝိညာဏဓာတ်'ဟု ခေါ်သနည်း။ အဘယ်စိတ်များကို 'မနောဓာတ်'ဟု ခေါ်သနည်း။ အဘယ်စိတ်များကို 'မနောဝိညာဏဓာတ်'ဟု ခေါ်သနည်း။

၃၁။ ကာမဘုံ၌ မည်သည့်စေတနာဒို့ မည်သည့်ဝတ္ထုများကို ရနိုင်သနည်း။ ရူပဘုံ၌ မည်သည့်စေတနာဒို့ မည်သည့်ဝတ္ထုများကို ရနိုင်သနည်း။ အရူပဘုံ၌ မည်သည့်စေတနာဒို့ မည်သည့်ဝတ္ထုများကို ရနိုင်သနည်း။

၃၂။ အောက်ပါအခါတို့၌ မည်သည့် ဝေဒနာများ ဖြစ်ပါသနည်း။

(က) ထန်းလျက်ကို စားသောအခါ၊

(ခ) လက်ကို မီးလောင်သောအခါ။ (၁၉၈၁)

၃၃။ လူ၌ရှိသော ဒွါရခြောက်ပါးတို့ကို ရေတွက်ဖော်ပြ၍ စက္ခုဒွါရ၌ ဖြစ်သောစိတ်များကို သချာမျှ ဖော်ပြခဲ့ပါ။ (၁၉၈၁)

၃၄။ လူ၌ရှိသော ဝိညာဏစေတ် ၇-မျိုးတို့ကို ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၈၁)

၃၅။ အောက်ပါအဘိဓမ္မာ သိဖွယ်ရာတို့ကို ဖော်ပြပါ။

(က) ခံစားချက်ဝေဒနာသုံးမျိုး၊

(ခ) အကုသိုလ် ဟိတ်သုံးမျိုး၊

(ဂ) အဗျာကတဟိတ်သုံးမျိုး၊ (၁၉၈၃)

၃၆။ မနောဒွါရ၌ ဖြစ်သောစိတ်များကို ရေတွက်ဖော်ပြပါ။ (၁၉၈၃)

၃၇။ ဓမ္မာရုံဟူသည် မည်သည့်တရားမျိုး ဖြစ်ပါသနည်း။ ရုပ်သည် ဓမ္မာရုံ ဖြစ်နိုင်ပါသလော၊ ရှင်းလင်းဖြေဆိုပါ။ (၁၉၈၃)

၃၈၊ လျှင်မြန်စွာပြေးသော ယောကျ်ားကဲ့သို့ အရှိန်အဟုန် လျှင်မြန်စွာ ဖြစ်သောဇောစိတ်မည်မျှရှိသည်ကို ဖော်ပြပြီးလျှင် ကုသိုလ်၊ အကုသိုလ်၊ ကြိယာအားဖြင့်လည်း ခွဲခြားဖော်ပြပါ။ (၁၉၈၄)

၃၉။ စက္ခုစသော ဒွါရခြောက်ပါးတို့၌ မဖြစ်သောစိတ်များကို ရေတွက် ဖော်ပြပါ။ (၁၉၈၄)

၄၀။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ဟူသော အာရုံငါးပါးလုံးကို အာရုံပြုနိုင်သောစိတ်များကို မှန်ကန်စွာဖော်ပြပါ။ (၁၉၈၄)

၄၁။ လူ့ဘဝ၌ လူသားတစ်ဦးအနေဖြင့် ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်နိုင်သော စိတ်တို့ကို ရနိုင်သမျှရေတွက် ဖော်ပြခဲ့ပါ။ (၁၉၈၅)

၄၂။ လူသားတစ်ဦးအတွက် တစ်နေ့တာ အတွင်း ခံစားရနိုင်သမျှသော ဝေဒနာတို့ကို ကုန်စင်အောင် ဖော်ပြပါ။ (၁၉၈၅)

၄၃။ အလှူမင်္ဂလာပွဲတစ်ခုသို့ သွားရန် အဝတ်အစားသစ်များကို ဝတ်ဆင်လိုက်ရာ၌ မိမိကိုယ်တွင် ထိတွေ့ခံစားမှုအရ ဖြစ်ပေါ်နိုင်သောစိတ်တို့ကို ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၇၅)

၄၄။ မနောဒွါရ၌ ဖြစ်နိုင်သမျှသောစိတ်တို့ကို အဘိဓမ္မတ္ထ သင်္ဂြိုဟ်နည်းအရ ပြည့်စုံစွာ ရေတွက်ဖော်ပြခဲ့ပါ။ (၁၉၇၅)

၄၅။ အသည်းကွဲသီချင်းသံကို ကြားသောအခါ ဖြစ်ပေါ်လာသော ကြားသိစိတ်(သောတဝိညာဏ်)၏အာရုံခံစားမှုဝေဒနာကို ဖြေဆိုပြီးလျှင် ၎ါနငါးခုတွင်ပါဝင်၍ ကိစ္စငါးမျိုးကို ထမ်းဆောင်နိုင်သော စိတ်သရုပ်ကိုလည်း ထုတ်ပြပါ။ (၁၉၇၆)

၄၆။ မဂ္ဂ်ရုံတွင်ပါဝင်သော တရားဓမ္မတို့ကိုထုတ်ပြပြီးလျှင် အာရုံ ၆-ပါးမှ တစ်ပါး အခြား"ဆဋ္ဌမအာရုံ"ဟူ၍ ရှိနိုင်, မရှိနိုင် ဆုံးဖြတ်ပါ။ (၁၉၇၆)

၄၇။ ဟဒယဝတ္ထုရုပ်ကို မှီသော စိတ်များကို ကုန်စင်အောင် ရေတွက်ပြပါ။ (၁၉၇၆)

၄၈။ သဇင်ပန်းအလှကို မြင်ရသောအခါ ဖြစ်ပေါ်လာသော မြင်သိစိတ် (စက္ခုဝိညာဏ်)၏ အာရုံခံစာမှုဝေဒနာကို ဖော်ပြပြီးလျှင် ကုသိုလ်ဒိဟိတ်စိတ် သရုပ်ကိုလည်း ထုတ်ပြပါ။ (၁၉၇၇)

၄၉။ မနောဒွါရာဝဇ္ဇန်းစိတ်၏ ကိစ္စများကိုဖော်ပြပြီးလျှင် ယင်း စိတ်သည် အဘယ်ကိစ္စဖြင့် အဘယ်ဒွါရ၌ ဖြစ်ပါသနည်း။ အသီးသီးဖြေဆိုပါ။ (၁၉၇၇)

၅၀။ အာရုံငါးပါးနှင့် ဝိညာဏ်ငါးမျိုးတို့ကို ယှဉ်တွဲဖော်ပြပြီးလျှင် အာရုံငါးပါးမှလွတ်သော အခြားအာရုံ ရှိ, မရှိကိုလည်း ဖြေဆိုပါ။ (၁၉၇၇)

၅၁။ ဟိတ်တစ်ပါးသာရှိသော (ဧကဟိတ်) စိတ်ကို ဖော်ပြပါ။ (၁၉၇၈)

၅၂။ "ကြည့်သောသူ မြင်၏"ဟု ဆိုရာဝယ် မြင်မှုကိစ္စကို အဘယ်စိတ်က ဆောင်ရွက်ပေးပါသနည်း၊ ဖြေဆို၍ ယင်း စိတ်၏ အာရုံကိုလည်း သိသာရုံ ဖော်ပြခဲ့ပါ။ (၁၉၇၈)

၅၃။ အဘယ်ကို မနောဓာတ်ဟု ခေါ်ပါသနည်း၊ ဖော်ပြ၍ ယင်း မနောဓာတ်၏ မှီရာဝတ္ထုကိုလည်း ပြဆိုပါ။ (၁၉၇၈)

ထိုနည်းအတူကျန်သည့်ဝီထိ ၅-ပါးကို သောတဝိညာဏဝီထိ, ဃာန ဝိညာဏဝီထိ, ဇိဝှာဝိညာဏဝီထိ, ကာယဝိညာဏဝီထိ, မနောဝိညာဏဝီထိဟု လည်း ခေါ်ဆိုအပ်၏။

ဝိသယပ္ပဝတ္တိဆက္က။ ။ဝိသယ=အာရုံ+ပဝတ္တိ=ဖြစ်ခြင်း, ထင်ခြင်း။ ဒွါရတို့၌ အာရုံ၏ဖြစ်ခြင်းကို ဝိသယပ္ပဝတ္တိဟုခေါ်၏။ တစ်နည်း အာရုံတို့၌ စိတ်ဖြစ်ဖြစ်ခြင်းသည် ဝိသယပ္ပဝတ္တိမည်၏။

ပဉ္စဒွါရ၌ ဖြစ်သော အာရုံ ၄-ပါးရှိ၏။

(၁) အတိမဟန္တာရုံ = ထင်ရှားအားကြီးသော အာရုံငါးပါး၊
(၂) မဟန္တာရုံ = သင့်ရုံထင်ရှားအားကြီးသော အာရုံ ငါးပါး၊
(၃) ပရိတ္တာရုံ = မသင်ရှားမသိသာသည့် အားနည်းသော အာရုံ ငါးပါး၊
(၄) အတိပရိတ္တာရုံ = အလွန်တရာမသိသာမထင်ရှား၍ အားနည်း လှသော အာရုံငါးပါး။

မနောဒွါရ၌ ဖြစ်သော အာရုံ ၂-ပါးရှိ၏။

(၁) ဝိဘူတာရုံ = ထင်ထင်ရှားရှား ဖြစ်သောအာရုံ၊
(၂) အဝိဘူတာရုံ = မထင်မရှား ဖြစ်သောအာရုံ၊

အထက်တွင် ဖော်ပြထားသည့်အတိုင်း ဒွါရတို့၏ အာရုံထင်ပုံ ၆-မျိုး ကို ဝိသယပ္ပဝတ္တိဆက္ကဟု ခေါ်၏။

ဝိသယပ္ပဝတ္တိ ၉-မျိုး။ ။အထက်ပါ အာရုံထင်ပုံ ၆-မျိုးတို့သည် ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိ ၆-မျိုးဖြစ်၏။ ဝီထိမုတ်ခေါ်သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့၏ ဝိသယပ္ပဝတ္တိကား ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် ၃-မျိုးရှိ၏။ သို့အတွက် စုစုပေါင်း ဝိသယပ္ပဝတ္တိ ၉-မျိုးရှိ၏။

ဝီထိဖြစ်ကြောင်းအင်္ဂါ ၄-ပါး

* စက္ခုဒွါရဝီထိ (ဝါ) စက္ခုဝိညာဏ ဝီထိဖြစ်ရန် အကြောင်းလေး ပါး ပြည့်စုံရ၏။

(၁) စက္ခုပသာဒဟုခေါ်သော မျက်စိအကြည်ဓာတ် ကောင်းမွန် ရမည်။

(၃) ထိုရုပ်ပါရုံ၏ အသွင်သဏ္ဍာန်ဒြပ်နှင့် အနက်အဓိပ္ပာယ်တို့ကို အာရုံပြုလျက် ဖြစ်သော အတ္ထဂ္ဂဟဏဝီထိ။

(၄) ထိုအနက်ဒြပ်အဆင်း၏ အမည်နာမကို အာရုံပြုလျက်ဖြစ်သော နာမဂ္ဂဟဏဝီထိ။

ဤသို့ စက္ခုဒွါရဝီထိနောက်သို့လိုက်သော မနောဒွါရ ၄-ဝီထိဖြစ်ပြီးသောအခါမှ မြင်လိုက်သည့်အဆင်းကို အသွင်သဏ္ဍာန် အနက်အဓိပ္ပာယ်နှင့်တကွ အမည်နာမကိုပါ သိလာနိုင်၏။

ကြွင်းသည့် ပဉ္စဒွါရဝီထိ ၄-ပါးတို့၌လည်း အလားတူပင် ပဉ္စဒွါရဝီထိနောက်တွင် တဒနုဝတ္တက ၄-ဝီထိကျ၏။ ထိုသို့ကျပြီးသောအခါမှသာ အသံ, အနံ့, အရသာ, အတွေ့အထိတို့ကို ဒြပ်သဏ္ဍာန်, အနက်, အဓိပ္ပာယ်, အမည်တို့နှင့်တကွ သိလာနိုင်သည်။ ဝီထိအစဉ်တို့သည် အလွန်လျင်မြန်စွာ ဖြစ်ပေါ်ကြသည့်အတွက် လူတစ်ယောက်ကိုကြည့်လျှင် ထိုလူ၏ ရုပ်ဒြပ်, ပုံဟန်နှင့်တကွ အမည်နာမကိုပါ မခရှုမနှောင်းပင် ချက်ချင်းမြင်သိရ၏။ သီချင်းသံကိုကြားလျှင်လည်း သီချင်းသံ၏ဒြပ်,တေးသွားနှင့် တေးအမျိုးအစားတို့ကို တစ်ပြိုင်နက်ကဲ့သို့ ကြားသိရ၏။ ကြွင်းသည့်အာရုံများကို သိခြင်း၌လည်း ဤနည်းအတိုင်း မှတ်ပါလေ။

မဟန္တာရုံဝီထိ နှစ်မျိုး

မဟန္တာရုံသည် အတိမဟန္တာရုံလောက် အားမကောင်းသည့်အတွက် စက္ခုပသာဒနှင့် ရူပါရုံတို့ ရှေးရှုအတူဥပါဒ်ပြီးသည့်နောက် စိတ္တက္ခဏ ၂-ချက်၊ ၃-ချက်လွန်ပြီးသောအခါမှ စက္ခုဒွါရ၌အာရုံထင်လာ၏။ သို့အတွက် အတီတဘဝင် ၂-ချက်လွန်သော ပထမ မဟန္တာရုံဝီထိနှင့် အတီတဘဝင် ၃-ချက်လွန်သော ဒုတိယ မဟန္တာရုံဝီထိဟူ၍ မဟန္တာရုံဝီထိ ၂ မျိုးရှိ၏။

ပထမ မဟန္တာရုံသည် အတီတဘဝင် ၂ ချက်လွန်ပြီးမှ အာရုံထင်လာသည့်အတွက် အာရုံနှင့် စက္ခုပသာဒတို့၏ ရုပ်သက်သည် ၁၅ ချက်စီသာကျန်တော့၏။ ထို့ကြောင့် တဒါရုံ ၂ ကြိမ် ဖြစ်နိုင်လောက်အောင် အသက်မရှည်ကြတော့ချေ။ တဒါရုံ ၂ ကြိမ်ဖြစ်ရန် ရူပါရုံနှင့် စက္ခုပသာဒတို့သည် အသက်ရှည်လျက် တည်နေနိုင်စွမ်းမရှိသည့်အခါ တဒါရုံသည်တစ်ကြိမ်ကျရိုးမရှိသဖြင့် အလျှင်းမကျတော့ဘဲ ဘဝင်စိတ်၌သာ ကျပေးရတော့၏။

**ပထမအတိပရိတ္တာရုံဝီထိဆိုရိုး။** ။ပထမ အတိပရိတ္တာရုံ ဝီထိဖြစ်ဟန်ကား- ရူပါရုံနှင့် စက္ခုပသာဒတို့ ရှေးရှုအတူဥပါဒ်ကြသည်မှစ၍ အတီတဘဝင်-၁၀ကြိမ်အလွန်တွင် ရူပါရုံထင်ခြင်းသို့ ရောက်သဖြင့် ဘဝင်္ဂစလန ၂ကြိမ်ဖြစ်ပြီးနောက် ဝီထိစိတ်မဖြစ်ဘဲ ဘဝင်ဆက်၍ ဖြစ်ပြီးလျှင် ပဉ္စမဘဝင်အကျ၌ ရူပါရုံနှင့် စက္ခုပသာဒတို့ ၁၇-ချက် ရုပ်သက်စေ့ကြသောကြောင့် ဒုတိယဘဝင်္ဂစလန နောင်ပဉ္စမဘဝင်၏ ဘင်နှင့်ပြိုင်၍ ချုပ်ကြ၏။ ဤဝီထိသည် ပထမ အတိပရိတ္တာရုံဝီထိမည်၏။ ဤဝီထိနောက်၌ ဘဝင်များဆက်၍ ဖြစ်၏။

ကြွင်းသည့် အတိပရိတ္တာရုံဝီထိတို့အတွက် ဆိုရိုးကို ဝီထိချထားပုံကို ကြည့်လျက် အလားတူ ရွတ်ဆိုနိုင်ပါပြီ။

တစ်ဒွါရလျှင် အတိပရိတ္တာဝီထိ ၆-ခုရှိသဖြင့် ၅-ဒွါရအတွက် အတိပရိတ္တာရုံဝီထိပေါင်း ၃၀ရှိလိမ့်မည်။ ဤဝီထိတို့သည် ဝီထိစိတ်လုံး၀မပါ၊ ပလာအချီးနှီးဖြစ်၍ လှုပ်ရုံမျှ ဖြစ်ကြသောကြောင့် ၎င်းဝီထိတို့ကို "မောဃဒွါရ"ဟု ခေါ်ဆိုကြ၏။ (မောဃ=အချီးနှီး)။

## ပဉ္စဒွါရဝိသယပ္ပဝတ္တိ

ရုပ်ဒွါရ ၅-ပါးတို့၌ အာရုံထင်ပုံလေးမျိုးကို အောက်ပါဆောင်ပုဒ်လင်္ကာဖြင့် မှတ်သားထားနိုင်၏။

**အတိမဟန်၊ တချက်လွန်၊ မဟန်နှစ် သုံးသာ။**
**လေးက အစ၊ ကိုးတိုင်မျှ၊ လွန်ကပရိတ္တာ။**
**တဆယ်အာဒိ၊ ခြောက်ငါးတိ၊ လွန်ဘိပရိတ္တာ။**

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၁-ချက်လွန်မှ ဒွါရ၌ထင်နိုင်သော ပဉ္စာရုံသည် အတိမဟန္တာရုံမည်၏။ ဤပဉ္စာရုံ၌ တစ်ဒွါရလျှင် ဘစ်ဝီထိစီသာဖြစ်သောကြောင့် အတိမဟန္တာရုံဝီထိ ၅-ခုရှိသည်။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၂-ချက်လွန်ပြီးမှ ဒွါရတို့၌ ထင်နိုင်သော ပဉ္စာရုံကို ပထမ မဟန္တာရုံ၊ စိတ္တက္ခဏ ၃-ချက်လွန်ပြီးမှ ဒွါရတို့၌ ထင်နိုင်သော ပဉ္စာရုံကို ဒုတိယမဟန္တာရုံဟူ၍ မဟန္တာရုံ ၂-မျိုးရှိ၏။ ဤမဟန္တာရုံ၌ တစ်ဒွါရလျှင် ၂-ဝီထိစီရှိသောကြောင့် ၅-ဒွါရအတွက် မဟန္တာရုံဝီထိပေါင်း ၁၀-ခုရှိသည်။

ဥပါဒ်ပြီးနောက် စိတ္တက္ခဏ ၄-ချက်မှ ၉-ချက်အထိလွန်ပြီးမှ ဒွါရတို့၌ ထင်နိုင်သောပဉ္စာရုံ ၆-မျိုးသည် ပရိတ္တာရုံမည်၏။ ဤပရိတ္တာရုံ၌ တစ်ဒွါရလျှင် ၆-ဝီထိစီရှိသဖြင့် ၅-ဒွါရအတွက် ပရိတ္တာရုံဝီထိပေါင်း ၃၀-ရှိသည်။

မဟာဝိပါက် ၈၊ မဟဂ္ဂုတ်ဝိပါက်၉” ပေါင်းစိတ် ၁၉ ပါးတို့သည် ဒွါရဝိမုတ်စိတ်များဖြစ်ကြသည်နှင့်အညီ ဝီထိမှကင်းလွတ်သော စိတ်များလည်း ဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့ကို“ဝီထိမုတ်စိတ် ၁၉”ဟုခေါ်ပါသည်။

ဥပေက္ခာသန္တီရဏ ၂-ပါးနှင့် မဟာဝိပါက် ၈-ပါးတို့သည် ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ,စုတိကိစ္စတပ်သည့်အခါတို့၌သာ ဝီထိမှလွတ်၏။ သန္တီရဏကိစ္စ, တဒါရုံကိစ္စတပ်သောအခါ၌မူ ဝီထိမှမလွတ်ချေ။ မဟဂ္ဂုတ်ဝိပါက် ၉-ပါးကား အခါခပ်သိမ်း ဝီထိမှ လွတ်မြောက်၏။

## ဝီထိစိတ်တို့၏အာရုံ

စိတ်တို့သည် အာရုံမရှိဘဲ မဖြစ်ပေါ်နိုင်ချေ။ သို့ဖြစ်လျှင် ပဥ္စဒွါရဝီထိစိတ်တို့သည် မည်သည့်အာရုံကိုယူကြသနည်း။

ပဥ္စဒွါရဝီထိစိတ်တို့သည် ပထမအတိတဘဝင်နှင့် ဥပါဒ်ပြိုင်သောပစ္စုပ္ပန်ပဥ္စာရုံကို အာရုံပြုကြ၏။ ထိုပထမအတိတဘဝင်နှင့်ဥပါဒ်ပြိုင်သောပဥ္စာရုံသည် ဝီထိဆုံးသည့်အခါမှ ချုပ်ငြိမ်းသည်ကို သတိပြုပါ။

## ဝီထိစိတ်တို့၏ မှီရာဝတ္ထု

ပဥ္စဝေါကာရဘုံ၌ စိတ်တို့သည် ဝတ္ထုကို မှီ၍သာလျှင် ဖြစ်ကြရ၏။ သို့ဆိုလျှင် ပဥ္စဒွါရဝီထိစိတ်တို့သည် မည်သည့်ဝတ္ထုများကို မှီ၍ဖြစ်ကြသနည်း။

ပကိဏ်းပိုင်း၏ ဝတ္ထုသင်္ဂဟတွင် ဖော်ပြခဲ့သည့်အတိုင်း ပဥ္စဝိညာဏ်စိတ်တို့သည် ပဥ္စဝတ္ထုကိုအသီးသီးမှီကြ၏။ ဆိုလိုသည်မှာ စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုကိုမှီ၏။သောတဝိညာဏ်စိတ်သည် သောတဝတ္ထုကိုမှီ၏ စသည်ဖြင့် သိပါလေ။

ကြွင်းသော ပဥ္စဒွါရဝီထိစိတ်တို့ကား ဟဒယဝတ္ထုကို မှီကြကုန်၏။

## မဇ္ဈိမာယုကဝတ္ထုရွေးချယ်ပုံ

ပဥ္စဒွါရဝီထိစိတ်တို့တွင် စက္ခုဝိညာဏ်စိတ်သည် အဘယ်ပသာဒရုပ်ကို မှီ၍ဖြစ်ပါသနည်း။

စက္ခုဝိညာဏ်စိတ်သည်စက္ခုပသာဒကိုမှီ၍ဖြစ်ပေါ်ရမည်။ စက္ခုပသာဒတို့သည် စိတ်တို့၏ဥပါဒ်တိုင်း,ဌီတိုင်း,ဘင်တိုင်း တဖွားဖွားဖြစ်ပေါ်လျက်ရှိကြသည်။ ပသာဒရုပ်တစ်ခု၏အသက်သည် ခဏယ် ၅၁-ချက်ရှိရာ ဥပါဒ်ရန် ခဏယ်တစ်ချက်, ချုပ်ပျက်ရန် ခဏယ်တစ်ချက်နှင့် ဌီအခိုက်တည်နေရန် ခဏယ် ၄၉-ချက်ကြာသည်။

**မှတ်ချက်။** ။ယခုဆွေးနွေးတင်ပြခဲ့သော ပသာဒရုပ်များမှာ စက္ခုပသာဒ အတွက်သာမက သောတပသာဒစသည့် ပသာဒရုပ် ၅ ပါးလုံး အတွက် အကျုံးဝင်ပါသည်။

ထို့ပြင် မဟန္တာရုံ, ပရိတ္တာရုံဝီထိတို့၌ ရှေ့ဆုံး အတီတဘဝင်စိတ်နှင့် ဉပါဒ်ဝင်သည့် ပသာဒဝတ္ထုကို မဇ္ဈိမာယုပသာဒ ဝတ္ထုအဖြစ်ယူ၍ ဝီထိစဉ် အတိုင်းမန္ဒာယုကဘက်၌၃ခု,၃ ခုစီလျော့သွားပြီးလျှင် အမန္ဒာယုကဘက်၌၃ခု, ၃ ခုစီတိုးသွားရမည်။ အကြောင်းမှာ ပဉ္စဝိညာဏ်စိတ်သည် ရှေ့ဆုံးဖြစ်သည့် အတီတဘဝင်စိတ်မှ ပထမ မဟန္တာရုံတွင် ခဏငယ်၃ ချက်၊ ဒုတိယမဟန္တာရုံ တွင် ခဏငယ် ၆ ချက်စသည်ဖြင့် ဝေးကွာသွားသောကြောင့်တည်း။

## စိတ်တို့၏မှီရာအာရုံပြုရာ

ဘဝင်စိတ်များသည် ကံနိမိတ်,ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတွင် တစ် ပါးပါးကို အာရုံပြုကြ၏။

ပဉ္စဒွါရာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော စက္ခုဒွါရဝီထိ စိတ်တို့သည် စက္ခုဒွါရ၌ထင်လာသော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြုကြ၏။ သောတဒွါရဝီထိ စိတ်တို့သည် သောတဒွါရ၌ထင်လာသော ပစ္စုပ္ပန်သောတာရုံကို အာရုံပြုကြ ၏။ ကြွင်းသည့် ပဉ္စဒွါရဝီထိစိတ်တို့သည်လည်း မိမိတို့နှင့်ဆိုင်သော ပစ္စုပ္ပန် ပဉ္စာရုံသို့ အာရုံပြုကြ၏။

စက္ခုဝိညာဏ်စိတ်သည် စက္ခုဝတ္ထုရုပ်ကိုမှီ၍ဖြစ်၏။ သောတဝိညာဏ် စိတ်သည် သောတာဝတ္ထုရုပ်ကိုမှီ၍ဖြစ်၏။ ကြွင်းသည့် ပဉ္စဝိညာဏ်စိတ်တို့သည် လည်း မိမိတို့နှင့်သက်ဆိုင်သော ပဉ္စဝတ္ထုရုပ်တို့ကိုမှီ၍ ဖြစ်ကြ၏။

ပဉ္စဝိညာဏ်စိတ်များမှကြွင်းသည့် စိတ်အားလုံးတို့ကား မိမိတို့၏ရှေ့၌ အခြားမဲ့ဖြစ်ခဲ့သော စိတ်အသီးသီးနှင့်ပြိုင်၍ ဉပါဒ်ခဲ့ကြသည့် ဟဒယဝတ္ထုရုပ် တို့ကိုချည်း မှီကြ၏။

## သရက်သီးကြွေသည့် ဥပမာ

ပဉ္စဒွါရဝီထိစိတ်ဖြစ်ပုံကို သရက်သီးကြွေသည့် ဥပမာနှင့် နှိုင်းပြနိုင်၏။ အသီးသီးသော သရက်ပင်ရင်း၌ ယောကျ်ားတစ်ဦး အိပ်နေ၏။ သူ၏ ခေါင်း ရင်းအနီး၌ သရက်သီးတစ်လုံးကြွေကျရာ ထိုယောကျ်ားသည် နိုးလာပြီး မျက်စိ ကိုဖွင့်ကြည့်ရာ သရက်သီးကိုမြင်၏။ ထိုနောက် သရက်သီးကိုကောက်ယူကာ ဆုပ်နယ်နမ်းရှုပ်ကြည့်၏။ ထိုအခါ မှည့်ကြောင်းသိရသဖြင့် သရက်သီးကို ကိုက်ခါကိုက်ခါစား၏။ ချိုမ်းသလိပ်နှင့်တကွ ထွေးလုံးမျိုချ၏။ ထို့နောက် သရက်ပင်ရင်း၌ အိပ်မြဲအိပ်ပြန်လေ၏။

## ကာမဇောမနောဒွါရဝီထိစိတ်များ

* ကာမဇောမနောဒွါရဝီထိ၌ ဝီထိစိတ်မျိုး အဘယ်မျှရှိသနည်း။
အာဝဇ္ဇန်း၊ ဇော၊ တဒါရုံဟူ၍ ၃ မျိုးသာ ရှိပါသည်။

* စိတ္တုပ္ပါဒ်တို့သည် အဘယ်မျှရှိပါသနည်း။
အာဝဇ္ဇန်း ၁ ကြိမ်၊ ဇော ၇ ကြိမ်၊ တဒါရုံ ၂ ကြိမ်ဟူ၍ စိတ္တုပ္ပါဒ် ၁၀ ချက်ရှိပါသည်။

* စိတ်တရားကိုယ်သရုပ်တို့သည် အဘယ်မျှရှိပါသနည်း။
မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉ ပါး၊ တဒါရုံ ၁၁ ပါး ဟူ၍ ၄၁ ပါးရှိပါသည်။

## ကာမဇောဝါရ ၂ မျိုး

ပဉ္စဒွါရဝီထိတစ်ခုဖြစ်တိုင်း ထိုဝီထိနောက်သို့ အစဉ်လိုက်သော တဒနုဝတ္တကမနောဒွါရဝီထိ ၄ ခုဖြစ်ပေါ်ကြောင်းကို ပဉ္စဒွါရဝီထိများအကြောင်း၌ ဖော်ပြခဲ့ပါသည်။

ပဉ္စဒွါရဝီထိနောက်လိုက်ဖြစ်သော မနောဒွါရဝီထိများကို အနုဗန္ဓကဝါရဟုခေါ်သည်။

ပဉ္စဒွါရဝီထိမှ ကင်းလွတ်လျက် မနောဒွါရ၌ အာရုံထင်လာသည့်အတွက် သီးခြား သန့်သန့်ရှင်းရှင်းဖြစ်ပေါ်ကြသော မနောဒွါရဝီထိများကို သုဒ္ဓိကဝါရဟုခေါ်သည်။

အနုဗန္ဓကဝီထိသည် (၁) အတီတဂ္ဂဟဏဝါရ (၂) သမူဟဂ္ဂဟဏဝါရ (၃) အတ္ထဂ္ဂဟဏဝါရ (၄) နာမပညတ္တိဂ္ဂဟဏဝါရ ၄ ပါးပြား၏။

သုဒ္ဓိကဝါရသည် (၁) ဒိဋ္ဌဝါရ (၂) ဒိဋ္ဌသမ္ဗန္ဓဝါရ (၃) သုတဝါရ (၄) သုတသမ္ဗန္ဓဝါရ (၅) ဝိညာတဝါရ (၆) ဝိညာတသမ္ဗန္ဓဝါရ ဟူ၍ ၆ မျိုးပြား၏။

ရှေးရှေးအခါက ပဉ္စဒွါရတို့ဖြင့် ပစ္စက္ခတွေ့ကြုံခဲ့ဖူးသော အာရုံမျိုးသည် ဒိဋ္ဌမည်၏။ ထိုဒိဋ္ဌကိုအာရုံပြုသော ဝီထိသည် ဒိဋ္ဌဝါရမည်၏။

ထိုဒိဋ္ဌမျိုးနှင့်စပ်နွယ်၍သိရသောအာရုံမျိုးသည် ဒိဋ္ဌသမ္ဗန္ဓမည်၏။

သူတစ်ပါးတို့ပြောကြား၍သိရသော အာရုံမျိုးနှင့် စာပေကျမ်းဂန် ဖတ်ရှုလေ့လာ၍သိရသောအာရုံမျိုးသည် သုတမည်၏။

ထိုသုတမျိုးနှင့် စပ်နွယ်၍ သိရသောအာရုံအမျိုးသည် သုတသမ္ဗန္ဓမည်၏။

(၂) တစ်ဖန် ပထဝီကသိုဏ်း၌ပင်လျှင် ရူပါဝစရကုသိုလ် ဒုတိယစျာန်ကိုဝင်စား၍ ထပြီးသော် ၎င်းဒုတိယစျာန်ကို အနိစ္စ, ဒုက္ခ, အနတ္တဟု လက္ခဏာရေးသုံးပါး တင်၏။

(၃) တစ်ဖန် ရူပါဝစရကုသိုလ် တတိယစျာန်ကိုဝင်စား၍ ထပြီးသော် ၎င်းစျာန်ကို လက္ခဏာရေးသုံးပါး တင်၏။

(၄) တစ်ဖန် ရူပါဝစရကုသိုလ်စတုတ္ထစျာန်ကို ဝင်စား၍ထပြီးသော် ၎င်းစျာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၅) တစ်ဖန် ရူပါဝစရကုသိုလ် ပဥ္စမစျာန်ကို ဝင်စား၍ထပြီးသော် ၎င်းစျာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၆) တစ်ဖန် ပထဝီကသိုဏ်းမှခွာ၍ ကောင်းကင်ပညတ်၌ အာကာသာနဉ္စာယတန ကုသိုလ်စျာန်ကိုဝင်စား၍ ထပြီးသော် ၎င်းစျာန်ကိုလက္ခဏာရေးသုံးပါးတင်၏။

(၇) တစ်ဖန် အာကာသာနဉ္စာယတနကုသိုလ်စိတ်၌ဝိညာဏဉ္စာယတန ကုသိုလ်စျာန်ကို ဝင်စား၍ထပြီးသော် ၎င်းစျာန်ကို လက္ခဏာရေး သုံးပါး တင်၏။

(၈) တစ်ဖန် အာကာသာနဉ္စာယတနကုသိုလ်စိတ် မရှိခြင်း ဟူသော နတ္ထိဘာဝပညတ်၌ အာကိဉ္စညာယတနကုသိုလ်စျာန်ကို ဝင်စား၍ထပြီးသော် ၎င်းစျာန်ကို လက္ခဏာရေးသုံးပါးတင်၏။

(၉) ထို့နောက် အောက်ပါပုဗ္ဗကိစ္စ(ရှေ့ဦးကိစ္စ) ၄-ပါးကိုပြု၏။

(က) ခန္ဓာရက်အတွင်း အာယုသင်္ခါရ၏ မချုပ်သေးသည်ကို သိမြင်၍ ၇-ရက်အထိ သမာပတ်ဝင်စားနိုင်စေသတည်း။

(ခ) ဘုရားရှင်ခေါ်တော်မူသောအခါ ထနိုင်စေသတည်း။

(ဂ) သံဃာတို့အလိုရှိ၍ခေါ်တော်မူလျှင် ထနိုင်စေသတည်း။

(ဃ) ငါ၏ပရိက္ခရာ အသုံးအဆောင်, ကျောင်း, အရိပ်အာဝါသတို့သည် တစ်စုံတစ်ခုသော ဘေးအန္တရာယ်တို့ကြောင့် မပျက်စီးစေသတည်း။

(၁၀) ထို့နောက်တစ်ဖန် အာကိဉ္စညာယတနကုသိုလ်စိတ်၌ နေဝသညာနာသညာယတနကုသိုလ်စျာန်ကို ဝင်စား၍ အပ္ပနာဇော ၂-ကြိမ်သာ ဖြစ်ပြီးနောက် စိတ်အစဉ်ပြတ်စဲလေတော့၏။ထိုအခါ စိတ်,စေတသိက်, စိတ္တဇရုပ်တို့၏ချုပ်ငြိမ်းခြင်း နိရောဓသို့ရောက်၍ မိမိအလိုရှိသလောက် ၇-ရက်အထိ

ဒွိဟိတ်အဟိတ်ပုဂ္ဂိုလ်, သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့် ဒွိဟိတ်ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေနေကတည်းက ဉာဏ်ပညာနှင့် မယှဉ်ကြသည့်အတွက် ဤလက်ရှိဘဝတွင် ဈာန်, မဂ်, ဖိုလ်တို့ကို မရနိုင်ချေ။ သို့အတွက် ဤပုဂ္ဂိုလ်သုံးယောက်တို့သည် ကာမကြိယာဇော ၉-ပါးနှင့် အပ္ပနာဇော ၂၆-ပါးတို့ကို တစ်သက်လုံး မရရှိနိုင်ကြချေ။

ပုဂ္ဂိုလ်စိတ်ရ

(၁) ဇောကိုးကြိ၊ မဟာဝိရှစ်၊ ဆယ့်ခွန်ပစ်၊ ဒုဖြစ်တြိုနံ့သတ်။

ဟသိတုပ္ပါဒ်နှင့်မဟာကြိယာ ၈-ပါး၊ ပေါင်း ဇော ၉-ပါးနှင့် မဟာဝိပါက် ၈-ပါး၊ ဤ ၁၇-ပါးတို့ကို ကာမစိတ် ၅၄-ပါးမှ ကြဉ်၍ ကြွင်းသည့် ကာမစိတ် ၃၇-ပါး (တြိုနံ့သတ်) သည် ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၌ဖြစ်သော စိတ်တည်း။

(၂) ဝိပ္ပယုတ်ဝိပါက်၊ လောင်းစွက်ပြန်လစ်၊ လေးဆယ့်တစ်၊ ဖြစ်လေ သုဒွိမှတ်။

ယခင်ကာမစိတ် ၃၇-ပါးတွင် မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ပါးတို့ကို ပေါင်းသော် စိတ် ၄၁-ပါးဖြစ်သည်။ ဤစိတ်တို့ကား သုဂတိအဟိတ်ပုဂ္ဂိုလ်နှင့်ဒွိဟိတ်ပုဂ္ဂိုလ်တို့၌ ရသောစိတ်တို့တည်း။

(၃) သမ္ပယုတ်ဝိပါက်၊ လောင်းစွက်ပြန်ငြား၊ လေးဆယ့်ငါးမှတ် သား တိဟိတ်မှာ။

အထက်ကစိတ် ၄၁-ပါးတွင် မဟာဝိပါက်ဉာဏသမ္ပယုတ် ၄-ပါးကို ထပ်မံပေါင်းသော် စိတ် ၄၅-ပါး ဖြစ်၏။ ဤစိတ်တို့ကား တိဟိတ်ပုဂ္ဂိုလ်၌ ရထိုက်သော စိတ်တည်း။

(၄) မဟဂ်ကုကြိ၊ လောင်းတုံဘိ၊ တိဟိတ်အကုန်ပါ။

တိဟိတ်ပုဂ္ဂိုလ်သည် ဈာန်အားထုတ်၍ ရူပါဝစရကုသိုလ် ပထမဈာန်ကိုရလျှင် မူလစိတ် ၄၅-ပါးအပြင် ရူပါဝစရကုသိုလ် ပထမဈာန်စိတ်သည် ထိုပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်လာနိုင်၏။ ရူပါဝစရကုသိုလ်ဈာန် ၅-ပါးလုံးကို ရလျှင် မူလစိတ် ၄၅-ပါးနှင့် ၅-ပါးပေါင်း၍ စိတ် ၅၀-ဖြစ်လာနိုင်၏။ အရူပါဝစရဈာန် ၄-ပါးကိုပါ ထပ်မံရရှိလျှင် စိတ် ၅၄-ပါး ဖြစ်နိုင်၏။

သို့အတွက် ဈာန်အပြည့်အစုံရသော ကာမပုဂ္ဂိုလ်တွင် စိတ် ၅၄-ပါး ဖြစ်နိုင်သည်။

စိတ်များကိုမရချေ။ (ရူပနှင့် အရူပဝိပါက်စိတ် ၉-ပါးတို့ကို ဝီထိမုတ်စိတ်များ ဖြစ်၍ ပယ်ထားပြီးဖြစ်သည်။)

သို့ဖြစ်၍ ရူပဘုံ၌ဖြစ်သော စိတ် ၆၄-ပါးမှ အရူပဘုံ၌မရထိုက်သည့် စက္ခုဝိညာဏ် ၂, သောတဝိညာဏ် ၂, ပဉ္စဒွါရာဝဇ္ဇန်း ၁, သမ္ပဋိစ္ဆိုန်း ၂, သန္တီရဏ ၃, ရူပကုသိုလ်ကြိယာ ၁၀, ဟသိတုပ္ပါဒ် ၁, သောတာပတ္တိမဂ် ၁, ပေါင်း စိတ် ၂၂-ပါးတို့ကို နုတ်လျှင် အရူပဘုံ၌ဖြစ်နိုင်သည့် စိတ် ၄၂-ပါး ကို ရရှိပါသည်။

ဤအရူပဘုံ၌ဖြစ်သော စိတ် ၄၂-ပါးသည် ဝတ္ထုသင်္ဂဟ၌ ဖော်ပြခဲ့ သည့် ဟဒယဝတ္ထုရုပ်ကို ရံခါမှီ၍ဖြစ်ကြသော စိတ် ၄၂-ပါးနှင့် အတူတူပင် ဖြစ်ပါသည်။ သို့အတွက် ဝတ္ထုသင်္ဂဟဇယားကိုကြည့်၍ ဤစိတ်၄၂-ပါးတို့၏ အမည်များကို ထုတ်ဖော်ယူနိုင်ပါသည်။

## လေ့ကျင့်ရန်မေးခွန်းများ

၁။ ဝီထိ၏အဓိပ္ပာယ်ကိုရှင်းပြပါ။ အိပ်ပျော်နေသူ၌ဝီထိစိတ်ဖြစ်ပါသလော။ မည်သည့်အခါ၌ ဝီထိစိတ်ဖြစ်ကြသနည်း။

၂။ ဝီထိခန်း၌ အရေးတကြီးသိထိုက်သော ဆက္က ၆-ပါးတို့ကို အမည်မျှ ဖော်ပြပါ။

၃။ ဝိထိဆက္ကကား အဘယ်နည်း။ ဒွါရနှင့်စပ်သောနာမည်၊ ဝိညာဏ်နှင့် စပ်သောနာမည်တို့ကို ကောက်ပြပါ။

၄။ ဝိသယပ္ပဝတ္တိ ၆-ပါးသရုပ်ကို ရေတွက်၍ထိုဝိသယပ္ပဝတ္တိတို့သည် ပဉ္စ ဒွါရ၌ မည်မျှ၊ မနောဒွါရ၌ မည်မျှရှိကြသနည်း။

၅။ အတိမဟန္တ, မဟန္တ, ပရိတ္တ, ဝိဘူတ အာရုံတို့ကို ခွဲခြားပြပါ။

၆။ နာမ်၏အသက်နှင့် ရုပ်၏ အသက်တို့ကို ပိုင်းခြားပြပါ။ ရုပ်ကိုသာမြင် နိုင်ပြီး နာမ်ကိုမမြင်နိုင်ခြင်းမှာ အဘယ် အကြောင်းကြောင့်ဖြစ်သည်ဟု သင်ယူဆသနည်း။

၇။ ''မြင်သိမှုစိတ်အစဉ်''ဟု ဆိုအပ်သော စက္ခုဒွါရဝီထိဖြစ်ရန်အကြောင်း လေးပါးကိုဖော်ပြပါ။ ဤအဘိဓမ္မာယူဆချက်သည် သိပ္ပံယူဆချက်နှင့် ကွာခြားပါသလား။ ရှင်းပြပါ။

၈။ အသံတစ်ခုကိုကြားနိုင်ရန်အတွက် မည်သည့် အကြောင်းများ ပြည့်စုံ ရသနည်း။ အဘိဓမ္မာလိုအပ်ချက်နှင့် သိပ္ပံလိုအပ်ချက်တို့ ကိုက်ညီပါ သလား။

၉။ စပယ်ပန်း၏ သင်းပျံ့သောရနံ့ကို သင်မည်သို့ သိရှိရသနည်း။ နှလုံး သွင်းမှုမပါဘဲ အနံ့ရနိုင်သလော။

၁၀။ ထိသိစိတ်ဟုဆိုအပ်သော ကာယဝိညာဏ်သည် မည်သည့် အာရုံကိုယူ၍ မည်သည့်နေရာ၌ ဖြစ်ပါသနည်း။ ဝတ်ဆင်ထားသော အင်္ကျီလုံချည်တို့သည် ကိုယ်နှင့်တစ်ချိန်လုံး ထိတွေ့နေပါလျက် ၎င်းတို့ကို အဘယ့်ကြောင့် မသိရှိကြသနည်း။

၁၁။ အတိမဟန္တာရုံ၌ စက္ခုဒွါရဝီထိ ဖြစ်ပုံကို ဝီထိချပြီးရှင်းပြပါ။

၁၂။ သာယာသောတေးသံကိုကြားရသောအခါ၌ မည်သည့်ဝီထိဖြစ်သနည်း၊ ရှင်းပြပါ။

၁၃။ ယမန်နေ့တ ကြည့်ရှုခဲ့သော ရုပ်ရှင်ကို ပြန်လည်စိတ်ကူးနေသူ၌မည်သည့် ဝီထိ ဖြစ်နေသနည်း။

၁၄။ လက်ဖျောက်တစ်တီးကာလ၌ စိတ်ပေါင်းမည်မျှ, ရုပ်ပေါင်းမည်မျှ ဖြစ်ချုပ်နိုင်ကြသနည်း။

၁၅။ ရုပ်၏ ဥပါဒ်ခဏ, ဌီခဏနှင့် ဘင်ခဏတို့သည် မည်မျှစီကြာညောင်ကြသနည်း။

၁၆။ ရှုပါရုံစသော အာရုံငါးပါးတို့သည် ပဉ္စဒွါရ၌ ဥပါဒ်လျှင် ဥပါဒ်ချင်း ထင်နိုင်သလော။ ဘယ်အခါကျမှ ထင်နိုင်ကြသနည်း။

၁၇။ အတီတဘဝင်, ဘဝင်စလနနှင့် ဘဝင်ုပစ္ဆေဒတို့ကို ရှင်းပြပါ။

၁၈။ အတိမဟန္တာရုံ, မဟန္တာရုံနှင့် ပရိတ္တာရုံတို့သည် ထင်ပြီးသည်မှစ၍ချုပ်သည့်တိုင်အောင် ရေတွက်လျှင် စိတ္တက္ခဏ မည်မျှစီ အသက်ရှည်ကြသနည်း။

၁၉။ "တဒါရမ္မဏဝါရ"ဟူသည်ကား အဘယ်နည်း။ တဒါရမ္မဏဝါရသော တဒွါရိက အတိမဟန္တာရုံဝီထိကို ရှင်းပြပါ။

၂၀။ "ဇဝနဝါရ"ဟူသည်ကား အဘယ်နည်း။ ဇဝနဝါရ, ဇိဝှာဒွါရိက မဟန္တာရုံဝီထိ ၂-မျိုးကို ချပြပါ။

၂၁။ ဃာနဝိညာဏ်သည် မည်သည့်ဝတ္ထုကို မှီသနည်း။ ကြွင်းသောစိတ်များသည် အဘယ်ကို မှီကြသနည်း။

၂၂။ အဘယ်ကို"မောဃဝါရ"ဟုခေါ်သနည်း။ အတိပရိတ္တာရုံကိုမြင်ကြားသိရှိနိုင်ပါသလား။

၂၃။ မနောဒွါရဝီထိ၏ အစဦးဆုံးရအပ်သော ရူပါဝစရပထမဈာန်ကို ဝီထိချပြပါ။

၂၄။ ဥပစာရသမာဓိဇောနှင့် အပ္ပနာဇောတို့ကို ခွဲခြားပြပါ။

၂၅။ ပရိတ်ကမ်, ဥပစာ, အန်ုလုံ နှင့် ဂေါတြဘုတို့သည် မည်သည်ကို ရည်ညွှန်းကြသနည်း။ ၎င်းတို့သည် ကာမဇောလော၊ အပ္ပနာဇောလော။

၂၆။ အနိဋ္ဌာရုံနှင့်ကြုံတွေ့သောအခါ အဘယ် ဝိပါက်များ ဖြစ်သနည်း။ ဣဋ္ဌမဇ္ဈတ္တာရုံ၌ အဘယ် ဝိပါက်စိတ်များ ဖြစ်ကြသနည်း။

၂၇။ အဘယ်အာရုံမျိုးကို အတိဣဋ္ဌာရုံဟုခေါ်သနည်း။ အတိဣဋ္ဌာရုံ၌အဘယ် ဝိပါက်စိတ်များ ဖြစ်သနည်း။

၂၈။ သောမနဿ ပဋိသန္ဓေနေခဲ့သူ၏ ဒေါသဇောအဆုံး၌ တဒါရုံချခွင့်မရလျှင် အဘယ်ကြောင့် ဘဝင် မချထိုက်သနည်း။ ဘဝင်မချထိုက်လျှင် အဘယ်စိတ်ဖြစ်သေးသနည်း။ ၎င်းစိတ်ကို အဘယ့်ကြောင့် အာဂန္တုက ဘဝင်ဟု ခေါ်ကြသနည်း။

၂၉။ ပထမအကြိမ် မဂ်ဆိုက်အောင် အားထုတ်သော ယောဂီအား မည်သည့် ဝီထိ ဖြစ်သနည်း။

၃၀။ အဘယ်ကို "ဈာန်ဝင်စားခြင်း" "ဖိုလ်ဝင်စားခြင်း"ဟု ခေါ်သနည်း။ ထိုသို့ဝင်စားနေသည့်အခါ ဈာန်ဇောဖိုလ်ဇောများမည်မျှဖြစ်သနည်း။

၃၁။ ဣဒ္ဓိမာပုဂ္ဂိုလ်သည် သူတစ်ပါး၏စိတ်အကြံကို သိရန် မည်သည့်အဘိညာဉ်ကို မည်သို့ဝင်စားရသနည်း။

၃၂။ အဘယ်ကို နိရောဓသမာပတ် ဝင်စားခြင်းဟု ခေါ်သနည်း။ မည်သို့သော ပုဂ္ဂိုလ်များသည် နိရောဓသမာပတ်ကို ဝင်စားနိုင်ကြသနည်း။

၃၃။ ပုဂ္ဂိုလ် ဘယ်နှစ်မျိုးရှိသနည်း။ အဘယ်ပုဂ္ဂိုလ်တို့သည် ယခုဘဝတွင် အားထုတ်သော် ဈာန်မဂ်ဖိုလ် ရနိုင်သနည်း။

၃၄။ လူချင်းတူပါလျက် အဘယ့်ကြောင့် ဒုဟိတ်, ဒွိဟိတ်, တိဟိတ်ဟု ခွဲခြားပါသနည်း။

၃၅။ ကာမဘုံ၌ ဝီထိစိတ်ပေါင်း မည်မျှရနိုင်သနည်း။ ရူပဘုံနှင့်အရူပဘုံတို့၌ ဝီထိစိတ်ပေါင်း မည်မျှစီ ရနိုင်ကြသနည်း။

၃၆။ ဈာန်မရသော တိဟိတ်ပုဂ္ဂိုလ်နှင့် ဈာန်မရသည့် သောတာပန်တို့၏ စိတ်တို့သည် မည်သို့ကွာခြားကြသနည်း။

၃၇။ ရဟန္တာ၏စိတ်တို့သည်ပုထုဇဉ်လူသားတို့၏စိတ်များထက် မည်သို့ထူးခြားသနည်း။

၃၈။ အနာဂါမ်သည် စိတ်ဆိုးတတ်သလော။ အနာဂါမ်၌ ဖြစ်နိုင်သောစိတ်တို့ကို ထောက်ပြပါ။

(၃) ကမ္မစတုက္က = ကံလေးမျိုးနှင့်
(၄) မရဏုပ္ပတ္တိစတုက္က = သေခြင်းအကြောင်းလေးမျိုးတို့ဖြစ်ကြ၏။

## ဘုံ ၄-မျိုး

"ဘူမိ = ဘုံ" ဟူသည်မှာ သတ္တဝါတို့၏ဖြစ်ရာတည်ရာ လှည့်လည်ကျက်စားရာ နေရာဌာနဖြစ်၏။

* ဘူမိစတုက္က၌ ပါဝင်ကြသော ဘုံ ၄-ပါးတို့ကား-

(၁) အပါယ်ဘုံ = ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူ၍ အပါယ်ဘုံ ၄-ဘုံ ရှိ၏။ ကာမဒုဂ္ဂတိဘုံဟုလည်း ခေါ်၏။

(၂) ကာမသုဂတိဘုံ = လူ့ဘုံနှင့် နတ်ပြည်ခြောက်ထပ်တို့ ပါဝင်ကြ၏။

(၃) ရူပဘုံ = ပထမဈာန် ၃-ဘုံ, ဒုတိယဈာန် ၃-ဘုံ, တတိယဈာန် ၃-ဘုံနှင့် စတုတ္ထဈာန် ၇-ဘုံ ဟူ၍ ရူပပြဟ္မာဘုံ ၁၆-ဘုံတို့ ပါဝင်ကြ၏။

(၄) အရူပဘုံ = အရူပပြဟ္မာ ၄-ဘုံတို့ ပါဝင်ကြ၏။

သို့အတွက် ဘုံ ၄-မျိုးတွင် အပါယ်ဘုံ ၄-ဘုံ, ကာမသုဂတိ ၇-ဘုံ, ရူပပြဟ္မာ ၁၆-ဘုံ, အရူပပြဟ္မာ ၄-ဘုံဟူ၍ စုစုပေါင်း ဘုံ ၃၁-ဘုံ ပါဝင်ကြ၏။ အပါယ် ၄-ဘုံနှင့် ကာမသုဂတိ ၇-ဘုံတို့ကို ကာမ ၁၁-ဘုံဟု ခေါ်၏။

## အပါယ် ၄-ဘုံ

အပါယ် = အပါယ = အပ + အယ
= ကင်းသည် + ကုသိုလ်ကောင်းမှု
= ကုသိုလ်ကောင်းမှုပြုခွင့် များစွာမရသောဘုံ။

* အပါယ် ၄-ဘုံ ဟူသည်ကား အဘယ်နည်း။

(၁) ငရဲဘုံ = ငရဲကြီး ၈-ထပ်နှင့် ငရဲငယ် ၁၂၈-ထပ်၊
(၂) တိရစ္ဆာန်ဘုံ = တိရစ္ဆာန်ဘဝအမျိုးမျိုး၊

ဤပြဟ္မာသုံးဦးတို့၏ မြတ်သောရတနာရောင်တို့ဖြင့် တောက်ပသောဘုံများသည် ပရိနိမ္မိတဝသဝတ္တီ နတ်ဘုံအထက်ယူဇနာ ငါးသန်းငါးသိန်းရှစ်ထောင် ကွာဝေးသော ကောင်းကင်အရပ်၌ တစ်ပြင်တည်းတည်ရှိကြ၏။

(၂) အပ္ပမာဏာဘာ, အာဘဿရာ ပြဟ္မာတို့အောက် နည်းသောအရောင် အလင်းရှိကြသော ပြဟ္မာတို့ကို ပရိတ္တာဘာဟု ခေါ်၏။

အတိုင်းအရှည်မရှိသောအရောင် ရှိကြသည့်ပြဟ္မာတို့ကို အပ္ပမာဏာဘာ ဟု ခေါ်၏။

ကိုယ်ရောင်ကိုယ်ဝါတို့သည် ထိုမှဤမှထွက်ကာ ထွန်းလင်းတတ်သော ပြဟ္မာတို့ကို အာဘဿရာဟု ခေါ်၏။

ဤပြဟ္မာ သုံးဦးတို့၏ အထူးသဖြင့် မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသောဘုံများသည် ပဌမစျာန်ဘုံ အထက် ယူဇနာငါးသန်း ငါးသိန်းရှစ်ထောင်ကွာဝေးသော ကောင်းကင်အရပ်၌တစ်ပြင်တည်းတည်ရှိကြ၏။

(၃) အထက်ဘုံ၌ဖြစ်ကြသော ပြဟ္မာတို့အောက် နည်းသောတခဲနက်ဖြစ်၍ မတုန်မလှုပ်တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်ရှိကြသည့်ပြဟ္မာတို့ကို ပရိတ္တသုဘာဟု ခေါ်၏။

အတိုင်းအရှည်မရှိသော တခဲနက်ဖြစ်၍ မတုန်မလှုပ်တင့်တယ်ကောင်းမြတ်သည့် ကိုယ်ရောင်ရှိကြသော ပြဟ္မာတို့ကို အပ္ပမာဏသုဘာဟုခေါ်၏။

တခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်းမြတ်သည့် ကိုယ်ရောင်တို့ဖြင့် ထက်ဝန်းကျင်ပြွမ်းသော ပြဟ္မာတို့ကို သုဘကိဏှာဟု ခေါ်၏။

ဤပြဟ္မာသုံးဦးတို့၏ အထူးသဖြင့် မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသောဘုံများသည် ဒုတိယစျာန်ဘုံအထက် ယူဇနာ ငါးသန်း ငါးသိန်းရှစ်ထောင်ကွာဝေးသည့် ကောင်းကင်အရပ်၌ တစ်ပြင်တည်း တည်ရှိကြ၏။

(၄) စျာန်၏အာနုဘော်ကြောင့်ဖြစ်သော ကြီးကျယ်ပြန့်ပြောသည့် အကျိုးရှိသော ပြဟ္မာတို့ကို ဝေဟပ္ဖိုလ်ပြဟ္မာများဟု ခေါ်၏။

သညာ၌ ရှုံ့ရှာစက်ဆုပ်သော ဘာဝနာ၏ အစွမ်းဖြင့် သညာနှင့်တကွသော နာမ်ခန္ဓာတို့မရှိသော သတ္တဝါလည်းဖြစ်ကြသော ပြဟ္မာတို့ကိုအသညသတ္တပြဟ္မာဟု ခေါ်၏။

ဤပြဟ္မာနှစ်ဦးတို့၏ အထူးသဖြင့်အလွန်မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသောဘုံများသည် တတိယစျာန်ဘုံအထက် ယူဇနာ ငါးသန်း ငါး

(၁) အကုသလဝိပါက် ဥပေက္ခာသဟဂုတ်သန္တီရဏ အဟိတ်စိတ်ကို အပါယ် ပဋိသန္ဓေ(ဝါ) ကာမဒုဂ္ဂတိပဋိသန္ဓေဟုခေါ်၏။ အပါယ် ဘုံသားတို့သည် ဤအဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

(၂) ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ အဟိတ်စိတ်ကို ကာမသုဂတိ အဟိတ်ပဋိသန္ဓေဟု ခေါ်၏။ ကာမသုဂတိ လူ့ဘုံ နှင့် စတုမဟာရာဇ်ဘုံတို့၌ ပဋိသန္ဓေအားဖြင့် မျက်စိကန်းသောသူ, နားပင်းသောသူ, ဆွံ့အသောသူ, ရူးသောသူ, နပုန်းပဏ္ဍုက်, ဥဘတောဗျည်း စသောလူတို့သည်လည်းကောင်း၊ အချို့သော ဘုတ်, မှင်စာ, တစ္ဆေ, အစိမ်း, သရဲ, ဘီလူး စသည့် ဝိနိပါတိက အသူရာတို့သည်လည်းကောင်း ဤကုသလဝိပါက် ဥပေက္ခာသဟ ဂုတ် သန္တီရဏအဟိတ်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

မဟာဝိပါက်စိတ် ၈-ပါးတို့ကို ကာမသုဂတိသဟိတ် ပဋိသန္ဓေဟု ခေါ်ပါသည်။ ကာမသုဂတိခုနစ်ဘုံ၌ အာယတနပြည့်စုံသော (ဝါ) အင်္ဂါပြည့်စုံ သော လူနတ်တို့သည် ဤမဟာဝိပါက်သဟိတ်စိတ် ၈-ပါးတွင် တစ်ပါးပါး ဖြင့် ပဋိသန္ဓေနေကြ၏။

(၃) ရူပဝိပါက် ၅-ပါးကို ရူပပဋိသန္ဓေဟု ခေါ်၏။
ပထမဈာန် ၃-ဘုံ ဗြဟ္မာတို့သည် ရူပပထမဈာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။
ဒုတိယဈာန် ၃-ဘုံ ဗြဟ္မာတို့သည် ဒုတိယဈာန်ဝိပါက်, တတိယ ဈာန် ဝိပါက်စိတ် ၂-ပါးတွင် တစ်ပါးပါးဖြင့် ပဋိသန္ဓေနေကြ၏။
တတိယဈာန် ၃-ဘုံဗြဟ္မာတို့သည် စတုတ္ထဈာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

အသညသတ်ဘုံမှကြွင်းသော စတုတ္ထဈာန်ဗြဟ္မာတို့သည် ပဉ္စမဈာန် ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

အသညသတ်ဗြဟ္မာတို့သည် ရုပ်ဖြင့်သာလျှင် ပဋိသန္ဓေနေကြ၏။ စိတ် မရှိကြပါ။

(၄) အရူပဝိပါက်စိတ် ၄-ပါးကို အရူပပဋိသန္ဓေဟု ခေါ်ပါသည်။

အာကာသာနဉ္စာယတန ဗြဟ္မာတို့သည် အာကာသာနဉ္စာယတန ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

ဝိညာဏဉ္စာယတနဗြဟ္မာတို့သည် ဝိညာဏဉ္စာယတန ဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေကြ၏။

၆။ ကာမသုဂတိ ၇-ဘုံဟူသည်မှာ အဘယ်နည်း။ ရေတွက်ပြပါ။

၇။ ကာမ ၁၁-ဘုံဟုရေတွက်ရာ၌ အဘယ်ဘုံများ ပါဝင်ကြသနည်း။ ဒုဂ္ဂတိဘုံမည်မျှ, သုဂတိဘုံမည်မျှ ပါဝင်ကြသနည်း။

၈။ နတ်ဘုံများတကယ်ရှိပါသလား။ အဘယ်မှာရှိသနည်း။ ဘုံအရေအတွက် မည်မျှရှိသနည်း။

၉။ ရုပ်ရှိသောဗြဟ္မာများနှင့် ရုပ်မရှိသောဗြဟ္မာများနေထိုင်ရာဘုံ မည်မျှရှိပါသနည်း။ သုဒ္ဓါဝါသဘုံများတွင် မည်သူများနေထိုင်ကြသနည်း။

၁၀။ လောက၌ ရုပ်မရှိဘဲ နာမ်သက်သက်မျှရှိသော သတ္တဝါများရှိပါသလား။ နာမ်မရှိဘဲ ရုပ်သက်သက်ရှိသောသတ္တဝါများ ရှိပါသလား။ အထောက်ထားများပြပါ။

၁၁။ အသက်လည်းမရှူ၊ အစာလည်းမစားဘဲ ကိုယ်ချည်းသက်သက်သာ မလှုပ်မရှားနေသော သတ္တဝါရှိပါသလား။ အဘယ်ကံကြောင့် ဤဘဝမျိုး ရောက်ရသနည်း။

၁၂။ လူ့ဘုံဟုခေါ်ကြသည့် ဤကမ္ဘာမြေအပြင်တွင် အခြားမည်သည့်ဘုံများ ရှိပါသေးသနည်း။ မည်သို့သောပုဂ္ဂိုလ်များနေထိုင်ကြသနည်း။

၁၃။ နတ်ပြည်မည်မျှရှိသနည်း။ ဤပြည်များ၌ အဘယ်ပုဂ္ဂိုလ်များနေထိုင်ခွင့်ရှိကြသနည်း။

၁၄။ ရှင်ဗြဟ္မာဘုံမည်မျှရှိသနည်း။ အဘယ့်ကြောင့် ဘုံအမျိုးမျိုးကွဲပြားနေရသနည်း။

၁၅။ ပထမဈာန်ဘုံ၌ မဟာဗြဟ္မာဖြစ်နိုင်ရန် မည်သို့သောကုသိုလ်ကံကို ဖြည့်ဆည်းရမည်နည်း။

၁၆။ "အထက်ဘင်္ဂ"ဟု အမည်ရသော နေဝသညာနာသညာဘုံသို့ ရောက်ရန် မည်သို့သောကုသိုလ်ကံအထူးကို စီမံထားရမည်နည်း။

၁၇။ သေလွန်ပြီးသည့်နောက် ငရဲသို့မကျရောက်ဘဲ နတ်ပြည်သို့ရောက်ရှိရန် မည်သို့ ကျင့်ကြံနေထိုင်ရမည်နည်း။

၁၈။ ဘုံ ၃၁-ပါး အမှန်ရှိပါသလား။ ဤဘုံများသည် စိတ်ကူးယဉ်ကာ ကြံဆထားခြင်းမဟုတ်ဘဲ တကယ်ရှိနိုင်ကြောင်းကို ဝေဖန်သုံးသပ်ပြပါ။

၁၉။ ပဋိသန္ဓေ ဘယ်နှစ်မျိုးရှိသနည်း။ အပါယ်ဘုံသားတို့သည် မည်သည့်စိတ်ဖြင့် ပဋိသန္ဓေနေကြသနည်း။

၂၀။ သတ္တဝါများ ပဋိသန္ဓေနေကြသောစိတ် စုစုပေါင်း မည်မျှရှိသနည်း။ လူသားတို့သည် အဘယ်စိတ်တို့ဖြင့် ပဋိသန္ဓေနေကြသနည်း။

၂၁။ ပုဂ္ဂိုလ်ဘယ်နှစ်မျိုး ရှိသနည်း။ အဘယ်ကိုအခြေခံ၍ ပုဂ္ဂိုလ်များကို ခွဲခြားသနည်း။

၂၂။ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်နှင့် သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် မည်သို့ ကွာခြားကြသနည်း၊ ဒွိဟိတ်နှင့်တိဟိတ်ပုဂ္ဂိုလ်တို့သည် မည်သို့ကွာခြားကြသနည်း။

၂၃။ ကာမပဋိသန္ဓေကို သုဂတိ, ဒုဂ္ဂတိခွဲ၍ ရေတွက်ပြပါ။ မဟာဝိပါက်စိတ်သည် အဘယ်ဘုံ၌ ပဋိသန္ဓေကိစ္စတပ်သနည်း။

၂၄။ လူနှင့်စတုမဟာရာဇ်နတ်တို့သည် သက်တမ်း တည်မြဲကြသလော။ သက်တမ်းမည်မျှစီရှိကြသနည်း။

၂၅။ တာဝတိံသာနတ်သက်ကို တာဝတိံသာနှစ်၊ စတုမဟာရာဇ်နှစ်၊ လူတို့၏နှစ်အသီးသီးဖြင့် ရေတွက်ပြပါ။

၂၆။ သက်တမ်းအရှည်ဆုံးဘုံကား အဘယ်ဘုံနည်း။ မည်မျှရှည်ကြာသနည်း။ အဘယ့်ကြောင့် ဤသို့ ရှည်ကြာရသနည်း။

၂၇။ ရူပဝိပါက် ၅-ပါးတွင် အဘယ်ဝိပါက်သည် အဘယ်ဘုံ၌ ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သနည်း။

၂၈။ ကိစ္စအားဖြင့် ကံများကို မည်သို့ခွဲခြားသနည်း။ ပဉ္စာနန္တရိယကံသည် မည်သည့် ကံအမျိုးအစားတွင် ပါဝင်သနည်း။

၂၉။ အကျိုးပေးရာ အလှည့်အကြိမ်အားဖြင့် ကံများကို မည်သို့ခွဲခြားသနည်း၊ ဂရုကကံမရှိသောပုဂ္ဂိုလ် သေဆုံးလျှင် မည်သည့်ကံက အကျိုးပေးမည်နည်း။

၃၀။ အဘယ်ကံမျိုးကို အာစိဏ္ဏကံ, ကဋတ္တာကံဟု ခေါ်သနည်း။ အဘယ်ကံမျိုးကို ဒိဋ္ဌဓမ္မဝေဒနီယ-ဥပပဇ္ဇဝေဒနီယဟု ခေါ်သနည်း။

၃၁။ အကုသိုလ်ကာယကံ ၃-ပါးနှင့် ကုသိုလ်ဝစီကံ ၄-ပါး တို့ကို ဖော်ပြပါ။

၃၂။ ဒုစရိုက် ၁၀-ပါးကား အဘယ်တရားများ ဖြစ်ကြသနည်း။

၃၃။ အကုသလကမ္မပထ ၁၀-ပါး၏ ဖြစ်ကြောင်းစိတ်တို့ကား အဘယ်နည်း။

၃၄။ ကုသလကမ္မပထ ၁၀-ပါး၏သရုပ်ကို ကာယကံ၊ ဝစီကံ၊ မနောကံ ခွဲခြား၍ ရေတွက်ပါ။

၃၅။ ပုညကြိယဝတ္ထု ၁၀-ပါးကို ဖော်ပြပြီးနောက် ၃-ပါးဖြစ်အောင် ပေါင်းစုပြပါ။

၃၆။ ဒွိဟိတ်ဩမကကုသိုလ်နှင့် ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်တို့သည် မည်သို့ ကွာခြားကြသနည်း။ အကျိုးပေးသည့်အခါ မည်သို့ ကွာခြားကြသနည်း။

၃၇။ ကုသိုလ်ပြုသည့်အခါ တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ဖြစ်အောင် မည်သို့ လုပ်ဆောင်ရမည်နည်း။

၃၈။ အသညသတ်ဘုံသို့ ရောက်ကြသောပုဂ္ဂိုလ်တို့သည် မည်သည့်ပုဂ္ဂိုလ် မျိုးဖြစ်သနည်း။ မည်သည့်တရားကို မည်သို့အားထုတ်ခဲ့ကြသနည်း။

၃၉။ ငါးပါးသီလကို စောင့်ထိန်းခြင်းသည် ဒုစရိုက် ၁၀-ပါးကို လုံခြုံစွာ တားဆီးနိုင်ပါသလား၊ ဝေဖန်ဆွေးနွေးပါ။

၄၀။ သေခြင်း ၄-မျိုးကို ဆီမီးဥပမာနှင့် နှိုင်းယှဉ်၍ ရှင်းလင်းပြပါ။

၄၁။ သတ္တဝါတိုင်း သေခါနီးချိန်၌ မရဏာသန္နဇောစောပါသလား။ ထိုဇောစောသည့်အခါ မည်သည့်နိမိတ်မျိုး ထင်လာတတ်သနည်း။

၄၂။ ကမ္မနိမိတ်နှင့် ဂတိနိမိတ်တို့သည် မည်သည့်အာရုံများဖြစ်ကြသနည်း။ အဘယ်အစွမ်းကြောင့် ၎င်းနိမိတ်တို့ ထင်လာကြရသနည်း။

၄၃။ ရူပပဋိသန္ဓေသည် အဘယ်ကိုအာရုံပြုသနည်း။ အရူပပဋိသန္ဓေသည် အဘယ်ကို အာရုံပြုသနည်း။

၄၄။ အရူပစုတိစိတ် မည်မျှရှိသနည်း။ ထိုစုတိများ နောင်ပဋိသန္ဓေမည်မျှ နှောင်းသနည်း။

၄၅။ ရူပစုတိစိတ်မည်မျှ ရှိသနည်း။ ထိုစုတိများ နောင် ပဋိသန္ဓေစိတ်မည်မျှ နှောင်းနိုင်သနည်း။

၄၆။ အသညသတ် စုတိနောင် ပဋိသန္ဓေ မည်မျှနှောင်းသနည်း။

၄၇။ ကာမတိဟိတ်စုတိစိတ်မည်မျှ ရှိသနည်း။ ထိုစုတိများ နောင် ပဋိသန္ဓေ မည်မျှနှောင်းနိုင်သနည်း။

၄၈။ အတိဝိဘူဘာရုံ မနောဒွါရ မရဏာသန္နဝီထိတစ်ခုကိုချပြပါ၊ ထိုဝီထိ၌ ပါဝင်ကြသော ဇောစိတ်များနှင့် စုတိစိတ်တို့သည် မည်သည့်အာရုံကို ယူ၍ မည်သည့်ဝတ္ထုရုပ်ကို မှီကြသနည်း။

၄၉။ ဘဝသစ်၌ ပဋိသန္ဓေစိတ်သည် မည်သည့်အရာကို အာရုံပြု၍ မည်သည့်ဝတ္ထုကိုမှီသနည်း။ ရုပ်မရှိသည့် ဘုံများ၌ ပဋိသန္ဓေစိတ်သည် မည်သည့်ဝတ္ထုကို မှီသနည်း။

၅၀။ ပဋိသန္ဓေနေခြင်း ၄-မျိုးကို ရေးသား၍ အဟိတ် ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသည့် သတ္တဝါများကို ဖော်ပြပါ။ (၁၉၇၈)

၅၁။ ငါးပါးသီလဆောက်တည်လျှင် မည်သည့်ကုသိုလ်ဖြစ်မည်နည်း။ ထိုကုသိုလ်ကြောင့် သွားရောက်ဖြစ်နိုင်သော ဘုံများကို ဖော်ပြပါ။ (၁၉၇၈)

၅၂။ ဒွိဟိတ်ဥက္ကဋ္ဌဒါနကုသိုလ်၏ တရားကိုယ်ကို ထောက်ပြ၍ ထိုကုသိုလ်၏ ပဋိသန္ဓေအကျိုးနှင့် ပဝတ္တိကျိုးတို့ကို ရေးသားပါ။ (၁၉၇၈)

၅၃။ ရုပ်ဖြင့် ပဋိသန္ဓေနေသော သတ္တဝါ၊ နာမ်ဖြင့် ပဋိသန္ဓေနေသော သတ္တဝါ၊ ရုပ်နာမ်နှစ်ပါးဖြင့် ပဋိသန္ဓေနေသော သတ္တဝါတို့ကို

(၂) ပုမ္ဘာဝရုပ်＝အထီးသတ္တဝါဖြစ်ဖို့ရန် အကြောင်းခံဖြစ်သောရုပ်၊ အထီးသတ္တဝါ၏တစ်ကိုယ်လုံး၌ ပျံ့နှံ့၍တည်၏၊

ယောက်ျားနှင့်မိန်းမတို့သည် လိင်＝အင်္ဂါဇာတ်အားဖြင့်လည်းကောင်း၊ နိမိတ္တ＝အသံ,အလိုဆန္ဒအားဖြင့်လည်းကောင်း၊ကုတ္တ＝ရပ်,သွား,ထိုင်,လျောင်းအမူအရာအားဖြင့်လည်းကောင်း၊ အာကပ္ပ＝လက်,ခြေ,ရင်,တင်,ကိုယ်သဏ္ဌာန်အားဖြင့်လည်းကောင်း ကွဲခြားကြ၏။ ဤသို့ကွဲခြားရခြင်း အကြောင်းမှာ ဘာဝရုပ်ကြောင့်ဖြစ်၏။

## ၅။ ဟဒယဝတ္ထုရုပ် ၁-ပါး

နှလုံးသားအတွင်း ပုန်းညက်စေ့လေးက် ပမာဏရှိသည့် တွင်းငယ်၌တည်သော တလက်ဆွမ်းမျှလောက်သွေးတို့ကို မှီ၍ဖြစ်သော စိတ်စေတသိက်တို့၏ မှီရာဝတ္ထုရုပ်ကလေးများကို ဟဒယဝတ္ထုရုပ်ဟု ခေါ်၏။

## ၆။ ဇီဝိတရုပ် ၁-ပါး

ဤရုပ်ကား ကံကြောင့်ဖြစ်သော ရုပ်တို့၏ အသက်ပေတည်း။ မိမိနှင့်အတူတကွဖြစ်သော ကမ္မဇရုပ်တို့၏ အသက်ရှင်ကြောင်းဖြစ်သောကြောင့်ဇီဝိတမည်၏။ ကံကြောင့်ဖြစ်သောရုပ်တို့ကိုစောင့်ခြင်း၌ အစိုးရသောကြောင့်ဣန္ဒြိယမည်၏။ ထို့ကြောင့် ဇီဝိတိန္ဒြေဟုလည်း အမည်ရ၏၊

ဇီဝိတရုပ်သည် တစ်ကိုယ်လုံးကို ပျံ့နှံ့၍ တည်၏။

## ၇။ အာဟာရရုပ် ၁-ပါး

အလုပ် အလွေ့ ပြု၍ မျိုအပ်သောအစားအစာများကို ကဗဠီကာရာဟာရဟု ခေါ်၏၊ ထိုအစားအစာ၌ပါသော အဆီအနှစ်အစေးကို "ဩဇာ" (ဝါ)"အာဟာရရုပ်"ဟု ခေါ်၏။

ရသာရုံနှင့်ဩဇာတို့သည် သဘောချင်းမတူကြပါ။ အရသာဟူသည်မှာ "ချို၊ ချဉ်၊ စပ်၊ ဖန်၊ ငန်၊ ခါး" ခြောက်ပါးတို့တည်း။ ဩဇာသည် ထိုထိုအစာ၌ပါသော အဆီအနှစ်အစေး(nutrient) ဖြစ်၏။

## နိပ္ဖန္နရုပ် ၁၈-ပါးကို ဝေဖန်ခြင်း

အထက်၌ ဖော်ပြခဲ့ပြီးသော မဟာဘုတ် ၄-ပါး, ပသာဒရုပ် ၅-ပါး, ဂေါစရရုပ် ၄-ပါး၊ (ပ-တေ-ဝါ ၃-ပါးပါပြီး), ဘာဝရုပ် ၂-ပါး, ဟဒယဝတ္ထုရုပ် ၁-ပါး, ဇီဝိတရုပ် ၁-ပါး, အာဟာရရုပ် ၁-ပါး, ပေါင်း ၁၈-ပါးတို့သည် နိပ္ဖန္နစသော အမည်များရကြသည်။

အာဟာရ အကြောင်းတရားလေးပါးတို့ မဖြစ်စေအပ်, မပြီးစေအပ်သော ကြောင့် အနိပ္ဖန္နရုပ်မည်ကုန်၏။

(၃) ရုပ် ၁၁-ပါး (ကောဒသ) ရေတွက်နည်း- ရုပ် ၂၈-ပါးကို ဇာတ်အားဖြင့် ပေါင်းလိုက်သည်ရှိသော် ၁၊ ဘူတရုပ်။ ၂၊ ပသာဒရုပ်။ ၃၊ ဂေါစရရုပ်။ ၄၊ ဘာဝရုပ်။ ၅၊ ဟဒယရုပ်။ ၆၊ ဇီဝိတရုပ်။ ၇၊ အာဟာရရုပ်။ ၈၊ ပရိစ္ဆေဒရုပ်။ ၉။ ဝိညတ်ရုပ်။ ၁၀၊ ဝိကာရရုပ်။ ၁၁၊ လက္ခဏာရုပ်, ပေါင်းရုပ် ၁၁-မျိုးကို ရ၏။

(၄) ရုပ် ၂၈-ပါး ရေတွက်နည်း- မဟာဘုတ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဂေါစရရုပ် ၄-ပါး (ပထဝီ, တေဇော, ဝါယောတို့မှာ မဟာဘုတ်၌ ပါပြီး) ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ အာဟာရ ရုပ် ၁-ပါး၊ ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး (ကာယဝိညတ်နှင့် ဝစီဝိညတ်တို့မှာ ဝိညတ်ရုပ် ၂-ပါး၌ပါပြီး) လက္ခဏာရုပ် ၄-ပါး, ပေါင်း ၂၈-ပါး ဖြစ်ပါသည်။

ဥပစယနှင့်သန္တတိရုပ် ၂-ပါးကို ဇာတိရုပ် ၁-ပါး အဖြစ် ရေတွက်လျှင် ရုပ် ၂၇-ပါးရ၏။

## ရူပဝိဘာဂ

ရုပ် ၂၈-ပါးတို့ကို ဂုဏ်ဝိသေသအမျိုးမျိုးဖြင့် ဝေဖန်ခွဲခြားပြခြင်းကို ရူပဝိဘာဂဟု ခေါ်၏။

### ရုပ် ၂၈-ပါးကို စုပေါင်း၍ဝေဖန်ခြင်း

(၁) အဟေတုက ။ ။ရုပ် ၂၈-ပါးသည် လောဘ, ဒေါသ စသည့်ဟိတ် ၆-ပါးနှင့် မယှဉ်သောကြောင့် အဟေတုကမည်၏။ သဟေတုကရုပ်မရှိ။

(၂) သပ္ပစ္စယ ။ ။ကံ, စိတ်, ဥတု, အာဟာရ ဟူသောအကြောင်းခံ ရှိသောကြောင့် သပ္ပစ္စယမည်၏၊ အပ္ပစ္စယရုပ်မရှိ။

(၃) သာသဝ ။ ။ကာမာသဝ။ ဘဝါသဝစသော အာသဝေါ တရားတို့၏ အာရုံဖြစ်သောကြောင့် သာသဝမည်၏။ အနာသဝရုပ်မရှိ။

(၄) သင်္ခတ ။ ။ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း တရားလေးပါးတို့ ပြုစီမံအပ်သောကြောင့် သင်္ခတ မည်၏။ အသင်္ခတရုပ်မရှိ။

ဗဟိဒ္ဓအာဟာရကို မမှီဝဲကြသည့်ပြဟ္မာစသော သတ္တဝါတို့၌ အာဟာရဇရုပ်တို့မရနိုင်ပါ။ ပါစကမီးမရှိသော ဗဟိဒ္ဓသန္တာန်၌လည်း အာဟာရဇရုပ်မဖြစ်နိုင်ပါ။

### ကမ္မဇရုပ် ၁၈-ပါး

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ဣန္ဒြေရုပ် ၈-ပါး၊ဟဒယရုပ်၊ပရိစ္ဆေဒရုပ်ဟူ၍ ကံကြောင့် ကမ္မဇရုပ် ၁၈-ပါးရှိသည်။ ၎င်းတို့အနက် ပသာဒရုပ် ၅-ပါး, ဘာဝရုပ် ၂-ပါး, ဇီဝိတရုပ် ၁-ပါးဟု ဆိုအပ်သော ဣန္ဒြေရုပ် ၈-ပါးနှင့် ဟဒယဝတ္ထုရုပ် ၁-ပါး, ပေါင်း ၉-ပါးတို့သည် ကံအကြောင်း တစ်ပါးဘည်းကြောင့်ဖြစ်သော ကမ္မဇကေန်ရုပ်များ ဖြစ်ကြ၏။ ကြွင်းသည့်ရုပ် ၉-ပါးမှာ အခြား အကြောင်းတို့ကြောင့်လည်း ဖြစ်ပေါ်ကြသည့်အတွက် ၎င်းတို့ကို ကမ္မဇအနေကာန်ရုပ်များဟု သတ်မှတ်ကြ၏။

ထို့ကြောင့် ကမ္မဇရုပ်
၁၈-ပါး = ကမ္မဇကေန် ၉-ပါး + ကမ္မဇအနေကာန် ၉-ပါး
↓ ↓
(ဣန္ဒြေရုပ် ၈ + ဟဒယ ၁) (အဝိနိဗ္ဘောဂ ၈ + ပရိစ္ဆေဒ ၁)

### စိတ္တဇရုပ် ၁၅-ပါး

အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ လဟုတာဒိရုပ် ၃-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ သဒ္ဒရုပ်၊ ပရိစ္ဆေဒရုပ်ဟူ၍ စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ် ၁၅-ပါးရှိသည်။ ၎င်းတို့အနက် ဝိညတ်ရုပ် ၂-ပါးသည် စိတ်အကြောင်းတစ်ပါးတည်းကြောင့်ဖြစ်သော စိတ္တဇကေန်ရုပ်ဖြစ်၏။ ကြွင်းသည့်ရုပ် ၁၃-ပါးမှာအခြား အကြောင်းတို့ကြောင့်လည်း ဖြစ်ပေါ်ကြသည့်အတွက် စိတ္တဇအနေကာန်ရုပ်များဟု မှတ်ယူရ၏။

ထို့ကြောင့် စိတ္တဇရုပ်
၁၅-ပါး = စိတ္တဇကေန် ၂-ပါး + စိတ္တဇအနေကာန် ၁၃-ပါး
↓ ↓
(ဝိညတ်ရုပ် ၂-ပါး) (အဝိနိဗ္ဘောဂ ၈ + လဟုတာဒိ ၃ + သဒ္ဒရုပ် + ပရိစ္ဆေဒရုပ်)

### ဥတုဇရုပ် ၁၃-ပါး

အဝိနိဗ္ဘောဂရုပ် ၈-ပါး, လဟုတာဒိရုပ် ၃-ပါး, သဒ္ဒရုပ်, ပရိစ္ဆေဒရုပ်ဟူ၍ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ် ၁၃-ပါးတို့သည် အားလုံး ဥတုဇအနေကာန်ရုပ်များ ဖြစ်ကြ၏။ ဥတုဇကေန်ရုပ်များမရှိပါ။

## အာဟာရဇရုပ် ၁၂-ပါး

အဝိနိဗ္ဘောဂရုပ် ၈-ပါး, လဟုတာဒိရုပ် ၃-ပါး, ပရိစ္ဆေဒရုပ် ဟူ၍ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ် ၁၂-ပါးရှိပါသည်။ အားလုံး အာဟာရဇအနေကန်ရုပ်များဖြစ်ကြ၏။ အာဟာရဇကေန်ရုပ်များ မရှိပါ။

## ကေဇရုပ် ၁၁-ပါး

ကမ္မဇကေန်ရုပ် ၉-ပါး, စိတ္တဇကေန်ရုပ် ၂-ပါးဟူ၍ အကြောင်းတစ်ပါးကြောင့်သာဖြစ်သော ကေဇရုပ် ၁၁-ပါးရှိသည်။

## ဒွိဇရုပ် ၁-ပါး

အကြောင်း ၂-ပါးကြောင့်ဖြစ်သော ဒွိဇရုပ်မှာ သဒ္ဒရုပ်၁-ပါးသာ ရှိသည်။ စကားပြောသံ, အသက်ရှူသံ စသည်တို့သည် စိတ္တဇသဒ္ဒရုပ်ဖြစ်၏။ ပြင်ပ၌ မိုးသံ, လေသံ, ခေါင်းလောင်းသံ, တုံးခေါက်သံ, ခေတ်သီချင်းသံ စသည်တို့နှင့် ဝမ်းတွင်းရှိလေသံတို့သည် ဥတုကြောင့်ဖြစ်သော ဥတုဇသဒ္ဒရုပ် ဖြစ်ကြ၏။

## တိဇရုပ် ၃-ပါး

အကြောင်း ၃-ပါးကြောင့်ဖြစ်သော ရုပ် ၃-ပါးရှိသည်။ ၎င်းတို့မှာ စိတ်,ဥတု, အာဟာရတို့ကြောင့်ဖြစ်သော လဟုတာဒိရုပ် ၃-ပါးဖြစ်ကြ၏။ စိတ်ကြည်လင်သောအခါ ဥတုသာယာသောအခါ အာဟာရမျှတသောအခါတို့၌ ရုပ်ခန္ဓာ၏ ပေါ့ပါးမှု (ရူပလဟုတာ), ရုပ်ခန္ဓာ၏ နူးညံ့မှု (ရူပမုဒုတာ)နှင့် အမှုကိစ္စများ၌ရုပ်ခန္ဓာ၏ကောင်းမွန်ခံ့ညားမှု (ရူပကမ္မညတာ)ရုပ်တို့ပင်တည်း။

## စတုဇရုပ် ၉-ပါး

အဝိနိဗ္ဘောဂရုပ် ၈-ပါး, ပရိစ္ဆေဒရုပ် ၁-ပါး, ပေါင်း ၉-ပါးသော ရုပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရားလေးပါးကြောင့်ဖြစ်ကြသည့် စတုဇရုပ်များ ဖြစ်ကြ၏။

## လက္ခဏရုပ် ၄-ပါး

လက္ခဏရုပ် ၄-ပါးသည် ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲ ရုပ်တို့၏ ဓမ္မတာဖြစ်သောကြောင့် မည်သည့်အကြောင်းကြောင့် ဖြစ်သည်ဟု မဆိုထိုက်။ မုန့်လုံးကို ဝယ်ယူသောအခါ အတွင်း၌ထန်းလျက်ပလာသကဲ့သို့ ဆိုင်ရာအကြောင်းတရားတို့က ဆိုင်ရာရုပ်ကိုစီမံလိုက်သည့်အခါ ၎င်းဖြစ်ခြင်း၊ရင့်ခြင်း၊ပျက်ခြင်း ဟူသော လက္ခဏာတို့သည်သဘောတထွာဓမ္မတာအလိုက် ပါလာတော့၏။ တသီးတခြား

ပြုစီမံဖွယ်မရှိချေ။ ထို့ကြောင့် "နကုတောစိသမုဋ္ဌာန်" (အဘယ်အကြောင်းကြောင့်မျှမဖြစ်သော) ရုပ် ၄–ပါးရှိသည်ဟု မှတ်အပ်၏။

ရူပသမုဋ္ဌာန်ဆောင်ပုဒ်များ

* ထံ, စိတ်, ဥတု, အာ၊ ဤလေးဖြာ၊ မွတ်ပါသမုဋ္ဌာန်။

ကမ္မဇရုပ်

* ကာ၊ ရူကု၊ ကု၊ တိတိစေစု၊ ကံဟုမှတ်ယူလေ။
(ကာမကုသိုလ်, ရူပကုသိုလ်, အကုသိုလ် အတိတ်စေတနာ ၂၅–ပါးကို ကံဟုမှတ်)

* သန္ဓိဥဆဲ၊ ခဏမစဲ၊ တစပ်ထဲ၊ အမြဲရုပ်ဖြစ်စေ။
(ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ခဏမစဲ မြစ်ရေအယဉ်ကဲ့သို့ရုပ်ဖြစ်စေ၏။)

စိတ္တဇရုပ်

* အရူပဘုံရှိ၊ စိတ်သန္ဓိနှင့်၊ ဒွိဝိညာဏ်၊ နိဗ္ဗာန်ဆုံးစု၊ ကြည့်မှုကြွင်းထ၊ သတိပဋ္ဌ၊ တကွစိတ်နှင့်စေ။
(အရူပဘုံ၌ ဖြစ်သောစိတ်၊ ပဋိသန္ဓေစိတ်၊ ဒွေပဉ္စဝိညာဏ် ၁၀၊ ပရိနိဗ္ဗာန စုတိစိတ်၊ ဤစိတ်တို့ကိုကြဉ်၍ ကြွင်းသောစိတ် ၇၅–ခုနှင့်ယှဉ်တို့၌ ယှဉ်ကြသော စေတသိက် ၅၂-ခုတို့သည် စိတ္တဇရုပ်ကိုဖြစ်စေကြ၏။)

* ပဌမဘဝင်၊ အစတင်လျက်၊ အစဉ်မစဲ၊ ဥပါဒ်ဆဲ၊ အမြဲရုပ်ဖြစ်စေ။

* ဇောအပ္ပနာ၊ ဣရိယာ၊ ကောင်းစွာတည်ခိုင်စေ။

* မနောဒွါရာ၊ ဇောကာမာ၊ ဘိညာသုံးဆယ့်နှစ်။

* ကာယ, ဝါစာ၊ မူဆရာ၊ နှစ်ဖြာဝိညတ်ဖြစ်။

* ဆယ့်သုံးသောမနသ်၊ ပြုံးရယ်တတ်၊ ငိုတတ်ဒေါ်ဇောနှစ်။

ဥတုဇရုပ်

* အချမ်းအပူ၊ နှစ်ဆူအဂ္ဂိ၊ တေဇောဒွိ၊ မှတ်ဘိဥတုပေ။

* သန္ဓိဌီမှ၊ စ၍စဉ်စီ၊ မိမိဌီတိုင်း၊ ခဏဘိုင်းလျှင်၊ အစဉ်မပြတ်၊ အဇ္ဈတ်, ဗဟိဒ်၊ မဆိတ်မစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။

အာဟာရဇရုပ်

* ဗဟိဒ်, အဇ္ဈတ်၊ နှစ်ရပ်သြဇာ၊ ရောမိခါ၌၊ ဌီသို့ဆိုက်က၊ အဇ္ဈတ္တဝယ်၊ ခဏမစဲ၊ တသဲသဲ၊ အမြဲရုပ်ဖြစ်စေ။

(၃) လဟုတာဒိကောဒသကာကလာပ် = အဝိနိဗ္ဘောဂရုပ် ၈ ပါး+ လဟုတာဒိရုပ် ၃-ပါးတို့၏ အဖွဲ့အစု။

(၄) သဒ္ဒလဟုတာဒိဒွါဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈-ပါး+ သဒ္ဒ+လဟုတာဒိတို့၏ အဖွဲ့အစု။

အာဟာရဇကလာပ် ၂-စည်း

(၁) သုဒ္ဓဋ္ဌကကလာပ်= အာဟာရကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ် ၈-ပါးတို့၏ အဖွဲ့အစု။

(၂) လဟုတာဒိကောဒသကကလာပ် = အဝိနိဗ္ဘောဂရုပ် ၈-ပါး+လဟုတာဒိရုပ် ၃-ပါးတို့၏ အဖွဲ့အစု။

အဇ္ဈတ္တသန္တာန်၌ ရအပ်သော ရုပ်ကလာပ်များ

သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ဖော်ပြခဲ့ပြီးသော ကလာပ် ၂၁-စည်း လုံးကို ရအပ်၏။ သို့သော် အထီးသတ္တဝါတို့၌ ဣတ္ထိဘာဝဒသက ကလာပ်ကို မရထိုက်။ အမသတ္တဝါတို့၌ ပုမ္ဘာဝဒသကကလာပ်ကို မရထိုက်။ ပဋိသန္ဓေ အားဖြင့် မျက်စိကန်းသူ နားပင်းသူတို့တွင် စက္ခုဒသကကလာပ်, သောတ ဒသကကလာပ်တို့ကို မရထိုက် စသည်ဖြင့် သိအပ်၏။

ဗဟိဒ္ဓရုပ်ကလာပ် ၂ စည်း

* သတ္တဝါတို့၏ သန္တာန်မှအပ ဗဟိဒ္ဓသန္တာန်၌ အဘယ်ရုပ်ကလာပ်တို့ကို ရအပ်သနည်း။

ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ်ဟူသည့် ကလာပ် ၂-စည်းကိုသာ ရအပ်၏၊

(ဗဟိဒ္ဓသန္တာန်=ခန္ဓာကိုယ်ပြင်ပ အဝိညာဏက (သက်မဲ့) ဖြစ်သော သစ်ပင်တောတောင် စသည်တို့)

သစ်ပင်, တော တောင်, မြေ ရေ လေ မီး, အိမ် ကျောင်း စသည်တို့၌ ပါရှိအပ်သောရုပ်တို့သည် ဥတုကြောင့်ဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်ချည်းသာ ဖြစ်ကြ၏။ အလောင်းကောင်များ၌လည်း ဤဥတုဇသုဒ္ဓဋ္ဌကကလာပ် ၁စည်း သာ ပါရှိ၏။

တိုင်ပင် ဝါးပင် စသည်တို့၌ လေတိုက်ခတ်၍ သော်လည်းကောင်း၊ အချင်းချင်းကြိတ်မိ ခိုက်မိ၍သော်လည်းကောင်း၊ တမင်တီး၍ခေါက်၍ သော် လည်းကောင်း အသံထွက်ပေါ်လာသည့်အခါ၌ ဖြစ်အပ်သောရုပ်တို့ကား ဥတု ကြောင့် ဖြစ်သည့်သဒ္ဒနဝက ကလာပ်များသာတည်း။

အသညသတ်ဖြဟ္မာများသည် ဇီဝိတနဝကရုပ်နှင့် ပဋိသန္ဓေနေကြသည့်အတွက် ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ်သာရ၏။ အခြား ရူပဖြဟ္မာများကဲ့သို့ ဃာနဒသက၊ ဇိဝှာဒသက၊ ဘာဝဒသကနှင့် အာဟာရဇ ကလာပ်များကို မရထိုက်သည့်အပြင် စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသကနှင့် သဒ္ဒနဝက ကလာပ်များကိုလည်း မရထိုက်ချေ။ ထို့ပြင် စိတ်မရှိသောကြောင့် စိတ္တဇကလာပ်အားလုံးကို မရထိုက်ချေ။

ပဝတ္တိအခါတွင်မူ ဥတုဇကလာပ် ၄-စည်းတွင် သဒ္ဒဆိုင်ရာမရသောကြောင့်သုဒ္ဓဋ္ဌကကလာပ်နှင့်လဟုတာဒိဧကာဒသကကလာပ် ၂-စည်းတို့ကိုသာ ရ၏။

သို့ဖြစ်၍ အသညတဘုံ၌ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဇီဝိတရုပ်တစ်ပါး၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟူသည့် လဟုတာဒိရုပ် ၃-ပါး၊ ရုပ်ကလာပ်တိုင်း၌ ပါဝင်ကြသော လက္ခဏရုပ် ၄-ပါးနှင့် အာကာသဓာတ် ၁-ပါး၊ ပေါင်း ၁၇-ပါးတို့ကို ရရှိ၏။

**ဆောင်ပုဒ်။** ။အဝိနိဗ္ဘောဂ၊ ဇီဝိတနှင့်၊ သုံးဝလဟု၊ တာဒိရှု၍၊ စတု
လက္ခဏာ၊ အာကာသာ၊ ပေါင်းပါ ဆယ့်ခုနစ်။

**မှတ်ချက်။** ။ကာမဘုံ၌ ပဝတ္တိအခါဝယ် ရုပ် ၂၈-ပါးထိုက်သည့်အားလျော်စွာ ရပြီး အသညသတ်မှတစ်ပါး ရူပ ၁၅-ဘုံ၌ ဃာန, ဇိဝှာ, ကာယပသာဒနှင့် ဘာဝရုပ် ၅-ပါးကြဉ်သော ရုပ် ၂၃-ပါးကိုရ၏။ အရူပဘုံ၌ ရုပ်တစ်ပါးမျှ မရှိချေ။

## ပဋိသန္ဓေအခါ မရထိုက်သောရုပ်များ

သဒ္ဒရုပ်၊ ဝိညတ်ဒွေနှင့် လဟုတာဒိဟူသည့် ဝိကာရရုပ် ၅-ပါး၊ ဇရတာနှင့် အနိစ္စတာရုပ်တို့ ပဋိသန္ဓေအခါ၌ မရကောင်းချေ။

ပဝတ္တိအခါ၌ ရုပ် ၂၈-ပါးလုံးကို ထိုက်သလိုရ၏။

## နိဗ္ဗာန်

* အဘယ်သဘောတရားကို နိဗ္ဗာန်ဟု ခေါ်သနည်း။

ကိလေသာတရားနှင့်ဒုက္ခတရားတို့၏ ချုပ်ငြိမ်းခြင်းကြောင့်စိတ်သန္တာန်၌ အေးချမ်းခြင်း, ငြိမ်းချမ်းခြင်း (သီတိ,သန္တိ)သဘောသည်ဖြစ်၏။ သံလိုက်တုံးဝယ် သံမှုံများပြေးဝင်တွယ်ကပ်ဘိသကဲ့သို့ ဤအေးချမ်းခြင်း, ငြိမ်းချမ်း

နိဗ္ဗာန်တွင် ဘောင်တွဲအပ်သော တရားလည်း မရှိချေ။ ဤသို့ပူပူဆာဆာ ဘက္ကာဖြင့်လည်း မတောင့်တအပ်၊ ပူပူဆာဆာ တောင့်တသော တဏှာလည်းမရှိ၍ ပူ အခြင်းအရာ အာကာရကို စွဲမှတ်၍ "အပ္ပဏိဟိတနိဗ္ဗာန်" ဟူသော အမည် ဖြစ်ပေါ်လာ၏။

## လေ့ကျင့်ရန် မေးခွန်းများ

၁။ အဘယ်ကို ရုပ်ဟုခေါ်သနည်း။ ရုပ်သည် ပရမတ္ထတရားလော။ အဘယ်ကြောင့် ရုပ်အမျိုးမျိုး ကွဲပြားရသနည်း။

၂။ အဘယ်ရုပ်မျိုးကို ဘူတရုပ်ဟုခေါ်သနည်း။ အဘယ်ရုပ်ကိုဥပါဒါရုပ်ဟု ခေါ်သနည်း။

၃။ ခါတ်ကြီးလေးပါးဟု အမည်ရကြသော ပထဝီ, အာပေါ, တေဇော, ဝါယောတို့သည် ရုပ်တရားများလော။ ၎င်းတို့ကို အဘယ်ကြောင့် မဟာဘုတ်ဟုလည်း ခေါ်တွင်ကြသနည်း။

၄။ ပသာဒရုပ် ၅-ပါးကား အဘယ်နည်း။ ၎င်းတို့သည် မည်သည့်နေရာ၌ တည်ရှိကြသနည်း။

၅။ အဘယ်ရုပ်တို့ကို ဂေါစရရုပ်ဟု ခေါ်သနည်း။ ရုပ်တရားများကို စရ တွက်ရာ၌ ဂေါစရရုပ်များဟု အဘယ့်ကြောင့် ၇-ပါးတစ်နည်း၊ ၄-ပါး တစ်နည်း ရေတွက်ကြသနည်း။

၆။ ယောကျ်ားနှင့် မိန်းမတို့တွင် မည်သည့်ရုပ် ကွာခြားကြ သနည်း။ ယောကျ်ားအဖြစ်မှ မိန်းမအဖြစ်သို့ လည်းကောင်း၊ မိန်းမအဖြစ်မှ ယောကျ်ားအဖြစ်သို့လည်းကောင်း၊ ကူးပြောင်းသွားရာတွင် မည်သည့် ရုပ် ပြောင်းလဲသွားသနည်း။

၇။ ဘာဝရုပ်, ဟဒယရုပ်နှင့် ဇီဝိတရုပ်တို့ကို ရှင်းပြပါ။ ၎င်း ရုပ်တို့သည် မည်သည့်အရပ်၌ တည်ရှိကြသနည်း။

၈။ သတ္တဝါတစ်ဦး၏ အသက်သည် မည်သည့်နေရာ၌ တည်ရှိသနည်း။ သတ္တဝါတစ်ဦး သေသည် မသေသည်ကို သိရှိရန် မည်သို့ထောက်လှမ်း သင့်သနည်း။

၉။ သဘာဝရုပ်, သလက္ခဏရုပ်တို့ကား အဘယ်နည်း။ အဘယ့်ကြောင့် ဤအမည်များဖြင့် ဤရုပ်တို့ကို ခေါ်ဆိုသနည်း။

၁၀။ နိပ္ဖန္နရုပ်နှင့် အနိပ္ဖန္နရုပ်တို့ကို ခွဲခြားပြပါ။

၁၁။ ဝိပဿနာတရား ရှုမှတ်ရာတွင် အနိပ္ဖန္နရုပ်များကို ရှုကောင်းသလော။ မည်သည့်ရုပ်ကို ရှုမှတ်ရမည်နည်း။

၁၂။ အဘယ်ရုပ်ကို ဣန္ဒြိယရုပ်ဟုခေါ်၍ အဘယ်ရုပ်တို့ကို အနိန္ဒြိယရုပ်ဟု ခေါ်သနည်း။

၁၃။ ပရိစ္ဆေဒရုပ်နှင့် ဝိညတ္တိရုပ်တို့ကား အဘယ်နည်း။ ၎င်းတို့သည်ပရမတ် အစစ် များလော။

၁၄။ ''စကားသံ''နှင့်''ရထားသံ'' တို့သည် အဘိဓမ္မာရှုထောင့်အရမည်သို့ ကွာခြားကြသနည်း။

၁၅။ လဟုတာဒိရုပ် ၃-ပါးအား အဘယ်နည်း။ မည်သည့်အခါ၌ ၎င်းရုပ် များ ထင်ရှားကြသနည်း။ ၎င်းတို့ကို အဘယ်ကြောင့် တိဇရုပ်များဟု ခေါ်သနည်း။

၁၆။ ဥပစယရုပ်နှင့် သန္တတိရုပ်တို့သည် မည်သို့ကွာခြားကြသနည်း။ ဇရတာ ရုပ်နှင့် အနိစ္စတာရုပ်တို့သည် မည်သို့ကွာခြားကြသနည်း။

၁၇။ လက္ခဏရုပ်တို့ကား အဘယ်နည်း။ ၎င်းတို့သည် အမှန်တကယ် ရှိနေ ကြသော ရုပ်များလော။

၁၈။ အဘယ်ကို အဇ္ဈတ္တိကရုပ်ဟုခေါ်၍ အဘယ်ကို ဗာဟိရရုပ်ဟု ခေါ် သနည်း။

၁၉။ ဝတ္ထုရုပ်နှင့် ဒွါရရုပ်တို့သည် မည်သို့ကွာခြားကြသနည်း။

၂၀။ သြဠာရိကရုပ်နှင့် သုခုမရုပ်တို့ကို ခွဲခြားပြပါ။ အဘယ်ရုပ်ကိုသန္တိကေ ရုပ်, သပ္ပဋိဃရုပ်ဟုလည်း ခေါ်ဆိုသနည်း၊ အဘယ်ကြောင့်နည်း။

၂၁။ ဥပါဒိန္နရုပ်နှင့် အနုပါဒိန္နရုပ်တို့သည် မည်သို့ ကွာခြားကြသနည်း။

၂၂။ မြင်ကောင်းသောရုပ်ကား အဘယ်နည်း။ အာရုံကိုယူတတ်သော ရုပ်နှင့် မယူတတ်သောရုပ်တို့အား အဘယ်နည်း။

၂၃။ အဝိနိဗ္ဘောဂရုပ်ဟူသည်ကား အဘယ်နည်း။ ဤရုပ်ကို ထောက်ရှု၍ ''ရေတွင် မီးရှိသည်, လေတွင် မြေရှိသည်''ဟု ဆိုနိုင်ပါသလော။ အကြောင်းပြပါ။

၂၄။ ရုပ်ကိုဖြစ်စေတတ်သော ကံတို့အား အဘယ်နည်း။ ကံကြောင့်ဖြစ်သော ရုပ်များကား အဘယ်နည်း။

၂၅။ တန်ခိုးရှင်တစ်ဦးဦးက ရုပ်ကိုဖန်တီးနိုင်ပါသလော။ ရုပ်ကိုဖြစ်စေတတ် သော အကြောင်းတရားတို့အား အဘယ်နည်း။

၂၆။ ရုပ်ကိုဖြစ်စေတတ်သောစိတ်တို့အား အဘယ်နည်း၊ ၎င်းစိတ်တို့အနက် ဣိုရိယာပုထ်ကြော်ငြာခြင်းကို ဖြစ်စေတတ်သောစိတ်တို့ကား အဘယ်နည်း။ ပြုံးရယ် ခြင်းကို ဖြစ်စေတတ်သော စိတ်တို့ကား အဘယ်နည်း။

၂၇။ ရုပ်ဆနမည်နှင့် ဝိညတ်ရုပ်တို့ကို ဖြစ်စေသည့်အပြင် ဣရိယာပုထ်-၄-ပါးကို ထောက်ပံ့တတ်သော စိတ်တို့ကား အဘယ်နည်း။

၂၈။ ပုထုဇဉ်၊ သောတာပန်နှင့် ရဟန္တာ ပုဂ္ဂိုလ်တို့သည် မည်သည့်စိတ်များဖြင့် အသီးသီး ပြုံးရယ်ကြသနည်း။

၂၉။ ရုပ်ကိုဖြစ်စေခြင်းနှင့်တကွ ဣရိယာပုထ်ကို ထောက်ပံ့နိုင်သောစိတ် မည်မျှရှိသနည်း။ ရေတွက်ပြပါ။

၃၀။ အဘယ်ဥတုသည် ရုပ်ကို ဖြစ်စေနိုင်သနည်း။ ဥတုကြောင့်ဖြစ်သော ရုပ်တို့ကား အဘယ်နည်း။

၃၁။ ဩဇာသည် လူတစ်ယောက်၌ မည်သည့်အချိန်တစ၍ မည်သည့်အချိန်အထိ ရုပ်ကိုဖြစ်စေသနည်း။ ဩဇာကြောင်း တစ်ပါးတည်းကြောင့်ဖြစ်သော ရုပ် မည်မျှရှိသနည်း။

၃၂။ ဂဗ္ဘသေယျက သတ္တဝါတို့အား အာဟာရဇရုပ်သည်မည်သည့်အခါက စ၍ ဖြစ်ပါသနည်း။ မည်သည့်အခါတွင် နောက်ဆုံးဖြစ်ပါသနည်း။ မည်သည့်အခါတွင် အားလုံးချုပ်ငြိမ်းသွားကြသနည်း။

၃၃။ သတ္တဝါတစ်ဦးတွင် ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်နှင့် စတုဇရုပ်တို့ မည်မျှစီ ရှိနိုင်သနည်း။ ရေတွက်ပြပါ။

၃၄။ ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်နှင့် အာဟာရဇရုပ်တို့ကို အမည်မျှဖော်ပြခဲ့ပါ။

၃၅။ ရုပ်တို့ကို ရေတွက်ရာ၌ ရုပ်၂-ပါး, ရုပ် ၁၁-ပါး, ရုပ် ၂၇-ပါး ရေတွက်ပုံတို့ကို ရှင်းပြပါ။

၃၆။ ရုပ် ၂၈-ပါးတွင် အဘယ်ရုပ်ကို ဥတုခေါ်သနည်း။ သစ်ပင် တောတောင် စသည့် သက်မဲ့ဝတ္ထုများ၌ မည်သည့်ရုပ်များ ပါရှိသနည်း။

၃၇။ ရုပ်တို့သည် တစ်ခုချင်း ဖြစ်ပါသလား။ အစုအဖွဲ့လိုက် ဖြစ်ပါသလား။ ရူပကလာပကို ထောက်ရှု၍ ဖြေပါ။

၃၈။ ကမ္မဇရုပ်ကလာပ်ပေါင်း မည်မျှရှိသနည်း။ ၎င်းကလာပ် တစ်ခုစီ၏ ဖွဲ့စည်းထားပုံကို သိသာရုံဖော်ပြပါ။

၃၉။ စိတ္တဇကလာပ်ပေါင်း မည်မျှရှိသနည်း။ ၎င်းကလာပ်တို့၏ စုဖွဲ့ထားပုံကို ဖော်ပြပါ။

၄၀။ ဥတုဇကလာပ်ပေါင်းမည်မျှရှိသနည်း။ ၎င်းတို့အနက် မည်သည်တို့ကို အဇ္ဈတ္တသန္တာန်၌ရနိုင်ပြီး မည်သည်တို့ကို ဗဟိဒ္ဓသန္တာန်၌ရနိုင်သနည်း။

၄၁။ အာဟာရဇကလာပ်ပေါင်း မည်မျှရှိသနည်း။ ၎င်းကလာပ်တို့ကိုမည်သို့ဖွဲ့စည်းထားသနည်း။ ဗြဟ္မာများ၌ ၎င်းကလာပ်များ ရှိနိုင်သလော။ အကြောင်းပြပါ။

၄၂။ ယောကျ်ားတစ်ဦးတွင် ရုပ်ကလာပ်ပေါင်း မည်မျှရနိုင်သနည်း။ မိန်းမ တစ်ဦးတွင် ရုပ်ကလာပ်ပေါင်း မည်မျှရနိုင်သနည်း။ မွေးဖွားကတည်း က မျက်စိကန်းလာသော ကြောင်မကလေးတစ်ကောင်၌ ရုပ်ကလာပ် ပေါင်း မည်မျှရနိုင်သနည်း။

၄၃။ ရုပ်များကို ကလာပ်ဖွဲ့စည်းရာ၌ မည်သည့်ရုပ်တို့ကို ချန်လှပ်ထားရ သနည်း။ အဘယ်ကြောင့်နည်း။

၄၄။ ယောနိ ၄-မျိုးကို ဖော်ပြပါ။ ကမ္ဘာဦးလူတို့သည် မည်သည့်ယောနိ တွင် ပါဝင်ကြသနည်း။

၄၅။ သံသေဒဇနှင့် ဩပပါတိကသတ္တဝါတို့၌ ပဋိသန္ဓေအခါဝယ်မည်သည့် ကလာပ်များကို ရထိုက်သနည်း။ မည်သည့်ကလာပ်များ ချို့ကောင်း သနည်း။

၄၆။ 'ကလလရေကြည်' ဟူသည်ကား အဘယ်နည်း။ ၎င်းတွင် ကလာပ် ပေါင်း မည်မျှ, ရုပ်မည်မျှပါရှိနိုင်သနည်း။

၄၇။ အောက်ပါ ပုဂ္ဂိုလ်များအသီးသီး၌ မည်သည့်ယောနိကိုရအပ်သနည်း။ ငရဲသား, တိရစ္ဆာန်, လူ, ဘုမ္မစိုးဝိနတ်, မီးသရဲ ပြိတ္တာ, တုသိတာနတ်, ဗြဟ္မာ။

၄၈။ ကမ္မဇရုပ်တို့သည် အဘယ်အခါက စ၍ဖြစ်ကြသနည်း။ အဘယ်အခါ နောက်ဆုံးဖြစ်၍ အဘယ်အခါ နောက်ဆုံးချုပ်ကြသနည်း။

၄၉။ စိတ္တဇရုပ်တို့သည် ဘယ်အခါက စ၍ ဖြစ်သနည်း။ ဘယ်အခါ၌ နောက်ဆုံးဖြစ်၍ ဘယ်အခါ အဆုံးသတ်ချုပ်ကြသနည်း။

၅၀။ ဥတုဇရုပ်တို့သည် ဘယ်အခါကစ၍ ဖြစ်သနည်း။ ဘယ်အခါတိုင် အောင် ဖြစ်နိုင်ကြသနည်း။

၅၁။ အာဟာရဇရုပ်တို့သည် ဘယ်အခါကစ၍ ဖြစ်တတ်သနည်း။ ဘယ် အခါ၌ နောက်ဆုံးဖြစ်၍ဘယ်အခါ အဆုံးသတ်ချုပ်ကြသနည်း။

၅၂။ လူသေအလောင်းကို အဘယ့်ကြောင့် ဥတုဇရုပ်ကလာပ်ဟု ခေါ် သနည်း။ သေဆုံးသောအခါ အလောင်းကောင် မကျန်ရစ်သော သတ္တဝါတို့ကား အဘယ်နည်း။ အဘယ့်ကြောင့် အလောင်းကောင် မကျန်ရစ်သနည်း။

၅၃။ ဘုံ ၃-ပါး၌ ရထိုက်သော ရုပ်အသီးသီးတို့ကို ဖော်ပြပါ။

၅၄။ ရူပဗြဟ္မာများ၌ မည်သည့်ရုပ်များကို မရထိုက်သနည်း။ အဘယ် ကြောင့်နည်း။

၅၅။ အသညသတ်ဘုံ၌ ရထိုက်သော ကမ္မဇကလာပ်နှင့် ဥတုဇကလာပ် တို့ကို ဖော်ပြပါ။ အဘယ့်ကြောင့် စိတ္တဇကလာပ်နှင့် အာဟာရဇ ကလာပ်များကို မရထိုက်သနည်း။

၅၆။ ပဋ္ဌာနဒွေ၏ဥပါဒ်ခဏ၌ မရထိုက်သောရုပ်များကို ဖော်ပြပါ။

၅၇။ နိဗ္ဗာန်ဟူသည်တာ အဘယ်နည်း။ နိဗ္ဗာန်သည် အမှန်ရှိပါသလော။ အထောက်အထားပြပါ။

၅၈။ နိဗ္ဗာန်သည် ဘယ်နှစ်မျိုးရှိသနည်း။ နိဗ္ဗာန် ၂-မျိုးဟူရာ၌ ဓည်သည် တို့ကို ဆိုလိုသနည်း။

၅၉။ နိဗ္ဗာန်ကို အဘယ့်ကြောင့် သုညတ, အနိမိတ္တ, အပ္ပဏိဟိတဟု ခေါ်ပါသနည်း။

၆၀။ ဇာတိရုပ်ဆိုသည်မှာအဘယ်နည်း။ စိတ်ကရုပ်ကိုဖြစ်စေရာ၌ ဖြစ်စေပုံ ဖြစ်စေနည်းကို ရှင်းပြပါ။ (၁၉၇၈)

၆၁။ အောက်ပါတို့သည် ရုပ်ဖြစ်ကြောင်း တရားများတွင် မည်သည့် အကြောင်းများကြောင့် ဖြစ်ကြသနည်း။ အသီးသီး ဖော်ပြပါ။
(က) မျက်စိအကြည်ဓာတ်၊ (ခ) အသက်ရှူသံ၊
(ဂ) ရုပ်ခန္ဓာပေါ့ပါးမှု၊ (ဃ) ခေါင်းလောင်းသံ၊
(င) မေးမြန်းသောအခါ ဦးခေါင်းခါပြခြင်း။ (၁၉၇၈)

၆၂။ သစ်ပင်, တော, တောင်,ဗဟိဒ္ဓသန္တာန်၌ ရနိုင်သောရုပ်ကလာပ်တို့ကို တိကျစွာပြဆို၍ တမ္မဇရုပ်တို့၏ နောက်ဆုံးဖြစ်ရာကာလ,ချုပ်ရာကာလ တို့ကို သင်္ဂြိုဟ်ကျမ်းနှင့်အညီ သတ်မှတ်ပြပါ။ (၁၉၇၈)

၆၃။ အောက်ပါတို့သည် ရုပ်ဖြစ်ကြောင်း လေးပါးတို့တွင် မည်သည့် အကြောင်းကြောင့် ဖြစ်ပါသနည်း။
(က) လျှာအကြည်ဓာတ်၊
(ခ) ကိုယ်ဖြင့်သိစေသောအမူအရာ၊
(ဂ) စကားပြောသံ၊ (ဃ) ခေါင်းလောင်းသံ၊
(င) ကိုယ်ခန္ဓာပေါ့ပါးမှု။ (၁၉၇၉)

၆၄။ အောက်ပါတရားများကို အဘိဓမ္မာတရားကိုယ် ထောက်ပြပါ။
(က) မတ်တတ်ရပ်မှုကို အထောက်အပံ့ပြုသောစိတ်။
(ခ) ကိုယ်ဖြင့် သိစေမှုကို ဖြစ်စေသောစိတ်။
(ဂ) လူကို ရယ်ရွှင်စေသောစိတ်။ (၁၉၇၉)

၆၅။ သစ်ပင်နှင့် စည်သံ ဗျောသံတို့၌ ရထိုက်သောရုပ်ကလာပ်နှင့် ရုပ်တရား တို့ကို ထောက်ပြပြီးလျှင် ပဋ္ဌာနအခါ ကလလရေကြည်ဟုခေါ်သော ရုပ်ကလာပ် သုံးမျိုးကို ရုပ်ပိုင်းအရ ဖော်ပြခဲ့ပါ။ (၁၉၇၉)

၈၇။ နိဗ္ဗာန်သည် သေပြီးမှရအပ်သောတရားမျိုးသာဖြစ်ပါသလော။ သင်္ဂဟကျမ်းလာ နိဗ္ဗာန် ၂-မျိုးကို ကိုးကားလျက် ကျေနပ်ဖွယ်ဖြစ်အောင် ဖြေဆိုပါ။ (၁၉၈၇)

၈၈။ မိန်းမ ယောကျ်ား ကွဲပြားစေသော ရုပ်များကို ဖော်ပြ၍ ရုပ် ၂၈-ပါး တွင် ရုပ်တစ်မျိုးတည်းက အမည်နှစ်မျိုးဖြင့် ပါဝင်နေသောရုပ်ကို ကျမ်းလာအတိုင်း ဖော်ပြပါ။ (၁၉၈၈)

၈၉။ သက်ရှိသတ္တဝါများ သွားလာလှုပ်ရှား စကားဆိုနိုင်အောင် ပြုလုပ်ပေးသော စိတ်များကို ရေးသားပြပါ။ (၁၉၈၈)

၉၀။ အာဟာရပြည့်ဝမှ လူကျန်းမာသည်ဟု ဆိုကြရာဝယ် အစားအစာတွင် ပါဝင်သော အာဟာရဓာတ်တို့သည် ဘယ်အခါမှုစ၍ လူကို အား ဖြစ်စေပါသနည်း။ အဘိဓမ္မာနည်းကျ ဖြေဆိုပြပါ။ (၁၉၈၈)

၉၁။ လူသားတစ်ဦး၏ဘဝတွင် အစအဆုံးဖြစ်သော ရုပ်နှင့် နောက်ဆုံး ဖြစ်သော ရုပ်တို့ကို ရုပ်ဖြစ်စဉ်နှင့် ရုပ်လေးမျိုး နောက်ဆုံးချုပ်ပုံကို မြော်ချင့်၍ ဖော်ပြခဲ့ပါ။ (၁၉၈၈)

၉၂။ ရေကို အဘိဓမ္မာအမြင်ဖြင့် သုံးသပ်ကြည့်လျှင် ပရမတ်ရုပ်ပေါင်း အ သောင်းမက ပါဝင်လျက်ရှိပေသည်။ ထိုရာတွင် အမြဲထာဝရ ခွဲရသော ရုပ်များကိုသာ တစ်ခုစီ ရေတွက်ပြပါ။ (၁၉၈၉)

၉၃။ "တေဇောမနိုင် ဆေးမကိုင်နှင့်"ဟု ဆေးပညာဆိုရိုးစကားရှိခဲ့ရာတေ ဇောအကြောင်းကို သင်သိသမျှ ဖြေဆိုပြီးလျှင်၊ စိတ်ကြောင့်သာဖြစ် သော ရုပ်ကိုလည်း ညွှန်ပြခဲ့ပါ။ (၁၉၈၉)

၉၄။ ရုပ်ဖြစ်စဉ် အဘိဓမ္မာသဘောအရ သစ်ပင်တစ်ပင် ရှင်သန်နေခြင်းကို ကလာပ်စည်းအားဖြင့် ဖြေဆိုပြပါ။ (၁၉၈၉)

○

သမထဘာဝနာအားထုတ်သဖြင့် စျာန်တရားများ ဖြစ်ပေါ်လာသည့်အခါ ကိလေသာများသည် အခိုက်အတန့်အားဖြင့် ငြိမ်းအေးကြသည့်အတွက် စျာန်ချမ်းသာသည် ကာမဂုဏ်ချမ်းသာထက် အဆပေါင်းများစွာ သာလွန်လေ၏။

ဝိပဿနာဘာဝနာလက်နက်ဖြင့် ကိလေသာအနှောင်အဖွဲ့ အားလုံးကို အပြီးအပိုင် ချုပ်ငြိမ်းပယ်သတ်၍ ရရှိအပ်သော ဖိုလ်ချမ်းသာနိဗ္ဗာန်ချမ်းသာကား အတုမရှိချမ်းသာသော ချမ်းသာဖြစ်ဆဖြင့် စျာန်ချမ်းသာထက် အဆပေါင်းများစွာ သာလွန်၏။

သို့အတွက် ကိလေသာတို့ကို ချုပ်ငြိမ်းပယ်သတ်ရေးဖြစ်သည့် ဘာဝနာအလုပ်တို့သည် လက်ငင်းအကျိုးကျေးဇူးကြီးမားလှသော အဖိုးတန်ဆုံး ဘဝအလုပ်များ ဖြစ်ကြ၏။

"သီလ, သမာဓိမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှင်နေရခြင်းထက် သီလရှိ၍ သမထဝိပဿနာရှုမှတ်နေသော သူ၏ တစ်ရက်မျှအသက်ရှင်ရခြင်းသည် မြတ်၏" (ဓမ္မပဒ-၁၁၀)

"ရာဂနှင့်တူသော မီးသည်မရှိ။ ဒေါသနှင့်တူသော အပြစ်သည်မရှိ။ မောဟနှင့်တူသော အမိုက်မှောင်သည် မရှိ။ ခန္ဓာနှင့် တူသောဆင်းရဲသည်မရှိ၊ နိဗ္ဗာန်နှင့်တူသော ချမ်းသာသည် မရှိ" (ဓမ္မပဒ-၂၀၂)

သတ္တဝါတိုင်း ရာဂမီး, ဒေါသအပြစ်, မောဟအမိုက်မှောင်နှင့် ခန္ဓာဆင်းရဲတို့ကို လွန်မြောက်၍ နိဗ္ဗာန်ချမ်းသာကို လက်ဝယ်ပိုင်ပိုင် ရရှိခံစားနိုင်ပါစေသတည်း။

○

ထို့နည်းအတူ လောဘ, ဒိဋ္ဌိ, မောဟဟူသော အာသဝေါတရားစုသည် အနမတဂ္ဂသံသရာဝယ် သတ္တဝါတို့၏ ခန္ဓာအစဉ်ဘည်းဟူသည့် စိမ်ရည်အိုးထဲ၌ ကြာရှည်စွာစိမ်ထားသည်ဖြစ်၍ မိမိတို့ထကြွလာသောအခါ မိမိတို့ကိန်းရာပုထုဇဉ်သတ္တဝါတို့အား တွေဝေယစ်မူးစေပြီး အရူးဖြစ်စေကြ၏၊ မကောင်းမှုဒုစရိုက်များကို အတောင်းထင်လျက် ခင်ခင်မင်မင် ပြုမိစေကြ၏၊ ထိုဒုစရိုက်မှုများကြောင့် အပါယ် ၄-ဘုံ၌ စုဝေးမိစေကြ၏။ ယုတ်စွအဆုံး သူတော်စင်ပညာရှင်တို့၏ အထင်အမြင်သေးခြင်းကို ခံရစေ၏။

ကြာမြင့်စွာထုံအပ်သော စိမ်ရည်အရက်နှင့်အလားတူသည့် အာသဝေါတရား ၄-ပါးတို့ကား....

၁။ **ကာမာသဝ**=ဝတ္ထုအာရုံ ကာမဂုဏ်ကို တပ်မက်တတ်သောတဏှာဖြစ်၏။ တရားကိုယ်မှာ လောဘမူစိတ် ၈-ပါး၌ ယှဉ်သော လောဘစေတသိက်တည်း။

၂။ **ဘဝါသဝ**=ရှုပ်ချာနှင့်, အရှုပ်ချာနှင့် ထိုချာနှင့်တို့၏ အကျိုးဝိပါက်ကို နှစ်သက်တွယ်တာသော တဏှာတည်း။ တရားကိုယ်မှာလောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ယှဉ်သော လောဘဖြစ်၏။

(ပဋိသန္ဓေတည်ပြီးစ မိမိဘဝကို နှစ်သက်တတ်သော 'ဘဝနိကန္တိက, လောဘဇောကိုလည်း 'ဘဝါသဝ'ဟု ဆိုကြသေး၏။)

၃။ **ဒိဋ္ဌာသဝ**=အယူလွဲချွတ်မှုမိစ္ဆာဒိဋ္ဌိ။ လောဘမူဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ပါး၌ယှဉ်သောဒိဋ္ဌိ ဖြစ်၏။

၄။ **အဝိဇ္ဇာသဝ**=အာရုံ၏အမှန်သဘောကို မသိမှုမောဟ။ အကုသိုလ်စိတ် ၁၂-ပါး၌ယှဉ်သော မောဟတည်း။

## ဩဃ ၄-ပါး

ဩဃသဒ္ဒါသည် 'ရေအယဉ်' ဟူသော အနက်ကိုဟော၏။ ဗဟိတိ ရေအယဉ်သည် အဆောက်အဦများနှင့် သတ္တဝါများကို သယ်ဆောင်သွားတတ်၏။ လွှမ်းမိုးနှစ်မြှုပ်တတ်၏။ ညှဉ်းပန်းနှိပ်စက်တတ်၏။ သတ်ဖြတ်တတ်၏။

ထိုအတူ လောဘ၊ ဒိဋ္ဌိနှင့်မောဟတရားဆိုးတို့သည် သတ္တဝါအပေါင်းတို့အား မိမိတို့၏အယဉ်အဟုန်တွင် မျှောပါသွားစေတတ်၏၊ မိမိတို့ ကိန်းရာသတ္တဝါတို့ကို လွှမ်းမိုးနှစ်မြှုပ်တတ်၏၊ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်တတ်၏၊ ဝဋ်ဒုက္ခဝယ် အပါယ် ၄-ပါးအထိနှစ်မြှုပ်အောင် လွှမ်းမိုးသတ်ဖြတ်တတ်၏။

ရေအယဉ်နှင့် နှိုင်းယှဉ်အပ်သော ဩဃတရား ၄-ပါးတို့ကား (၁) ကာမောဃ (၂) ဘဝေါဃ (၃) ဒိဋ္ဌောဃ နှင့် (၄) အဝိဇ္ဇောဃတို့တည်း။ ဆိုခဲ့ပြီးသော် နှင့်တရားကိုယ်တို့မှာ အာသဝေါ ၄-ပါးအတိုင်းပင် ဖြစ်ကြ၏။

## သစ္စာ ၄-ပါးမှ လွတ်သောတရားမရှိ

"သစ္စာ ၄-ပါးမှလွတ်သော သိဖွယ်တရားသည် မရှိ" ဟူသော အဋ္ဌကထာများ၏ စကားအရဆိုလျှင် ပရမတ္ထတရား အားလုံးကို သစ္စာ ၄-ပါး၌ ထိုက်သလို သွင်းယူရလိမ့်မည်။ ထို့ကြောင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင်တရားကိုယ် ၈-ပါးကို မဂ္ဂင်ချင်းတူသောကြောင့် သဒိသူပစာရနည်းအရ မဂ္ဂသစ္စာ၌ သွင်းရာ၏။

ထိုမှကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၈၊ ဖိုလ်စိတ္တုပ္ပါဒ် ၂၈-အသီးသီးတို့ကို "သဗ္ဗေသင်္ခါရာဒုက္ခာ" အရ သင်္ခါရတရားတွင် ပါဝင်ပြီး သင်္ခါရ ဒုက္ခဖြစ်သောကြောင့် ဒုက္ခသစ္စာတွင် ထည့်သွင်းယူရာ၏။

## တဏှာအစေ် တစ်ရာ့ရှစ်

တဏှာသည် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ ၃-မျိုးရှိ၏။ ကာမတဏှာသည် ရူပါရုံစသော ဖြာရုံ ၆-ပါးကို လိုလားတပ်မက်သော တဏှာဖြစ်၏။

ဘဝတဏှာသည် သဿတဒိဋ္ဌိနှင့် အတူတကွဖြစ်သော တဏှာဖြစ်၏။ သဿတဒိဋ္ဌိသည် ထာဝရတည်မြဲသော အတ္တကိုယုံကြည်၍ ဘဝသည်မပြတ်စဲ အမြဲဖြစ်တတ်၏ဟု အယူမှားသောဒိဋ္ဌိဖြစ်၏။ ထိုအယူမှားကို တပ်မက်တွယ်တာနေသောတဏှာသည် ဘဝတဏှာဖြစ်၏။

ဝိဘဝတဏှာသည် ဥစ္ဆေဒဒိဋ္ဌိနှင့်တို့ အတူတကွဖြစ်သော တဏှာဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိသည် တစ်ဘဝပြီးဆုံးလျှင် ပြတ်စဲသည်ဟုအယူမှားသော ဒိဋ္ဌိဖြစ်၏။ ထိုအယူမှားကို တပ်မက်တွယ်တာနေသောတဏှာသည် ဝိဘဝတဏှာဖြစ်၏။

ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ ၃-မျိုးကို အခြေတည်၍ ထိုတဏှာတို့ဏ အာရုံပြုသောအာရုံ ၆-ပါးဖြင့် မြှောက်ပွားလျှင် တဏှာ ၁၈-ပါးကိုရ၏။ ဤတဏှာ ၁၈-ပါးလုံးသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါး၌ရှိသော အာရုံများကို အာရုံပြုကြသဖြင့် ကာလ ၃-ပါးဖြင့် တစ်ဖန်မြှောက်ပွားလျှင် ၁၈×၃=၅၄-ပါး ရ၏။ ထို ၅၄-ပါးလုံးပင် မိမိသန္တာန်ကို အာရုံပြု၍လည်းကောင်း သူများသန္တာန်ကိုအာရုံပြု၍လည်းကောင်း ဖြစ်ရကား ထိုတဏှာ ၅၄-ပါးကို သန္တာန် ၂-ပါးဖြင့်မြှောက်လျှင် ၁၀၈-ဖြစ်၏။ ဤကား တဏှာအစေ် ၁၀၈-ပါးပင်တည်း။

**ဆောင်ပုဒ်။** ။"တဏှာသုံးတန်၊ အရင်းခံ၊ အာ, ကာ, သန်ဖြင့် မြှောက်"

တဏှာ ၃-ပါးကို အခြေခံ၍ အာ (အာရုံ ၆-ပါး), ကာ (ကာလ ၃-ပါး), သန် (သန္တာန် ၂-ပါး)တို့ဖြင့် အဆင့်ဆင့်မြှောက်ပွားလျှင် တဏှာ ၁၀၈-ပါးကို ရ၏။

## လေ့ကျင့်ရန်မေးခွန်းများ

၁။ ဝတ္ထုဓမ္မဒေသနာရင်းဝင်သော ပရမတ္ထတရား ၇၂-ပါးကို ဖော်ပြပါ။

၂။ အဘယ်တရားမျိုးကို အာသဝဟုခေါ်သနည်း။ ရှင်းလင်းပါ။

၃။ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သည်ဆိုရာ၌ အာသဝေါတရားတို့သည် အဘယ်တရားများဖြစ်ကြသနည်း။

၄။ အကူးရခက်သောသြဃလေးဖြာကို သရုပ်ပေါ်အောင်ရှင်းပြပါ။

၅။ ယောဂတရားများနှင့် ဂန္ထတရားများသည် မည်သို့ထူးခြားကြသနည်း။

၆။ အဘယ်တရားကိုဥပါဒါန်ဟုခေါ်သနည်း။ ဥပါဒါန်တို့၏နာမည်များနှင့် တရားကိုယ်များကို ယှဉ်တွဲဖော်ပြပါ။

၇။ အဘယ်တရားကို နီဝရဏဟုခေါ်သနည်း။ နီဝရဏတရားတို့ကို ဖော်ပြပါ။

၈။ အနုသယဟူသည်မှာအဘယ်နည်း။ ၎င်းကောင် အကောင်အထည် အထင်အရှား ရှိပါသလား။ အနုသယရှိကြောင်း အဘယ်သို့သိရသနည်း။

၉။ "သံယောဇဉ်နှောင်ကြိုး" ဟူသော အသုံးအနှုန်းကို သင်နားလည်သလောက် ရှင်းပြပါ။ ၎င်းနှောင်ကြိုးကို အဘယ့်ကြောင့်ဖြတ်တောက်ရန် ခက်သနည်း။

၁၀။ သုတ္တန်ဒေသနာတော်လာ သံယောဇဉ် ၁၀-ပါးကို ဖော်ပြပါ။ ၎င်းသံယောဇဉ်တို့၏တရားကိုယ်များကို ထုတ်ပြပါ။

၁၁။ အဘိဓမ္မာနည်းသံယောဇဉ်နှင့် သုတ္တန်နည်းသံယောဇဉ်တို့သည် မည်သို့ကွာခြားကြသနည်း။ နည်း ၂-မျိုးလုံးပေါင်းလျှင် တရားကိုယ်မည်မျှရှိသနည်း။

၁၂။ အဘယ်တရားကို "ကိလေသာ" ဟုခေါ်သနည်း။ ကိလေသာတရားတို့ကို တရားကိုယ်များနှင့်တကွ ရေတွက်ပြပါ။

၁၃။ "တစ်ထောင့်ငါးရာကိလေသာ" ဟူသည်မှာ အဘယ်နည်း။ ကိလေသာ ၁၀-ပါးမှ ၁၅၀၀-ဖြစ်လာပုံကို ရှင်းပြပါ။

၁၄။ ကာမာသဝနှင့် အဘိဇ္ဈာကာယဂန္ထတို့သည် သဘောချင်းတူကြပါသလား။ အဘယ့်ကြောင့် ၂-မျိုးခွဲ၍ ဟောကြားရသနည်း။

၁၅။ ဒိဋ္ဌိတစ်မျိုးတည်းဖြစ်ပါလျက် သီလဗ္ဗတပရာမာသစသည်ဖြင့် အဘယ့်ကြောင့် နာမည် အမျိုးမျိုး ဆိုရသနည်း။

၁၆။ အဘယ်တရားကို "ဟိတ်" ဟု ခေါ်သနည်း။ ကုသိုလ်ဟိတ်၊ အကုသိုလ်ဟိတ်၊ အဗျာကတဟိတ်တို့ကို ခွဲခြားပြပါ။

၁၇။ ရိုးရိုးအာရုံပြုသည်ထက်လွန်ကဲ၍ စူးစူးစိုက်စိုက်ရှုတတ်သော "ဈာန်" တရားတို့ကား အဘယ်နည်း။

၁၈။ "မဂ္ဂ" မည်သော "မဂ်" လမ်းကြောင်းသည် သုဂတိသို့သာ ဦးတည်သလော။ ဒုဂ္ဂတိသို့ဦးတည်သော "မဂ်" လမ်းကြောင်း ရှိပါသလော။ ရှိလျှင်ဖော်ပြပါ။

၁၉။ "ဈာန်နှင့် ဈာနင်"တို့သည် လည်းကောင်း၊ "မဂ်နှင့် မဂ္ဂင်"တို့သည် လည်းကောင်း၊ မည်သို့ကွာခြားသည်ကို ရှင်းပြပါ။

၂၀။ "ဤသူသည် ဣန္ဒြေသိပ်ကောင်းသောပဲ"ဟု ဆိုရာ၌ ဣန္ဒြေသည်မည်သည့် တရား ဖြစ်ပါသနည်း။ ရုပ်ပိုင်းဆိုင်ရာ ဣန္ဒြေတရားများကို ဖော်ပြပါ။

၂၁။ ဣန္ဒြေတရားပေါင်း မည်မျှရှိသနည်း။ အာရုံ၏အရသာကို ခံစားမှု၌ အစိုးရသော ဣန္ဒြေတရားများကို ဖော်ပြပါ။

၂၂။ ပညာသည် မည်သည့်ဌာနများ၌ ဣန္ဒြေထိုက်ပါသနည်း။ ထိုဣန္ဒြေတို့၏ တရားကိုယ်များကို ထောက်ပြပါ။

၂၃။ အဘယ်တရားမျိုးကို "ဗိုလ်"ဟု ခေါ်ရသနည်း။ ထိုတရားမျိုးအဘယ်နှစ်ပါးရှိသနည်း။ အကုသိုလ်ဗိုလ်တရားများကို ဖော်ပြပါ။

၂၄။ ဗိုလ် ၉–ပါးရှိသည်ဆိုရာ၌ကုသိုလ်ရေးဘက်တွင် အားကိုးလောက်သော ဗိုလ်တရားများကို ဖော်ပြပါ။

၂၅။ အဘယ်တရားမျိုးကို "အဓိပတိ"ဟုခေါ်သနည်း။ အဓိပတိတာဝန်ကို ထမ်းရွက်နိုင်သော တရားများကို ဖော်ပြပါ။

၂၆။ အောက်ပါတရားတို့၏ တရားကိုယ်များကို ကောက်ပြပါ၊
(က) စက္ခုန္ဒြေ (ခ) ဇီဝိတိန္ဒြေ (ဂ) ဣတ္ထိန္ဒြေ (ဃ) ဝီရိယဗိုလ် (င) သတိဗိုလ် (စ) ပညာဗိုလ် (ဆ) ဆန္ဒာဓိပတိ (ဇ) စိတ္တာဓိပတိ။

၂၇။ အဓိပတိတရားနှင့်ဣန္ဒြေတရားတို့၏ အစိုးရပုံချင်း ကွဲပြားပုံကို ဥပမာနှင့်တကွ ရှင်းပြပါ။

၂၈။ စားမျိုအပ်သောအစာကိုသာ "အာဟာရ"ဟု ခေါ်ရသလော။ မည်သည့်တရားများကို "အာဟာရ"ဟု ခေါ်ဆိုရသနည်း။

၂၉။ လောကတွင် "နာမ်အာဟာရ"များ ရှိပါသလော။ ရှိလျှင်တရားကိုယ်များနှင့်တကွ ဖော်ပြပါ။ ၎င်းတို့ဆောင်ကြသော အကျိုးများကိုလည်း ဖော်ပြပါ။

၃၀။ ဗောဓိပက္ခိယတရားပေါင်း မည်မျှရှိသနည်း။ အကျဉ်းခရေတွက်ပြပါ။

၃၁။ "သတိပဋ္ဌာန်"၏ အဓိပ္ပာယ်ကို ရှင်းပြပါ။ သတိပဋ္ဌာန်တရား ဘယ်နှစ်မျိုး ရှိသနည်း။ ၎င်းတို့၏ တရားကိုယ်တို့ကား အဘယ်နည်း။

၃၂။ "သတိ"စေတသိက်တစ်လုံးတည်းကို အဘယ်ကြောင့် ဆတိပဋ္ဌာန် ၄-ပါးဟူ၍ ခွဲခြားရသနည်း။
၃၃။ မည်သို့သောအားထုတ်မှုမျိုးကို "သမ္မပ္ပဓာန်"ဟု ခေါ်ဆိုရသနည်း။
၃၄။ တရားကိုယ်အားဖြင့် တစ်ပါးတည်းသာဖြစ်ပါလျက် အဘယ့်ကြောင့် သမ္မပ္ပဓာန် ၄-မျိုး ကွဲပြားရသနည်း။
၃၅။ "ဣဒ္ဓိပါဒ်" ဟူသည်မှာ "တန်ခိုး"လော၊ အဘယ်တရားမျိုးကို ဣဒ္ဓိပါဒ်ဟု ခေါ်ပါသနည်း။
၃၆။ "ဗောဇ္ဈင်" တရားဟူသည်ကား အဘယ်နည်း။ ဗောဇ္ဈင်ဘယ်နှစ်ပါး ရှိသနည်း။ ရေတွက်ပြပါ။
၃၇။ အောက်ပါတရားတို့၏ တရားကိုယ်များကို တိကျစွာ ကောက်ပြပါ။
(က) ဆန္ဒိဒ္ဓိပါဒ် (ခ) ဝီမံသိဒ္ဓိပါဒ် (ဂ) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (ဃ) ပီတိသမ္ဗောဇ္ဈင် (င) ပဿဒ္ဓိသမ္ဗောဇ္ဈင် (စ) ဥပေက္ခာသမ္ဗောဇ္ဈင်။
၃၈။ နိဗ္ဗာန်ရောက်ကြောင်း "မဂ်သမိုင်းကြောင်း"ဟု အမည်ရသော မဂ္ဂင်ရှစ်ပါးကို ဖော်ပြခဲ့ပါ။
၃၉။ ပညာမဂ္ဂင်, သီလမဂ္ဂင်, သမာဓိမဂ္ဂင်တို့သည် အဘယ်တရားများ ဖြစ်ကြသနည်း။
၄၀။ လူတစ်ကိုယ်လုံး၌ ရှိသော ရုပ်နာမ်တို့ကို ခန္ဓာဖွဲ့ပြပါ။ ရုပ်ခန္ဓာဘယ်နှစ်ပါး, နာမ်ခန္ဓာ ဘယ်နှစ်ပါး ရသနည်း။
၄၁။ ဥပါဒါန်တရားတို့ကား အဘယ်နည်း။ ၎င်းဥပါဒါန်ကိုအာရုံပြုကြသော ခန္ဓာငါးပါးကား အဘယ်နည်း။
၄၂။ ခန္ဓာငါးပါးနှင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည် မည်သို့ကွာခြားကြသနည်း။ အဘယ့်ကြောင့် ခန္ဓာ ၂-မျိုး ခွဲခြား၍ ဗုဒ္ဓဟောကြားထားရသနည်း။
၄၃။ နိဗ္ဗာန်ကို ခန္ဓာဖွဲ့ရာ၌ ထည့်သွင်းပါသလော။ မထည့်သွင်းလျှင် အဘယ့်ကြောင့် မထည့်သွင်းသည်ကို အကြောင်းပြပါ။
၄၄။ "အာယတန" တရားဟူသည်ကား အဘယ်နည်း။ အဇ္ဈတ္တိကာယတနများနှင့် ဗာဟိရာယတနများကို ခွဲခြား၍ ဖော်ပြပါ။
၄၅။ အဘယ်တရားမျိုးကို ဓာတ်ဟုခေါ်ဆိုရသနည်း။ ဓာတ် ၁၈-ပါးကို ရေတွက်ပြပါ။
၄၆။ အောက်ပါတရားတို့၏ တရားကိုယ်များကို ကောက်ပြပါ။
(က) ဇိဝှာဓာတ် (ခ) မနောဓာတ် (ဂ) သဒ္ဒဓာတ် (ဃ) ဓမ္မဓာတ် (င)ကာယဝိညာဏဓာတ်(စ)မနောဝိညာဏဓာတ် (ဆ)မနာယတန။

၄၇။ အရိယသစ္စာ ၄-ပါးကို တရားကိုယ်များနှင့်တကွ ဖော်ပြပါ။

၄၈။ သစ္စာ ၄-ပါးကိုလောကီသစ္စာ, လောကုတ္တရာသစ္စာ, အကြောင်းသစ္စာ, အကျိုးသစ္စာများအဖြစ် ခွဲခြားပြပါ။ သစ္စာဝိမုတ်တရားများကိုလည်း ဖော်ပြပါ။

၄၉။ မြတ်ဗုဒ္ဓတို့သည် သစ္စာ ၄-ပါးထက်ပို၍လည်းကောင်း၊ လျော့၍လည်းကောင်း အဘယ့်ကြောင့် မဟောကြားကြသနည်း။

၅၀။ အာသဝ, ဂန္ထ, ဥပါဒါန်တရားများကို ရေတွက်ပြ၍ အသီးသီး တရားကိုယ်အရ ကောက်ပြပါ။ (၁၉၇၈)

၅၁။ ဧကဂ္ဂတာသည် မည်သည့်စိတ်များနှင့် ယှဉ်ခိုက် မဂ္ဂင်ဟုခေါ် ဆိုခြင်းငှာ မထိုက်ပါသနည်း။ ထိုစိတ်များကို ရေတွက်ပြပါ။ (၁၉၇၈) (အဟိတ်စိတ်များနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်)

၅၂။ ဗောဓိပက္ခိယသင်္ဂဟ၌ သတိစေတသိက်နှင့် ပညာစေတသိက်တို့ပါဝင်သောဌာနများကို ရေတွက်ပြပါ။ (၁၉၇၈)

၅၃။ စိတ်ကိုဓာတ်အားဖြင့်ရေတွက်ပြ၍ အရိယသစ္စာလေးပါးမှလွတ်သော တရားများကို ရေတွက်ပြပါ။ (၁၉၇၈)

၅၄။ သင်္ဂြိုဟ်ကျမ်းလာ အကုသလသင်္ဂဟ ၉-ဌာနတို့တွင် လောဘစေတသိက်ကို ကောက်ရသော တရားများကို စုံလင်စွာဖော်ပြပြီးလျှင် သံယောဇဉ်သာဖြစ်၍ ကိလေသာမဖြစ်သော စေတသိက်များကိုလည်း ရှင်းပြပါ။ (၁၉၇၉)

၅၅။ အကြီးအမှူးဖြစ်နိုင်သော အဓိပတိတရားလေးပါးကို ရေတွက်ပြ၍ စိတ္တာဓိပတိ၌ အဓိပတိဖြစ်ထိုက်သော စိတ်များကို ဖော်ပြခဲ့ပါ။ (၁၉၇၉)

၅၆။ ဗောဓိဉာဏ်၏ အင်္ဂါရပ်များဖြစ်ကြသော ဗောဇ္ဈင် ၇-ပါးကို ရေတွက်ပြ၍ အဓိပ္ပာယ်ကိုလည်း တစ်ခုစီရှင်းလင်းရေးသားခဲ့ပါ။ (၁၉၇၉)

၅၇။ အရေးအကြီးဆုံးဖြစ်သော သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာမည်သော တရား၊ သမုဒယသစ္စာမည်သောတရား၊ နိရောဓသစ္စာမည်သောတရား၊ မဂ္ဂသစ္စာမည်သောတရားများကို အသီးသီးညွှန်ပြခဲ့ပါ။ (၁၉၇၉)

၅၈။ ဥပါဒါန်တရားလေးပါးကိုဖော်ပြ၍ ငါ့အယူသာမှန်သည် ရှေးအယူတွေ မမှန်ဟု တယူသန်စွဲလမ်းခြင်းသည် မည်သည့် ဥပါဒါန်မျိုး ဖြစ်ကြောင်း ဖော်ပြခဲ့ပါ။ (၁၉၈၁)

၅၉။ လူတို့၌ အမြဲတမ်းတည်ကိန်းနေသော အနုသယတရားများကိုဖော်ပြ၍ ထိုအနုသယတရားတို့၏ တရားကိုယ်များကိုလည်း ကောက်ပြခဲ့ပါ။ (၁၉၈၁)

၆၀။ ဣန္ဒြေရှိသည် ဣန္ဒြေမဲ့သည်ဟု ဆိုကြရာ၌ ဣန္ဒြေ ၂၂-ပါးတို့တွင် ရိုးရိုး လူတစ်ဦးအား ရှိနိုင်သော ဣန္ဒြေများကို ရေတွက်ဖော်ပြပါ။ (၁၉၈၁)

၆၁။ အောက်ပါတရားများကို ဖြေဆိုပါ။
(က) ဒုစရိုက်သမားတို့၏လက်သုံးဖြစ်သော မဂ္ဂင်လေးပါး၊ (ခ) ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားများ၏ ဗလစွမ်းအင်နှစ်ပါး။ (၁၉၈၁)

၆၂။ လူမှုဒုက္ခမှကင်းလွတ်ရန် သမ္မပ္ပဓာန် ဇွဲသန်သန်ဖြင့်အလုပ်လုပ်နေသော လူကောင်းလူတော်တစ်ယောက်၏ လုပ်ငန်းလေးရပ်ကို ဖြေဆိုပါ။ (၁၉၈၃)

၆၃။ အရိယာတို့သာ သိမြင်နိုင်သောသစ္စာလေးပါး အစစ်အမှန်တရား၏ တရားကိုယ်အစစ် တရားနှစ်ကို ဖော်ပြပါ။ (၁၉၈၃)

၆၄။ ပညာမျက်စိကိုဖုံးလွှမ်းတတ်သော တရားသရုပ်ကို အစဉ်အကျကျထုတ်ပြ၍ ကိလေသာ ၁၀-ပါးကိုလည်း ရေတွက်ပြပါ။ (၁၉၈၃)

၆၅။ စားဖွယ်သောက်ဖွယ်ဥပါဒါသော သြဇာသည်သာ အာဟာရဖြစ်လေသလော။ အကယ်၍ တခြားအာဟာရများရှိခဲ့လျှင် ဖော်ပြ၍ ထိုအာဟာရတို့၏ တရားကိုယ်နှင့် စွမ်းဆောင်ချက်တို့ကိုလည်း အသီးသီး ရေတွက်ပြပါ။ (၁၉၈၄)

၆၆။ လုပ်အားတန်ဖိုး မချစ်မြတ်နိုးသော လူပျင်းတစ်သိုက်၌ မရထိုက်သော တရားသရုပ်ကို အစဉ်အကျကျ ထုတ်ပြပါ။ (၁၉၈၄)

၆၇။ သတ္တဝါတို့ကို တုပ်နှောင်ရစ်ပတ် ထုံးဖွဲ့တတ်သောတရားများ မည်မျှရှိပါသနည်း။ သဘောပေါက်အောင်တစ်ပါစီ ရှင်းလင်းရေးသားပါ။ (၁၉၈၅)

၆၈။ မဖြတ်နိုင်လောက်အောင် ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်း၊ မူးယစ်ဆေးဝါးစွဲခြင်းတို့သည် ခုသည့်ဥပါဒါန်မျိုး ဖြစ်ပါသနည်း။ ဖော်ပြပြီးလျှင် သင်သိသမျှ ဥပါဒါန်တို့ကိုလည်း ဖြေဆိုပါ။ (၁၉၈၅)

၆၉။ "မိန်းမကောင်းဣန္ဒြေ ရွှေပေးလို့မရ" ဟူ၍ မြန်မာစလေ့စကားပုံရှိရာ အဘိဓမ္မာနည်းအရ မိန်းမလေးများရကောင်းသော ဣန္ဒြေတို့ကို-
(က) ရုပ်ဣန္ဒြေ (ခ) နာမ်ဣန္ဒြေ (ဂ) ရုပ်နာမ်ဣန္ဒြေအားဖြင့် အသီးသီး ခွဲခြားပြပါ။ (၁၉၈၅)

၇၀။ အရိယာမဂ်ဟူသော ဗောဓိဉာဏ်၏ အဆောက်အဦ အသင်းအပင်း ဖြစ်သော တရားတို့ကို ဖော်ပြပြီးလျှင် ထိုတရားများ၌ ပါဝင်သော ကေဂ္ဂတာ (သမာဓိ) တရား၏ ဖြစ်ရာဌာနများကိုလည်း ဖြေဆိုပါ။ (၁၉၈၅)

ယူရ၏။ ထို့အတူ ဇရာမရဏကိုသည့် ထိုတရား ၅-ပါးတို့၏ ရင့်ခြင်း- ဖြိုနှိမ့် ပျက်စီးခြင်း-တို့ဖြစ်ကြ၏။

ထို့ကြောင့် 'ဇာတိဇရာမရဏ' အနာဂတဟောအဒ္ဓါ' အရ အနာဂတ် အဒ္ဓန့်၌ ဇာတိ, ဇရာ, မရဏတို့ကို ထည့်သွင်းထားသဖြင့် ဝိညာဏ် စသော အကျိုး ၅-ပါးကိုပင် အနာဂတ်ဘဝ အကျိုးအဖြစ် ယူရသေး၏။ သို့ဖြစ်၍ အနာဂတ်ဘဝ၌ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ,ဟူသော အကျိုး ၅-ပါးကို ရ၏။

သို့ဖြစ်၍ အတိတ်ဘဝ၌ အကြောင်း ၅-ပါး, ပစ္စုပ္ပန်ဘဝ၌ အကျိုး ၅-ပါး, တစ်ဖန် ပစ္စုပ္ပန်ဘဝ၌ အကြောင်း ၅-ပါး, တစ်ဖန် ပစ္စုပ္ပန်ဘဝ၌ အကြောင်း ၅-ပါး, အနာဂတ်ဘဝ၌ အကျိုး ၅-ပါး ဟူသော အခြင်းအရာ ၂၀-ကိုရ၏။ အပြား ၂၀-ဟုလည်း ခေါ်၏။

## ၄။ သင်္ခေပ=အလွှာ ၄ ပါး

အတိတ်ဘဝအကြောင်း ၅-ပါးကို တစ်လွှာ, ပစ္စုပ္ပန်ဘဝအကျိုး ၅-ပါးကို တစ်လွှာ, ပစ္စုပ္ပန်ဘဝအကြောင်း ၅-ပါးကို တစ်လွှာ, အနာဂတ်ဘဝ အကျိုး ၅-ပါးကို တစ်လွှာဟူ၍ အလွှာ ၄-ပါး သတ်မှတ်၏။

## ၅။ သန္ဓိ=အဆစ် ၃-ပါး

အလွှာ ၄-လွှာကို စပ်ထားသည့်အခါ အဆစ် ၃-ပါးဖြစ်ပေါ်၏။ ၎င်း အဆစ်တို့ကို သန္ဓိ=အဆစ် ၃-ပါးဟု ခေါ်၏။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါများကို စဉ်ထားသည့်အခါ အကြောင်းတရား၏ အဆုံးနှင့် အကျိုးတရား၏အစသည် တစ်စပ်၊ အကျိုးတရား၏ အဆုံးနှင့် အကြောင်းတရား၏အစသည် တစ်စပ်၊ တစ်ဖန် အကြောင်းတရား၏အဆုံးနှင့် အကျိုးတရား၏အစသည် တစ်စပ်ဟူ၍ အဆစ် ၃-ပါးရှိ၏။

ထိုအဆစ်နေရာတို့ကို မျဉ်းတိုဖြင့်ခြား၍ ဖော်ပြရသော်-

'အဝိဇ္ဇာ, သင်္ခါရ-ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တဏှာ, ဥပါဒါန်, ကမ္မဘဝ-ဇာတိ, ဇရာ, မရဏ'

ထို့ကြောင့် သင်္ခါရနှင့် ဝိညာဏ်တို့၏အကြားသည် အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုးတို့၏အစပ်၊ ဝေဒနာနှင့် တဏှာအကြားသည် ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်းတို့၏အစပ်၊ ဘဝနှင့်ဇာတိအကြားသည်ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးတို့၏အစပ် ဖြစ်ကြ၏။

(၁) အာရမ္မဏပစ္စည်း = အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယ ၂-ပါး သည် အာရမ္မဏပစ္စည်း၌ အတွင်းဝင်ကြ၏။

(၂) ဥပနိဿယပစ္စည်း = အနန္တရမျိုးပစ္စည်း ၆-ပါးတို့သည် ဥပနိဿယ ပစ္စည်း၌ အတွင်းဝင်ကြ၏။

(၃) ကမ္မပစ္စည်း = သဟဇာတကမ္မနှင့် နာနက္ခဏိကကမ္မ ပစ္စည်း ၂-ပါးသည် ကမ္မပစ္စည်း၌ အတွင်းဝင်ကြ၏။

(၄) အတ္ထိပစ္စည်း = ပကတူပနိဿယနှင့် နာနက္ခဏိကကမ္မပစ္စည်း ၂-ပါး တို့ကို ချန်လှပ်၍ ကြွင်းသော သဟဇာတမျိုး ၁၆-ပါး ပုရေဇာတမျိုး ၇-ပါး, ပစ္ဆာဇာတမျိုး [illegible]-ပါးတို့သည် အတ္ထိပစ္စည်း၌ အတွင်းဝင်ကြ၏။

ဘုမိပစ္စယဝိဘာဂသရုပ်

၂၄-ပါးသော ပစ္စည်းတို့တွင် အသညဘုံ၌ ပစ္စည်းမည်မျှ ရသနည်း။

အသညသတ် ဗြဟ္မာဘုံ၌ ကမ္မဇရုပ်ကလာပ်တို့၌ သဟဇာတ, အညမည, နိဿယ, ကမ္မ, ဣန္ဒြိယ, အတ္ထိ, အဝိဂတ ပေါင်း ပစ္စည်း ၈-ပါး ကို ရပါသည်။

အရူပဗြဟ္မာဘုံ၌ကား ဝတ္ထုပုရေဇာတ ပစ္ဆာဇာတနှင့် ဝိပ္ပယုတ္တတို့မကြွင်းသော ပစ္စည်း ၂၁-ပါးကို ရပါသည်။

ကာမဘုံ ရူပဘုံတို့၌ကား ပစ္စည်းပေါင်း ၂၄-ပါး လုံးကို ရပါသည်။

၂၄-ပစ္စည်းတို့၏တရားကိုယ် = နာမ်တရား ရုပ်တရား ပညတ်။

နာမ်တရားမှာ စိတ် စေတသိက် နိဗ္ဗာန်တို့ ဖြစ်ကြ၏။

စိတ် စေတသိက်နှင့်ရုပ်တို့သည် ကာလ ၃-ပါးနှင့် စပ်ဆိုင်သောတရား (ကာလိကတရား) ဖြစ်၏။ နိဗ္ဗာန်နှင့် ပညတ်တို့သည် ကာလမှလွတ်သော ကာလဝိမုတ္တတရားများ ဖြစ်ကြ၏။

အဇ္ဈတ္တဟူသည် မိမိသန္တာန်၌ဖြစ်သော စိတ်, စေတသိက်, ရုပ်တို့တည်း။

ဗဟိဒ္ဓဟူသည်မှာ သူများသန္တာန်၌ဖြစ်သော စိတ်, စေတသိက်, ရုပ်နှင့် နိဗ္ဗာန်တို့တည်း။

သင်္ခတဟူသည် ကံ, စိတ်, ဥတု, အာဟာရတို့ ပြုစီမံအပ်သော စိတ်, စေတသိက်, ရုပ်တို့တည်း။ အသင်္ခတဟူသည်မှာ နိဗ္ဗာန်နှင့် ပညတ်တည်း။

ဖြစ်ကြ၏။ (ဤနိမိတ်များ၏ အကြောင်းကို ကမ္မဋ္ဌာန်းပိုင်း၌ ဖော်ပြပါမည်။)

ထိုမှတစ်ပါးလည်း နီလကသိုဏ်း၊ ပီတကသိုဏ်းစသည်တို့၌ အဆင်းကို စွဲ၍ "ဝဏ္ဏကသိဏပညတ်"၊ တတိယာရုပ္ပဝိညာဏ်၏ အာရုံဖြစ်သော "နတ္ထိဘာဝပညတ်"၊ ပရမတ္ထတရား အပေါင်းကိုစွဲ၍ ပညတ်အပ်သော "ဥပါဒါပညတ်"၊ ပထမ စသည်ကို ထောက်၍ "ဒုတိယ၊ တတိယစသော ပညတ်"၊ အရှည်ကို ထောက်ဆ၍ အတိုကို 'ရဿ'၊ အတိုကို ထောက်ဆ၍ အရှည်ကို 'ဒီဃ' စသည့် "ဥပနိဓာပညတ်" စသည်ဖြင့် အတ္ထပညတ် အမျိုးမျိုး ရှိပေ၏။

ထင်ရှားမရှိ။ ။အထက်တွင် ဖော်ပြခဲ့သော အတ္ထပညတ် အထည် ဒြပ်စုသည် ထိုထိုအခြင်းအရာကို စွဲ၍လည်းကောင်း၊ ထိုထိုအရာဝတ္ထုကိုထောက် ၍လည်းကောင်း၊ ပညတ်သာ အပ်သော ဒြပ်စုများသာ ဖြစ်ကြ၏။

ထိုထို အခြင်းအရာကိုစွဲ၍ ပညတ်ပုံမှာ မဟာဘုတ်တို့၏ ပြန့်ကျယ် ပြားချပ်သော အခြင်းအရာအားဖြင့် စုဝေးနေခြင်းကို "ပထဝီ" (မြေကြီး) ပညတ်ခြင်းမျိုးဖြစ်၏။

ထိုထိုအရာဝတ္ထုကိုထောက်၍ ပညတ်ပုံမှာ အရှည်ကိုထောက်၍ အတိုကို "ရဿ"၊ ပထမကိုထောက်၍ ၂-ခုမြောက်ကို "ဒုတိယ" စသည်ဖြင့် ပညတ် ခြင်းဖြစ်၏။

ဤသို့လျှင် ထိုထိုအခြင်းအရာကိုစွဲ၍ ထိုထိုအရာဝတ္ထုကို ထောက်ဆ၍ ပညတ်ဖို့ရာ အကြောင်း ပစ္စတ္တနိမိတ်လုပ်၍ အမျိုးမျိုးအစားစား ထင်တိုင်း မြင်တိုင်း ကြံစည်၍ ယူအပ်သော အထည်ဝတ္ထုကို 'အတ္ထပညတ်' ဟု ခေါ်ဆို၏။

ဤပညတ်အပ်သမျှသော အရာဝတ္ထု အထည်ဒြပ်စုသည် ပရမတ္ထ အားဖြင့် အစစ်အမှန်ကိုရှာလျှင် တစ်ခုမျှ ထင်ရှားမရှိချေ။ "ဘူမိ" ဟုပညတ် အပ်သော မြေသားဒြပ်သည်ပင် ပုထုဇဉ်တို့ ထင်သည့်အတိုင်း အစိုင်အခဲ အတွဲအထု အစုအဝေးကြီးမဟုတ်၊ အဋ္ဌကလာပ်ရုပ် အမှုန်ကလေးများ၏ အစုအဝေးမျှသာ ဖြစ်၏။

သို့ဖြစ်၍ အတ္ထပညတ်စုသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိပါ၊ ပရမတ္ထ တရားတို့ကိုစွဲ၍ ထင်ယောင်မြင်ယောင် ဖြစ်လာသော စိတ်, စေတသိက်တို့၏ အာရုံမျှသာ ဖြစ်သည်။ စိတ္တုပ္ပါဒ်၌ ထင်လာသော အခြင်းအရာ အရိပ်အရောင် မျှသာ ဖြစ်သတည်း။

လည်း ထင်ရှားရှိသော ဝိဇ္ဇမာနပညတ်ဘည်း။ ထို ၂-ရပ်ကို ရောစပ်၍ ပညတ်ထားသောကြောင့် "ဧကစ္စဝိညာဏ"ဟူသော သဒ္ဒပညတ်ကို "ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်"ဟု ခေါ်ဆိုရ၏။

(၆) အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ ။ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ဒြပ် အတ္ထပညတ် ၂-ခုကို တွဲစပ်၍သိစေကြောင်းဖြစ်သည့် သဒ္ဒပညတ်ကို အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်ဟု ခေါ်၏။

ပုံစံ။ ။ရာဇပုတ္တ၊ ခတ္တိယပုတ္တ၊ ဗြဟ္မဏပုတ္တ၊ ဝေဒ္ဒိပုတ္တ။

ရာဇပုတ္တ=မင်း၏ သားတော်။ ဤတွင် "ရာဇ" ဟူသည့် မင်းသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ "ပုတ္တ=သားတော်" ဟူသည်မှာလည်း ထင်ရှားမရှိ၊ ထို ၂-ရပ်ကို ရောစပ်၍ ပညတ်ထားသောကြောင့် "ရာဇပုတ္တ" သည် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ဟု ခေါ်၏။

## ပညတ်နှင့် ဝီထိသရုပ်

(၁) ပါဠိလို "ဂေါ" မြန်မာလို "နွား"ဟူသော စကားသံတစ်ခုကို ကြားသည့်အခါ ထိုအသံကို အာရုံပြုသော သောတဝိညာဏ ဝီထိဖြစ်၏။

(၂) သောတဝိညာဏ ဝီထိ ချုပ်ပြီးနောက် "ဂေါ" ဟူသော အသံကို ဆက်လက်၍ အာရုံပြုသည့် တဒနုဝတ္တက မနောဒွါရဝီထိ ဖြစ်ရီးတည်း။

အထက်ပါ ၂-ဝီထိဖြင့် အသံသာမည (သဒ္ဒါရုံမျှ)ကိုသာ သိသေး၏၊ "ဂေါ" ဟူသော နာမည်ပညတ်ကို တပ်ခပ်သေချာမသိနိုင်သေးပါ။

(၃) ထို ၂-ဝီထိဖြစ်ပြီးနောက် "နာမပညတ်" ဟု ခေါ်သော သဒ္ဒပညတ်ကို အာရုံပြုသည့် မနောဒွါရဝီထိဖြစ်၏။

(၄) ထိုနာမပညတ်ကို အစဉ်လိုက်၍ သိပြီးသည့်နောက်မှ အနက်ဒြပ် အတ္ထပညတ်ကို အာရုံပြုသော မနောဒွါရဝီထိသည် ၄-ကြိမ်မြောက် ဖြစ်၏။

အထက်ပါ ၄-ဝီထိပြီးဆုံးသောအခါမှ နာမပညတ်နှင့် တကွ အတ္ထပညတ်ကို သိနိုင်သည်။

## ဘာသာစကားများ ပေါ်ပေါက်ပုံ

ကမ္ဘာဦးအခါ လူသတ္တဝါများ စတင်ပေါ်ပေါက်လာသည့်အချိန်၌ ထိုထို အကြောင်းအရာ (အနက်ဒြပ်အတ္ထပညတ်) များသာ ရှိကြသေး၏၊ ထိုအကြောင်းအရာကို ပြောဖို့ရာ စကား(နာမပညတ်=သဒ္ဒပညတ်) များ မရှိသေးချေ။

ထို့နောက် ဉာဏ်ပညာကြီးသူတို့က မြေသားဒြပ်ကို ကြည့်၍ "ဘူမိ၊ ပထဝီ" စသည့် နာမပညတ်စကားလုံးများကို တီထွင်ကြ၏။ ထိုအခါမှစ၍ "ဘူမိ"ဟု ပြောလိုက်လျှင် မြေကြီးဒြပ်ကို ပြောလိုကြောင်း လူအများတို့ သိနားလည်လာကြ၏၊ ထို့ကြောင့် "ဘူမိ" သဒ္ဒါသည် မြေသားဒြပ်ကို သိဖို့ရာ အမှတ်အသားစကားတစ်လုံး ဖြစ်လာတော့၏၊

ဤနည်းအတိုင်း မြန်မာတို့သည် အကြောင်းအရာ အတ္ထပညတ် အမျိုးမျိုးအတွက် နာမပညတ် ဝေါဟာရ အမျိုးမျိုးကို တီထွင်ကြသဖြင့် မြန်မာဘာသာစကား ဖြစ်ပေါ်လာ၏၊ တရုတ်လူမျိုးတို့ကလည်း တရုတ် ဝေါဟာရ အမျိုးမျိုးကို တီထွင်ကြပြီး တရုတ်ဘာသာစကားကို ဖန်တီး ကြ၏၊ ဤသို့ဖြင့် ဘာသာစကား အမျိုးမျိုး ပေါ်ပေါက်လာကြ၏၊

ယခုခေတ်ကာလ၌ပင်လျှင် ဉာဏ်ရှိသူတို့က စကားသစ် စကားဆန်း များကို အများသုံး သင်္ကေတဖြစ်အောင် တီထွင်ဖန်တီးနေကြ၏။

ဤသို့ဖြင့် ဘာသာစကားခေါ် နာမပညတ် အမျိုးမျိုးကို ဉာဏ်ရှိသူ၊ တတ်ကျွမ်းသူတို့က အစဉ်တစိုက် ပညတ်တီထွင်ခဲ့ကြပေသတည်း။ ။

လေ့ကျင့်ရန် မေးခွန်းများ

၁။ ပရမတ္ထတရားများကို အကြောင်းအကျိုး ဆက်သွယ်ပြရာ၌ "ပဋိစ္စ သမုပ္ပါဒ်နည်း" နှင့် "ပဋ္ဌာန်းနည်း" တို့၏ ကွဲခြားချက်ကို ရှင်းပြပါ။

၂။ "ပဋိစ္စ၊ သမုပ္ပါဒ၊ ပစ္စယ၊ ပစ္စယုပ္ပန္န၊ ပစ္စယသတ္တိ"တို့၏ အဓိပ္ပာယ် အသီးသီးကို ရှင်းပြပါ။

၃။ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၌ အဝိဇ္ဇာနှင့် သင်္ခါရတို့ကို ရှင်းပြပါ။

၄။ အဝိဇ္ဇာဟူသည်ကား အဘယ်နည်း။ အဝိဇ္ဇာဖုံးလွှမ်းအပ်သော ဂ- ဌာနသရုပ်ကို ထုတ်ပြပါ။

၅။ အဘယ်တရားကို သင်္ခါရဟု ခေါ်သနည်း။ ပုညာဘိသင်္ခါရ, အပုညာဘိ သင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရတို့ကား အဘယ်တရားများ ဖြစ်ကြ သနည်း။

၆။ "သင်္ခါရပစ္စယာဝိညာဏံ"၌ ဝိညာဏ်၏တရားကိုယ်ကို ကောက်ပြပါ။ အဘယ်သင်္ခါရကြောင့် အဘယ်ဝိညာဏ်များ ဖြစ်သနည်း။

၇။ "ဝိညာဏပစ္စယာ နာမရူပံ"၌ ဝိညာဏ, နာမနှင့်ရူပတို့၏တရားကိုယ် များကို ကောက်ပြပါ။

၈။ "နာမရူပပစ္စယာ သဠာယတနံ"၌ သဠာယတနအရေးများကို ထုတ်ပြပါ။

၉။ "ဖဿပစ္စယာ ဝေဒနာ"၌ သမ္ဖဿ ၆-ပါး၏ ရုပ်ကို ထုတ်ပြပါ။

၁၀။ ဖဿအမျိုးမျိုးကြောင့် ဝေဒနာအမျိုးမျိုးဖြစ်ပေါ်ပုံကို ရှင်းပြပါ။

၁၁။ "ဝေဒနာပစ္စယာတဏှာ" အရ ဝေဒနာကြောင့် တဏှာဖြစ်ပေါ်ပုံကို ရှင်းပြပါ။

၁၂။ တဏှာနှင့် ကာမုပါဒါန်တို့၏ ထူးခြားချက်များကို ရှင်းပြပါ။

၁၃။ ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့၏ ခြားနားချက် ရှင်းပြပါ။

၁၄။ ကမ္မဘဝနှင့် သင်္ခါရတို့၏ တရားကိုယ်များကို ကောက်ပြီး ၎င်းတို့၏ ခြားနားချက်ကို ရှင်းပြပါ။

၁၅။ "ဘဝပစ္စယာ ဇာတိ"၌ ဘဝနှင့်ဇာတိတို့၏ တရားကိုယ်များကို ထုတ်ပြပါ။

၁၆။ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့၏ ဆိုလိုရင်းအဓိပ္ပာယ်အသီးသီးကို ဖော်ပြပါ။

၁၇။ သောက, ပရိဒေဝ, ဥပါယာသတို့၏ သဘောကို ဥပမာဖြင့် ခွဲခြားပြပါ။

၁၈။ ဇာတိ၏ အကျိုးရင်းနှင့် အကျိုးဆက်များကို ခွဲခြားပြပါ။

၁၉။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၌ ဒေါက်ဆန်များနှင့်သဏ္ဌာန်တူသော အင်္ဂါ ဘယ်နှစ်ပါး ရှိသနည်း။ ဖော်ပြပါ။

၂၀။ ပဋိစ္စသမုပ္ပါဒ်တရားတော်၏ အစွန် ၃-ပါးကို ထုတ်ဖော်ပြပါ။

၂၁။ သတ္တဝါတစ်ဦးအား အပြန်ပြန် အလှန်လှန် သံသရာလည်ပတ်စေရာ၌ အတိတ်အကြောင်း ၅-ပါး, ပစ္စုပ္ပန်အကျိုး ၅-ပါး, ပစ္စုပ္ပန်အကြောင်း ၅-ပါးနှင့် အနာဂတ်အကျိုး ၅-ပါးတို့ကို ဖော်ပြပါ။

၂၂။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး၌ အလွှာ ၄-ပါးနှင့် သံစပ် ၃-ပါးတို့ကို ညွှန်ပြခဲ့ပါ။

၂၃။ ပဋိစ္စသမုပ္ပါဒ်တရားတော်၌ တိုက်ရိုက်လာသော အတိတ်အကြောင်း ၂-ပါးသာ ရှိသော်လည်း အဘယ်ကြောင့် အတိတ်အကြောင်း ၅-ပါး ယူရသနည်း။

၂၄။ တိုက်ရိုက်ပြသော ပစ္စုပ္ပန်အကြောင်း ၃-ပါးတွင် တဏှာဥပါဒါန်ဖြင့် ဘယ်တရားကိုယူ၍ ကမ္မဘဝဖြင့် ဘယ်တရားကို ယူရသနည်း။

၂၅။ ဇာတိ, ဇရာမရဏာဖြင့် အဘယ်ကြောင့် ဝိညာဏ်စသော အကျိုး ၅-ပါးကို ယူရသနည်း။

၂၆။ ဘယ်တရားကို "ဝဋ္ဋ-ဝဋ္ဋ"ဟု ခေါ်သနည်း။ သံသရာလည်ခြင်းနှင့် ဝဋ္ဋလည်ခြင်းတို့သည် တူညီပါသလား။

၂၇။ ပဋိစ္စသမုပ္ပါဒ်တရားကို ဆောက်ရှု၍ ဝဋ္ဋသုံးပါးကို ထုတ်ပြပါ။

၂၈။ ကိလေသဝဋ္ဋကြောင့် ကမ္မဝဋ္ဋဖြစ်ပုံကို ရှင်းပြပါ။

၂၉။ ကမ္မဝဋ္ဋကြောင့် ဝိပါကဝဋ္ဋ ဖြစ်ပေါ်ပုံကို ရှင်းပြပါ။

၃၀။ သတ္တဝါ အပေါင်းတို့အား အဆက်မပြတ် ဝဋ္ဋလည်ပတ်စေသော ဝဋ္ဋတရား၏ ပင်မြစ် ၂-ပါးကို ထုတ်ပြပါ။

၃၁။ အဘယ်တရားများ ချုပ်ငြိမ်းလျှင် သံသရာဝဋ္ဋ ပြတ်မည်နည်း။

၃၂။ အကြောင်းအကျိုး ဆက်နွယ်ပြသည့် ပဋိစ္စသမုပ္ပါဒ် တရားတော်၌ အဝိဇ္ဇာမှစ၍ ဟောထားရာ အဝိဇ္ဇာ၏ အကြောင်းသည် မရှိပါသလော။ ရှိလျှင်ဖော်ပြပါ။

၃၃။ ပဋ္ဌာန်း ၂၄-ပစ္စည်းဟူသည်ကား မည်သို့သော တရားများ ဖြစ်ကြသနည်း။

၃၄။ အောက်ပါပစ္စည်းတို့၏ တရားကိုယ်များကို ထုတ်ပြပါ။ ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း၊ အဓိပတိပစ္စည်း၊ အနန္တရပစ္စည်း။

၃၅။ အောက်ပါပစ္စည်းတို့၏ ပစ္စယုပ္ပန်တ္တိများကို ဖော်ပြပါ။ သမနန္တရ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ။

၃၆။ နာမ်သည် နာမ်အား ကျေးဇူးပြုသော ပစ္စည်း ၆-ပါးကို အကျိုးပြုပုံများနှင့်တကွ ရှင်းပြပါ။

၃၇။ နာမ်သည် နာမ်ရုပ်အား ကျေးဇူးပြုသော ပစ္စည်းမည်မျှရှိသနည်း။ ၎င်းတို့သည် မည်ကဲ့သို့ အကျိုးပြုကြသနည်း။

၃၈။ နာမ်သည် ရုပ်အားကျေးဇူးပြုသော ပစ္စည်းကို ဖော်ပြပါ။ ၎င်း၏ ပစ္စယုပ္ပန်တ္တကိုလည်း ဖော်ပြပါ။

၃၉။ ရုပ်သည် နာမ်အားကျေးဇူးပြုသော ပစ္စည်းမည်မျှရှိသနည်း။ မည်သို့သော ဖစ္စမ်းသတ္တိဖြင့် ကျေးဇူးပြုသနည်း။

၄၀။ နာမ်ရုပ်သည်တိဖြစ်၍ နာမ်အားကျေးဇူးပြုနိုင်သော ပစ္စည်းမည်မျှရှိသနည်း။ ထိုပစ္စည်းတို့၏ ကျေးဇူးပြုပုံကို ဖော်ပြပါ။

၄၁။ နာမ်ရုပ် ၂–ပါးဖြစ်၍ နာမ်ရုပ် ၂–ပါးအား ကျေးဇူးပြုနိုင်သော ပစ္စည်းများကို ပြည့်စုံစွာ ဖော်ပြပါ။

၄၂။ အာရမ္မဏပစ္စည်းအပြားနှင့် ဥပနိဿယပစ္စည်းအပြားတို့ကို ဖော်ပြပါ။

၄၃။ ၂၄–ပစ္စည်းကို အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်း မည်မျှ ဖြစ်သနည်း။

၄၄။ အာဟာရပစ္စည်း ဘယ်နှစ်မျိုးရှိသနည်း။ မည်သည့် အာဟာရပစ္စည်းက မည်သည့် ပစ္စယုပ္ပန်တရားတို့အား မည်သို့ အကျိုးပြုသနည်း။

၄၅။ ပညတ်နှင့် ပရမတ်တရားတို့သည် မည်သို့ခြားနားကြသနည်း။

၄၆။ အတ္ထပညတ်နှင့် သဒ္ဒပညတ်တို့သည် မည်သို့သော တရားများ ဖြစ်ကြသနည်း။

၄၇။ အဘယ်အခြင်းအရာကို အစွဲပြု၍ "ဘူမိ"နှင့် "ပဗ္ဗတ" ပညတ်တို့ ဖြစ်ပေါ်လာကြသနည်း။ ၎င်းတို့ကို မည်သည့်ပညတ်ဟု သတ်မှတ်သနည်း။

၄၈။ သဒ္ဒ–အတ္ထပညတ် ၂–မျိုးတွင် မြေပြင်ကို အဘယ်ပညတ်ဟု သတ်မှတ်သနည်း။ "ဘူမိ" ပညတ်သည် အဘယ်ပညတ် ဖြစ်သနည်း။

၄၉။ အဘယ်ကိုစွဲ၍ "ရထ, သကဋ" စသောပညတ်များ ဖြစ်ပေါ်လာကြသနည်း။
အဘယ်ကိုစွဲ၍ "ပုရိသ, ပုဂ္ဂလ" စသော ပညတ်များ ဖြစ်ပေါ်လာကြသနည်း။

၅၀။ သန္တာနပညတ်နှင့် သဏ္ဌာနပညတ်တို့ကို ဥပမာများနှင့်တကွ ခွဲခြားပြပါ။

၅၁။ ဒိသာပညတ်, ကာလပညတ်, အာကာသပညတ်တို့ကို နမူနာများနှင့် တကွ ရှင်းပြပါ။

၅၂။ "ဂေဟ" ဟူသောသဒ္ဒါသည် နာမ, နာမကမ္မ, နာမဓေယျ, နိရုတ္တိ, ဗျဉ္ဇန, အဘိလာပဟု အမည် ၆–မျိုး ရပုံကို ရှင်းပြပါ။

၅၃။ အတ္ထပညတ်များသည် ပရမတ္ထအားဖြင့် အသင်အရှား ရှိပါသလော။ အကြောင်းပြ၍ ဝေဖန်ပါ။

၅၄။ တမ္ဘာပေါ်၌ စာသားစကားများ ဖြစ်ပေါ်လာပုံကို အဘိဓမ္မာ သဘောဖြင့် ရှင်းပြပါ။

၅၅။ ဝိဇ္ဇမာနပညတ်နှင့် အဝိဇ္ဇမာန ပညတ်တို့သည် မည်သို့ ခြားနားကြသနည်း။

၅၆။ အဘယ်ပညတ်မျိုးကို "ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်"ဟု ခေါ်သနည်း၊ ပုံစံပြပါ။

၅၇။ အဘယ် ပညတ်မျိုးကို "အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်" ဟု ခေါ်သနည်း။ ပုံစံပြပါ။

၅၈။ အဘယ်ပညတ်မျိုးကို "ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်" ဟု သတ်မှတ်သနည်း။ ပုံစံပြပါ။

၅၉။ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်ကို ပုံစံများနှင့်တကွ ရှင်းပြပါ။

၆၀။ အောက်ပါ သဒ္ဒပညတ်တို့သည် မည်သည့်ပညတ်၌ ပါဝင်ကြသည်ကို အကျိုးအကြောင်း ဖော်ပြ၍ သတ်မှတ်ပြပါ။

ဆဠဘိညာ၊ ပုရိသရူပံ၊ သောတဝိညာဏ၊ ခတ္တိယပုတ္တ၊ ဇိဝှါပသာဒ။

၆၁။ "ဝေါ"ဟူသော အသံ, နာမပညတ်နှင့် အတ္ထပညတ်တို့ကို မည်သည့် ဝိထိတို့ဖြင့် အသီးသီး သိရှိရသနည်း။

၆၂။ သဒ္ဒပညတ်ကို အဘယ်ကြောင့် "နာမ,နာမကမ္မ, နာမဓေယျ" ဟု ခေါ်ဆိုရသနည်း။

၆၃။ ဇာတိ၏ အကျိုးရင်းနှင့် အကျိုးဆက်ကို ခွဲခြားဖော်ပြ၍ပဋိစ္စသမုပ္ပါဒ်ကို အလွှာ ၄-ပါးဖြင့် ခွဲပြပါ။ (၁၉၇၀)

၆၄။ ပဋ္ဌာန်းဥပနိဿယ ပစ္စည်းသုံးမျိုးကို ခွဲခြားဖော်ပြ၍ အတ္ထိပစ္စည်း ၅-မျိုးကိုလည်း ရေတွက်ပြပါ။ (၁၉၇၀)

၆၅။ ဝိဇ္ဇမာနပညတ်စသော ပညတ် ၆-ပါးကို ပြယုဂ်ပုံစံနှင့် ယှဉ်တွဲပြပါ။ (၁၉၇၀)

၆၆။ "လူ့ဘဝ၌ အဘယ်အကြောင်းကြောင့် လူလာဖြစ်ရသနည်း" ဟု သင့်အားမေးပါလျှင် လူဖြစ်ရခြင်း အကြောင်းကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် မည်ကဲ့သို့ ရှင်းပြမည်နည်း။ (၁၉၇၉)

၆၇။ နိဗ္ဗာန်သည် ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် အဘယ်ပစ္စည်းတို့၌ အကျုံးဝင်ပါသနည်း။ ပါဝင်နိုင်သော ပစ္စည်းများကို သိသာရုံမျှ ရှင်းပြပါ။ (၁၉၇၉)

၆၈။ ဆရာကောင်း မိတ်ဆွေကောင်းတို့ကို မှီဝဲဆည်းကပ်ခွင့်ရသော သူတို့သည် ချမ်းသာသုခကို ခံစားကြရကုန်၏။ ဤအဆိုကို ပဋ္ဌာန်းနည်းဖြင့် ပစ္စည်း ပစ္စယုပ္ပန် ဆက်ပြပါ။ (၁၉၇၉)

၇၉။ ယခုခေတ်တွင်'အကြားအမြင်ရသည်'ဟု ပြောလေ့ရှိသူ ပေါ်များလာလေရာ ထိုသူတို့သည် ဒိဗ္ဗသောတ, ဒိဗ္ဗစက္ခုရသူများ ဖြစ်နိုင်,မဖြစ်နိုင် သင်ဂြိုဟ်ကျမ်း လာ အဘိညာဏ် ဖြစ်ပုံ ပြစကားရပ်ကို ထောက်ဆ၍ ဆုံးဖြတ်ပါ။ (၁၃၀၆)

၈၀။ သမာဘာဂဝနာ, ဝိဿဘာဂဝနာတို့ကို အသက်မွေးဝမ်းကျောင်းအတွက် ပွားများသင့်ပါသလော။ မည်သို့သောရည်မှန်းချက်ရှိသူသည်သာ ပွားများသင့်ပါသနည်း။ သင်္ဂြိုဟ်ကျမ်းနှင့်အညီ ဖြေဆိုပါ။ (၁၉၈၆)

၈၁။ အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းကို ဖြစ်ပေါ်ရခြင်း အကြောင်းများကိုဖော်ပြ၍ "ဝဋ်ဆိုမြဲ ရေစဲ့ပေ" ဆိုရိုးစကားအရ မရှုမလှ ဆင်းရဲဒုက္ခခံနေသူ၌ ဝဋ်သုံးပါးတို့တွင် အဘယ်ဝဋ်ဖြစ်သည်ကို ရှင်းပြပါ။ (၁၉၈၆)

၈၂။ ကျေးဇူးပြုပုံ မြှနည်းအားဖြင့် ပဋ္ဌာန်းပစ္စည်းဘယ်နှစ်မျိုးရှိသည်ကိုရှင်းပြ၍ လှပသော ရှုပါရုံသည် မြင်သိစိတ်အား အဘယ် ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုသည်ကိုလည်း ညွှန်ပြပါ။ (၁၉၈၆)

၈၃။ "ရုပ်နာမ်နှစ်ပါး၊ မကွဲပြား၊ မှတ်သား လူအန္ဓ" ဟူသော စကားအရ အန္ဓ(အကန်း) မဖြစ်စေရန် ရုပ်နှင့်နာမ် ကွဲပြားအောင် ခွဲခြားပြ၍သဒ္ဓ ပညတ်၊ အတ္ထပညတ် နှစ်ပါးသိရှိရပုံ အခြင်းအရာကိုလည်း ရှင်းလင်းရေးသားခဲ့ပါ။ (၁၉၈၆)

၈၄။ သတ္တဝါမှန်သမျှ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သဘောတို့ အဆက်မပြတ်လည်ပတ်ဖြစ်နေသည့်အတိုင်း လူချမ်းသာတစ်ဦးနှင့် ဆင်းရဲသားတစ်ဦးတို့သည်ကာလနှင့် မျက်မှောက်ကာလ (ပစ္စုပ္ပန်အစွန်)ဝယ် ပဋိစ္စသမုပ္ပါဒ်သဘောတရားများ ဖြစ်ပေါ်လာပုံကို သိသာရုံ ကြောင်းကျိုးဆက်ကာ တင်ပြပါ။(၁၉၈၇)

၈၅။ ကုသိုလ်တရား ပွားများ ပြုလုပ် အားထုတ်နေသောပုဂ္ဂိုလ်၏ကောင်းမှုကုသိုလ်တရားများသည် ထိုသူအား ကိုယ်ဆေမိတ်ပါ နှစ်ဖြာအကျိုးပွားတိုးစေရန် ပဋ္ဌာန်းပစ္စည်းမည်မျှဖြင့် ကျေးဇူးပြုသည်ကို ဖော်ပြ၍ လိုရင်းအချုပ်ပဋ္ဌာန်းပစ္စည်းသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။ (၁၉၈၇)

၈၆။ "ပရမတ်-ပညတ်၊ သိနှစ်ရပ်တွင် ပရမတ်သာလိုရင်း၊ ပညတ်မှာနှစ်ကင်းလို့ လိုရင်းမဟုတ်"ဟု ပြောတတ်ကြရာလေကဲ၌ 'ပညတ်'လည်း အရေးကြီးပုံကို အဘိဓမ္မာသင်္ဂြိုဟ်ဆိုကျ သိသာရုံ ရှင်းလင်းပြဆိုပြီး

"အဆင်းလှသူ"ဟူသောစကား၌ မည်သည့် ပညတ်ဖြစ်သည်ကိုလည်း ညွှန်ပြခဲ့ပါ။ (၁၉၈၇)

၈၇။ ပဋ္ဌိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂-ရပ်ဝယ် အဝိဇ္ဇာနှင့်တဏှာဟူသော အတိတ်အကြောင်း ၂-ပါးသာ ထင်ရှားတွေ့ရပါလျက် အတိတ်အကြောင်း ငါးပါးဟု ပြောဆိုနိုင်အောင် အဘယ်တရားများကို သွင်းယူပါသနည်း။ ဖြေဆို၍ စာမူဝဋ္ဋ်အနုကိုလည်း ကောက်ပြပါ။(၁၉၈၈)

၈၈။ ရေဒီယိုမှ သီချင်းသံသည့်နားဆင်သူ၏စိတ်အစဉ်အား အဘယ်ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုပါသနည်း၊ ဖော်ပြလျက် ၂၄-ပစ္စည်းကိုအကျဉ်းချုပ်က ရရှိသောပစ္စည်းတို့ကိုလည်း ဖြေဆိုခဲ့ပါ။ (၁၉၈၇)

၈၉။ အတ္ထပညတ်ခေါ်ခြင်းအကြောင်းကို သိသာရုံသာဖြေဆို၍ အောက်ပါတို့၏ ပညတ်အမည်များကိုလည်း အသီးသီး ဖော်ပြပါ။
(က) မာနကြီးသူ (ခ) မြန်မာ့အသံ (ဂ) ရုပ်ရှင်မင်းသမီး၊ (၁၉၈၈)

၉၀။ လူဖြစ်လာရခြင်း(ဇာတိ)ကြောင့် တွေ့ကြုံရမည့် အကျိုးတရားတို့ကို ပဋ္ဌိစ္စသမုပ္ပါဒ်နည်းအရ ပြည့်စုံအောင်ဖော်ပြပြီးလျှင် ငွဲ့တရား သုံးပါးကိုလည်း ရေတွက်ပြပါ။ (၁၉၈၉)

၉၁။ ပဋ္ဌာန်း(၂၄)ပစ္စည်းတို့တွင် ပညတ်ပါဝင်သော ပစ္စည်းများကိုသာထုတ်ပြ၍၊ ကျွန်းမာသက်ရှည်ရေးအတွက် အရေးကြီးသော ပစ္စည်းသည်မည်သည့်ပစ္စည်းဖြစ်ပါသနည်း။ ပစ္စည်းအမည် ထုတ်ပြဖြေဆိုပါ။ (၁၉၈၆)

၉၂။ (က)နာမ်တရား၊ (ခ)ရုပ်တရား၊ (ဂ)နာမ်တရားနှင့်ရုပ်တရားယင်းတို့ အညမညဖြစ်နေပုံကို သိသာအောင်ရှင်းလင်းပြပါ။ (၁၉၈၉)

၉၃။ ပညတ်၏ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင်၊ အောက်ပါတို့ကို သက်ဆိုင်ရာ အတ္ထပညတ်အမည်ထူးများဖြင့် ဖြေဆိုပါ။
(က) သစ်ခွပန်းပင်၊ (ခ) ဆင္ဓလိုက်ဂူ။ (၁၉၈၉)

၄။ ဝါယောကသိုဏ်း = လေကသိုဏ်း၊

၅။ နီလကသိုဏ်း = မညိုရောင်အဆင်းကသိုဏ်း၊

၆။ ပီတကသိုဏ်း = ရွှေရောင်အဆင်းကသိုဏ်း၊

၇။ လောဟိတကသိုဏ်း = အနီရောင်အဆင်းကသိုဏ်း၊

၈။ ဩဒါတကသိုဏ်း = အဖြူရောင်အဆင်းကသိုဏ်း၊

၉။ အာကာသကသိုဏ်း = ကောင်းကင်ဟင်းလင်းပြင်ကသိုဏ်း၊

၁၀။ အာလောကကသိုဏ်း = အလင်းရောင်ကသိုဏ်း

**ကသိုဏ်းဝန်းပြုလုပ်ပုံ။** ။ပထဝီကသိုဏ်းကို ပြုလုပ်လိုလျှင် မြေကြီးဖြင့် အလယ်ဆုံးတစ်ထွာနှင့်လက်လေးသစ်ခန့်၊ ကြီးဆုံးကောက်ယူလင်းခန့်မျှ အချင်းရှိအောင် ဝိုင်းဝိုင်းစက်စက် ပြုလုပ်အပ်၏။

ရေကသိုဏ်း ရှုမှတ်လိုလျှင် အငယ်ဆုံးတစ်ထွာနှင့် လက်လေးသစ်ခန့် အချင်းရှိသည့် သပိတ်ဖုံး, ရေခံသုံးသည့်၌ ရေအပြည့်ထည့်၍ ထိုရေအစုံကို ကသိုဏ်းအဖြစ် ရှုမှတ်နိုင်၏။

**တေဇောကသိုဏ်းအတွက်** အထက်ပါ အရွယ်အစိုင်း အဝန်းအဝိုင်း ရှိသည့် မီးကျီးခဲအစုကို စီမံရာ၏။ လေကသိုဏ်း ရှုမှတ်လိုသူသည် လေတိုက်ခတ်သည့်နေရာ၌ မိမိ၏ဆံပင်ဖျားများကို လေတိုးဝှေ့သွားသော အခြင်းအရာကိုလည်းကောင်း၊ သို့မဟုတ် ကြံခင်းမြက်ခင်းတို့၏အဖျားများကို လေတိုးဝှေ့သွားသည့် အခြင်းအရာကိုလည်းကောင်း အာရုံယူ၍ လေကသိုဏ်းအဖြစ် ရှုမှတ်နိုင်၏။

နီလကသိုဏ်းအတွက် အညိုရောင်ပန်းများကို အနည်းဆုံး တစ်ထွာ လက်လေးသစ်ခန့်ရှိသည့် ပန်းကုံးတစ်ခု၌ အပြည့်စီသည့်ထားနိုင်၏။ သို့မဟုတ် အညိုရောင်အဝတ်စကို အချင်းတစ်ပေခန့် ရှိအောင် စက်ဝိုင်းသဏ္ဌာန်ဖြတ်တောက်ပြီး အဖြူရောင်နံရံ သို့မဟုတ် စက္ကူဖြူပေါ်၌ ကပ်ထားနိုင်၏၊ ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်းတို့ကိုလည်း အလားတူ ပြုလုပ်နိုင်၏။

အာကာသကသိုဏ်းအတွက် ကောင်းကင် သို့မဟုတ် ဟင်းလင်းပြင်ကို မြင်နိုင်ရန် နံရံ၌ အပေါက်ပြုလုပ်ရမည်။ အာလောက ကသိုဏ်းအတွက် နံရံပေါက် စသည်မှ ဝင်ရောက်လာသော အလင်းရောင် အကွက်ကို ရှုမှတ်နိုင်၏။

ကသိုဏ်းဝန်းသည် အနားရေးပြတ်သားရမည်။ ပတ်ဝန်းကျင်နှင့် မရောယှက်ရ၊ အရွယ်ကြီးလွန်းလျှင် ဆက်ကုန်သိမ်းခြုံ၍ ရှုမှတ်ရန် ခက်ခဲသည်။ ငယ်

၍ အရိုးများဖြင့် အကြောင်ရနယ်ဖွဲ့၍ ကြွက်သားများဖြင့် လိမ်းကျံကာ အကြောကြော ကြည်းဟူသော ကြိမ်နွယ်တိုဖြင့် ဖွဲ့ချည်လျက် အထက်၌ အရေပါး အရေထူကို ခြုံလွှမ်းထား ပြီးလျှင် ဆံပင်မွေးညှင်းများက မြက်ပင်ခြုံနွယ်များ ပေါက်ရောက်နေကြသဖြင့် ဤခန္ဓာကိုယ်ကြီး ဖြစ်လာပုံကို စဉ်းစား ဆင်ခြင်၍ အသုဘအကြောင်းအရာကို ထင်လာစေနိုင်ပါသည်။

## အနုဿတိ ဆယ်ပါး

အနုဿတိ=အနု+သတိ=အဖန်ဖန်+အောက်မေ့ဆင်ခြင်မှု၊ အဖန်ဖန် အောက်မေ့ဆင်ခြင်မှု (သတိစေတသိက်)ကို "အနုဿတိ"ဟု ခေါ်၏။

၁။ ဗုဒ္ဓါနုဿတိ=ဘုရား၏ ဂုဏ်သတ္တော်နှင့် ဂုဏ်တော်များကိုအဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၂။ ဓမ္မာနုဿတိ=ပိဋကတ်တရားတော်များနှင့်တကွ မဂ်ဖိုလ်နိဗ္ဗာန် တရားတော်များ၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၃။ သံဃာနုဿတိ=အရိယာသံဃာတော်များ၏ ဂုဏ်တော်တို့ကိုအဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

၄။ သီလာနုဿတိ=မိမိစောင့်ထိန်းထားသော သီလအမျိုးမျိုးတို့၏ ဂုဏ်ကျေးဇူးများနှင့် ဇကပါးဇပေါက် မပြောက်မကျားပံ့တို့ကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

၅။ စာဂါနုဿတိ=ဝန်တိုကာလာနကိကည်းမမျော်ဇမော်မော်မောက်မောက် လာပ်ပေါ်၊ ဝန်တိမလည်းမဖက်ဘဲ ရက်ရက်ရောရော မိမိစွန့်ကြဲ ပေးလှူအပ်သော အလှူဒါန၏ ဂုဏ်ကို အဖန်ဖန် အောက်မေ့မှု။

၆။ ဒေဝတာနုဿတိ=နတ် ဗြဟ္မာများကို သက်သေပြု၍ မိမိ၏ကုသိုလ် ကောင်းမှုများကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

(သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပဟူသောသူတော်ကောင်းတရားတို့နှင့် ပြည့်စုံကြသည့်သူများသည် ဤလူ ပြည်မှစုတေကြသည့် အခါ နတ်ဗြဟ္မာပြည်တို့၌ ဖြစ်ကြရ၏။ ငါ၌လည်း ထိုတရားများရှိပေ၏ဟု မိမိ၏ကုသိုလ်တရားတို့ကို အောက်မေ့အားရနေမှု။)

၇။ ဥပသမာနုဿတိ=နိဗ္ဗာန်၏ ငြိမ်းအေးပုံစသည့် ဂုဏ်ကျေးဇူးများကို အဖန်ဖန်အောက်မေ့ဆင်ခြင်မှု။

မေတ္တာ၏အာရုံကမ္မဋ္ဌာန်းသည် ပိယ (ချစ်အပ်သောသူ)နှင့် မနာပ (မြတ်နိုးအပ်သောသူ) သတ္တဝါတို့တည်း။

ကရုဏာ၏အာရုံကမ္မဋ္ဌာန်းကား ဒုက္ခိတသတ္တဝါပညတ်တည်း။

မုဒိတာ၏အာရုံကမ္မဋ္ဌာန်းကား သုခိတသတ္တဝါပညတ်တည်း။

ဥပေက္ခာ၏အာရုံကမ္မဋ္ဌာန်းကား ဒုက္ခိတ၊ သုခိတ၊ မဇ္ဈတ္တသတ္တဝါ ပညတ်တို့တည်း။

[ ဒုက္ခိတ=ဆင်းရဲသူ။ သုခိတ=ချမ်းသာသူ။ မဇ္ဈတ္တ=ဆင်းရဲသည် လည်းမဟုတ်၊ ချမ်းသာသည်လည်းမဟုတ်သော အလယ်အလတ်သတ္တဝါ ။]

ဗြဟ္မဝိဟာရတရား။ ။အပ္ပမညာ ၄-ပါးတွင် တစ်ပါးပါးဖြင့်နေခြင်းသည် ဗြဟ္မာတို့နေခြင်းနှင့် တူသောကြောင့် အပ္ပမညာ ၄-ပါးကို ဗြဟ္မဝိဟာရ ၄-ပါးဟုလည်း ခေါ်တွင်ကြ၏။

ဗြဟ္မစိုရ်တရား

မေတ္တာစသည်ကို ပွားများခြင်းသည် သတ္တဝါ အပေါင်းတို့အား ကောင်းစားချမ်းသာစလိုသော မွန်မြတ်သည့်စေတနာရှိခြင်းကြောင့်သတ္တဝါ တို့အပေါ် ဖယ်ကြောက်ခြောက်သွေ့သွေ့မဟုတ်ဘဲ စိုစိုပြည့်ပြည့်ရှိ၏၊ ထို့အပြင် အပ္ပမညာ ၄-ပါးသည် ဗြဟ္မာတို့၏ကျင့်စဉ် (ဗြဟ္မစရိယ)လည်း ဖြစ်၏။ သို့အတွက် အပ္ပမညာ ၄-ပါးကို ဗြဟ္မစိုရ် ၄-ပါးဟုလည်း ခေါ်၏။

အာဟာရေပဋိကူလသညာ ၁-ပါး

အာဟာရေ=အစာအာဟာရ၌ + ပဋိကူလ = စက်ဆုပ်ရွံရှာဖွယ်ဟု + သညာ=မှတ်ထင်ခြင်း။

စားသောက်မျိုသွင်းအပ်သော ခဲဖွယ်ဘောဇဉ်စသည့် အစာအာဟာရ တို့၌စက်ဆုပ်ဖွယ်ဟုထင်မြင်လာအောင် ဆောက်မေ့ဆင်ခြင်ရှုမှတ်တတ်သော သညာကို အာဟာရေပဋိကူလသညာဟု ခေါ်၏။

အာဟာရေပဋိကူလသညာသည် အမှုမှာကတရားတည်း။ ထိုသညာ ၏ အာရုံကမ္မဋ္ဌာန်းကား စားသောက်မျိုသွင်းအပ်သော အစာအာဟာရ တည်း။

စတုဓာတုဝဝတ္ထာန် ၁-ပါး

စတုဓာတု=ဓာတ် ၄-ပါး+ဝဝတ္ထာန= ပိုင်းခြားတတ်သော ဉာဏ်။

ခန္ဓာကိုယ်၌ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသည့်ဓာတ်ကြီး ၄-ပါးကို ပိုင်းခြားတတ်သောဉာဏ်သည် စတုဓာတုဝဝတ္ထာန်ဖြစ်၏၊

**ဒုတိယစျာန်သို့တက်လှမ်းပုံ။** ။ဂသိဘော် ၅-တန်ဖြင့် ပထမစျာန်ကို အဖန်ဖန်ဝင်စား၍စျာန်အင်္ဂါစုကို ဆင်ခြင်ဖန်များလတ်သော် ဝိတက်ဟူသော စျာန်အင်္ဂါသည် ရန်ရင်းကြမ်းတမ်းသည်ဟု ထင်မြင်လာ၏။ "ဝိတက်သည် စိတ်ကိုအာရုံအမျိုးမျိုးသို့ တင်ပေးတတ်၏၊ လောကီအာရုံတို့မကပ်သို့ စိတ်ကို တင်ပေးလိုက်လျှင် ကာမစ္ဆန္ဒနီဝရဏ ရန်သကြီးနှင့်ရင်ဆိုင်ရလိမ့်မည်၊ ဝိတက် မပါသော ဒုတိယစျာန်သို့တက်နိုင်မှ စိတ်ငြိမ်းချက်ရှိ ရန်သူဘေးမှဝေးလိမ့်မည်" ဟု ဆင်ခြင်၏။

ထို့နောက်မှ ဒုတိယစျာန်ရရှိကြောင်း ရှေ့မှန်းလျက်ဝိတက်ကို ပယ်ရှား နိုင်ခြင်းအကျိုးငှာလည်းကောင်း၊ ကြွင်းကျန်သော ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးတို့ကို ပိုမိုသိမ်မွေ့ကာကြက်လာစေခြင်း အကျိုးငှာလည်း ကောင်း ပဋိဘာဂနိမိတ်ဟူသော ကသိုဏ်းပညတ်ကိုပင်ဘာဝနာ ၁-ပါး အစဉ်ဖြင့် အနုံပြုလျက် အားထုတ်၏။ ကျအားထုတ်မှုသည် ဝိတက်ကိုစက်ဆုပ် ခြင်းသဘော ပါဝင်သည့်အတွက် "ဝိတက္ကဝိရာဂဘာဝနာ" မည်၏။

ပဋိဘာဂနိမိတ်ကိုအာရုံပြု၍ ပရိကမ္မဘာဝနာဖြင့် ပြန်လည်အားထုတ် သော ပထမစျာန်ရယောဂီသည် ဝိတက်ကင်းသော နိကန္တိတဏှာကောင်းစွာ ကင်းကွာလာသည့်အခါ ဒုတိယစျာန်၏အနီး ဥပစာဖြစ်သော ဥပစာရဘာဝ နာသို့ရောက်၏၊ ထို့နောက် ဆက်၍အားထုတ်လျှင် ဝိတက်မပါဘဲယင်းပထမ စျာန်တုန်းကထက် ပိုမိုသိမ်မွေ့ ထက်မြက်လာသော စျာန်အင်္ဂါ ၄-ပါးနှင့်ပြည့်စုံ သော ဒုတိယစျာန်ခေါ် အပ္ပနာဘာဝနာသို့ ရောက်၏။

**တတိယစျာန်သို့တက်လှမ်းပုံ။** ဒုတိယစျာန်၌ ဝသီဘော် ၅-ပါးပိုင် နိုင်အောင် လေ့ကျင့်ပြီး၍ စျာန်အင်္ဂါများကို ကြိမ်ဖန်များဆင်ခြင်သည့်အခါ "ဝိစာရသည် ရန်ရင်းကြမ်းတမ်း၏၊ ဝိစာရသည် ဝိတက်နှင့်တွဲဖက်ဖြစ်လေ့ရှိသော ကြောင့် ဝိတက်နှင့်တွဲ၍ ပထမစျာန်သို့ ပြန်ကျရောက်လိမ့်မည်။ ဝိစာရမပါ သော တတိယစျာန်သာ မွန်မြတ်၏" ဟု ဝိစာရ၌ အပြစ်မြင်လာ၏။ ထိုအခါ ကသိုဏ်းပဋိဘာဂနိမိတ်ကို ရှုမှတ်၍ ဝိစာရ၌စက်ဆုပ်မှုပါသော ဝိစာရရာဂ ဘာဝနာကို ပွားများ၏၊ ဝိစာရကို တပ်မက်သော နိကန္တိတဏှာမကွာသေးခင် ပရိကမ္မဘာဝနာဖြစ်၏။ နိကန္တိတဏှာကွာသောအခါ ဥပစာရဘာဝနာဖြစ် ၏။ ထို့နောက် ဆက်လက်အားထုတ်သောအခါ ဝိတက်,ဝိစာရတို့မပါဘဲ ဒုတိယစျာန်တုန်းကထက် ပိုမိုသိမ်မွေ့ထက်မြက်သည့် ပီတိ, သုခ, ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးပါသော တတိယစျာန်ခေါ် အပ္ပနာဘာဝနာဖြစ်ပေါ်လာ ၏။

**စတုတ္ထစျာန်နှင့် ပဉ္စမစျာန်သို့တက်ပုံ။** ။တတိယစျာန်၌ပါသော "ပီတိ

၇။ ကသိုဏ်း ၁၀-ပါးတို့၏ သရုပ်ကိုရေတွက်ပြပါ။ ပထဝီကသိုဏ်းကို အားထုတ်ရန် ကသိုဏ်းဝန်းကို မည်သို့စီရင်ဆင့်သနည်း။

၈။ "အသုဘ" ခေါင်းအနက်ကို ဖော်ပြပြီးလျှင် အသုဘ ၁၀-ပါး၏ သရုပ်ကိုရေတွက်ဖော်ပြပါ။ အသုဘဘာဝနာရှုမှတ်ခြင်းဖြင့် မည်သည့် ဈာန်များကို ရနိုင်သနည်း။ အဘယ်ကြောင့်နည်း။

၉။ "အနုဿတိ"ခေါင်း၏အနက်ကို ဖော်ပြပြီးလျှင် အနုဿတိ ၁၀-ပါး ၏ သရုပ်ကို ရေတွက်ပြပါ။ ဗုဒ္ဓါနုဿတိ ပွားများသူသည် ဈာန်ရနိုင်-မရနိုင်ကြောင်းကို ဆုံးဖြတ်ပေးပါ။

၁၀။ နတ်များကို ပူဇော်ပသခြင်းသည် ဒေဝတာနုဿတိဟု ခေါ်နိုင်ပါ သလား၊ မခေါ်နိုင်လျှင်မည်သို့ပြုလုပ်ပါမှ ဒေဝတာနုဿတိပွားများ ခြင်း ဖြစ်သနည်း။

၁၁။ မည်သည့်စရိုက်ရှိသောသူသည် ဥပသမာနုဿတိ ပွားများသင့်ပါသ နည်း။ ဤကမ္မဋ္ဌာန်းကို မည်သို့ ပွားများအားထုတ်ရသနည်း။ မည်သို့ သောအကျိုးကို ရရှိသနည်း။

၁၂။ ကာယဂတာသတိကမ္မဋ္ဌာန်းကို မည်သည့်စရိုက်ရှိသူများ ပွားများအား ထုတ်သင့်သနည်း။ ဤကမ္မဋ္ဌာန်းကို မည်သို့ ပွားများရသနည်း။ ပွားများခြင်းဖြင့် မည်သည့်အကျိုးများ ဖြစ်ထွန်းသနည်း။

၁၃။ အပ္ပမညာကမ္မဋ္ဌာန်း ၄-ပါးကို ဖော်ပြပါ။ ဤကမ္မဋ္ဌာန်းတို့၏ အာရုံ များကား အဘယ်နည်း။ ဤကမ္မဋ္ဌာန်းတို့ကို ရှုမှတ်ခြင်းဖြင့် မည်သည့် ဈာန်များကို ရရှိနိုင်သနည်း။

၁၄။ အပ္ပမညာ ၄-ပါးကို အဘယ်ကြောင့် ဗြဟ္မဝိဟာရ ၄-ပါးဟု ခေါ် ဆိုရသနည်း။

၁၅။ "အာဟာရေပဋိကူလသညာ" ဖြစ်အောင် ခဲဖွယ်ဘောဇဉ်များကိုမည် သို့ ရှုမှတ်ရသနည်း။ ဤသညာ၏ အာရုံကမ္မဋ္ဌာန်းကား အဘယ်နည်း။ ဤကမ္မဋ္ဌာန်းကို ပွားများခြင်းဖြင့် မည်သည့်အကျိုးထူးကို ရသနည်း။

၁၆။ အာရုပ္ပ ၄-ပါးကား အဘယ်နည်း။ ၎င်းတို့၏အာရုံ ကမ္မဋ္ဌာန်းများ ကား အဘယ်နည်း။

၁၇။ ရူပါဝစရပထမဈာန် ဖြစ်ပေါ်အောင်မည်သို့အားထုတ်ရသနည်း။ ထိုသို့ အားထုတ်ရန် ဘာဝနာအစဉ်တက်ပုံကို အသေးစိတ် ဖော်ပြပါ။

၄၈။ အနုလောမဉာဏ်ဟူသည်ကား အဘယ်နည်း။ ၎င်းဉာဏ်သည်မည်သည့် တရားများကို အာရုံပြုသနည်း။ ၎င်းဉာဏ်ယှဉ်သောစိတ်ကား အဘယ် စိတ်မျိုးနည်း။

၄၉။ ဂေါတြဘုစိတ်၏ ထူးခြားချက်များကို ဆွေးနွေးပါ။

၅၀။ ပထမအကြိမ် မဂ်ဆိုက်သော တိက္ခပညာပုဂ္ဂိုလ်၏ ဝီထိကိုပုံချပြပါ။ ၎င်းဝီထိ၌ပါဝင်ကြသော စိတ်အမျိုးမျိုးတို့၏ အာရုံများကိုဖော်ပြပါ။

၅၁။ ဖလသမာပတ္တိဝီထိဟူသည်ကားအဘယ်သို့သော ဝီထိမျိုးဖြစ်သနည်း။ မည်သို့သော ပုဂ္ဂိုလ်များက ဖလသမာပတ်ကို ဝင်စားနိုင်ကြသနည်း။

၅၂။ သောတာပတ္တိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် အသီးသီးတို့ပယ်သတ် ကြသော ကိလေသာများနှင့် အကုသိုလ်စိတ်များကို ဖော်ပြပါ။

၅၃။ သောတာပန်ဘယ်နှစ်မျိုးရှိသနည်း။ သကဒါဂါမိပုဂ္ဂိုလ်သည် ကာမ ဘုံ၌ တစ်ဖန်ပဋိသန္ဓေ နေဦးမည်လော။

၅၄။ အနာဂါမိပုဂ္ဂိုလ်တွင် ရာဂဒေါ်တကာစနှင့် ဒေါသကိုလောဘတို့ကြွင်း ကျန်သေးသလော။ အနာဂါမ်သည် ကာမဂုဏ်အာရုံများကို ခံစား သေးသလော။

၅၅။ ဖလသမာပတ်နှင့် နိရောဓသမာပတ်တို့ မည်သို့ ခြားနားကြသနည်း။ မည်သို့သော ပုဂ္ဂိုလ်များသည် ဤသမာပတ်နှစ်မျိုးလုံးကို ဝင်စား နိုင်ကြသနည်း။

၅၆။ ဈာန်သမာပတ်၈-ပါးကို ပိုင်ဆိုင်သော အနာဂါမ်တစ်ဦးသည်နိရောဓ သမာပတ်ကိုဝင်စားလိုလျှင် မည်သို့ပရိကမ်ပြုရသနည်း။ နိရောဓသမာ ပတ် ဝင်စားခိုက်၌ ရုပ်နာမ်အားလုံး ချုပ်ငြိမ်းနေပါသလား။ ရှင်း ပြပါ။

၅၇။ ရဟန္တာပုဂ္ဂိုလ်တစ်ဦးက နိရောဓသမာပတ်ဝင်စားနေစဉ် မည်သည့် စိတ်စေတသိက်များနှင့် ရုပ်တရားများဖြစ်ပေါ်နေကြသနည်း။ အသက် ရှုခြင်း ရှိပါသလား။ နိရောဓသမာပတ်မှ ထသည့်အခါ မည်သည့် စိတ်ဦးစွာ ဖြစ်ပေါ်သနည်း။

၅၈။ မဂ်ဟူသည်ကား အဘယ်နည်း။ မဂ်၏ ကိစ္စ ၄-ချက်ကို ဥပမာနှင့်တကွ ဖြေရှင်းပြပါ။

၅၉။ ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အနတ္တဟုရှုလျှင် အဘယ် "ဝိမောက္ခမုခ" ဟု အမည်ရသနည်း။ ထို့နောက် ရအပ်သောမဂ်နှင့် မဂ်အနောက်ဖိုလ် များသည် အဘယ် ဝိမောက္ခမည်သနည်း။

(က)

| စိတ်ပိုင်းဇယားချုပ် | | | | | | |
|---|---|---|---|---|---|---|
| စိတ်အမည် | | အကုသိုလ် | ကုသိုလ် | ဝိပါက် | ကြိယာ | စိတ်ပေါင်း |
| လောဘမူ | ၈ | ဒိဋ္ဌိသံ,ဒိဋ္ဌိဝိ ++++---- အသ | | | | အကုသိုလ်-၁၂ / * အသောဘနစိတ် - ၃၀ / ကာမစိတ် - ၅၄ / လောကီစိတ် - ၈၁ / စိတ်အကျဉ်း - ၈၉ / စိတ်အကျယ် - ၁၂၁ |
| ဒေါသမူ | ၂ | ပဋိဃသံ * အသ | | | | |
| မောဟမူစိတ် | ၂ | ဝိစိသံ,ဥဒ္ဓစ္စသံ | | | | |
| အကုသလဝိပါက် | ၇ | | | စက်ယှါကာတီ, သောဇိသံ | | အဟိတ်-၁၈ |
| အဟိတ်ကုသလဝိပါက် | ၈ | | | စက်ယှါကာတီ, သောဇိသံတီ | | |
| အဟိတ်ကြိယာ | ၃ | | | | ပဉ္စဒွါ, ဟသိ, မနောဒွါ | |
| မဟာကုသိုလ် | ၈ | | ဉာသံ,ဉာဝိ ++++---- အသံ | | | မဟာကုသိုလ်စသည်-၂၄ |
| မဟာဝိပါက် | ၈ | | | ++++---- | | |
| မဟာကြိယာ | ၈ | | | | ++++---- | |
| ရူပါဝစရကုသိုလ် | ၅ | | တက်ဝိပီသုဥဧကဲ, ပဉ္စတံ စပဉ္စ | | | ရူပါဝစရ-၁၅ / မဟဂ္ဂုတ်-၂၇ / ဈာန်စိတ် (၆၇) ပါး |
| ရူပါဝစရဝိပါက် | ၅ | | | ++++- | | |
| ရူပါဝစရကြိယာ | ၅ | | | | ++++-ဘိ | |
| အရူပါဝစရကုသိုလ် | ၄ | | အာကာ,အာကိ, ဝိညာ နေဝ | | | အရူပါဝစရ-၁၂ |
| အရူပါဝစရဝိပါက် | ၄ | | | ---- | | |
| အရူပါဝစရကြိယာ | ၄ | | | | ---- | |
| လောကုတ္တရာကုသိုလ် | ၄ | | သော,သ,အ,အ ± ± ± ± | | | လောကုတ္တရာစိတ်အကျဉ်း-၈ |
| လောကုတ္တရာဝိပါက် | ၄ | | | ± ± ± ± | | |
| သောတာပတ္တိမဂ် | ၅ | | တက်ဝိပီသုဥဧ, ပဉ္စတံ စပဉ္စ ++++- | | | မဂ်အကျယ်-၂၀ / လောကုတ္တရာအကျယ်-၄၀ |
| သကဒါဂါမိမဂ် | ၅ | | ++++- | | | |
| အနာဂါမိမဂ် | ၅ | | ++++- | | | |
| အရဟတ္တမဂ် | ၅ | | ++++- | | | |
| သောတာပတ္တိဖိုလ် | ၅ | | | ++++- | | ဖိုလ်အကျယ်-၂၀ |
| သကဒါဂါမိဖိုလ် | ၅ | | | ++++- | | |
| အနာဂါမိဖိုလ် | ၅ | | | ++++- | | |
| အရဟတ္တဖိုလ် | ၅ | | | ++++- | | |
| စိတ်အကျဉ်း | | ၁၂ | ၂၁ | ၃၆ | ၂၀ | ပေါင်း = ၈၉ |
| စိတ်အကျယ် | | ၁၂ | ၃၇ | ၅၂ | ၂၀ | ပေါင်း = ၁၂၁ |

သင်္ကေတအမှတ်များ =
+ = သောမနဿသဟဂုတ်
- = ဥပေက္ခာသဟဂုတ်
• = ဒေါမနဿသဟဂုတ်
∧ = ဒုက္ခသဟဂုတ်
∨ = သုခသဟဂုတ်
± = သော-ဥအရော

# စေတသိက်ပိုင်း သင်္ဂဟနည်းဇယား

| စိတ်အမည်များ | | အညသမာန်းစေတသိက် ၁၃ | | | | | | | အကုသိုလ်စေတသိက် ၁၄ | | | | | | | သောဘဏစေ ၂၅ | | | | စေတသိက်ပေါင်း | သင်္ဂြိုဟ်နည်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | သဗ္ဗစိတ္တသာဓာရဏ (၇) ပါး | ဝိတက် | ဝိစာရ | အဓိမောက္ခ | ဝီရိယ | ပီတိ | ဆန္ဒ | မောစတုက် ၄ | လောဘ | ဒိဋ္ဌိ | မာန | ဒေါသစတုက် ၄ | ထိနမိဒ္ဓ ၂ | ဝိစိကိစ္ဆာ | သောဘဏသာဓာရဏ ၁၉ | ဝိရတီ ၃ | အပ္ပမညာ ၂ | ပညိန္ဒြေ (၁) ပညာ | | | |
| လောဘမူ အသင်္ခါရိက | ပ | ॥ | | | | | | | ॥ | ॥ | ॥ | × | × | | | × | | | | ၁၉ | ၁ | ပေါင်း(၇) |
| | ဒု | ॥ | | | | | | | ॥ | ॥ | × | ॥ | | | | | | | | ၁၉ | | |
| | တ | ॥ | | | | | × | ॥ | ॥ | ॥ | ॥ | × | | | | | | | | ၁၈ | ၁ | |
| | စ | ॥ | | | | | × | ॥ | ॥ | ॥ | × | ॥ | | | | | | | | ၁၈ | | |
| လောဘမူ သသင်္ခါရိက အသင်္ခါရိကနည်းအတိုင်း | ၄ | | | | | | | | | | | | | ॥ | | | | | | ၂၁ ၂၁ ၂၀ ၂၀ | ၁ ၁ | |
| ဒေါသမူ | အ | ॥ | | | | | × | ॥ | ॥ | × | | | ॥ | × | × | × | | | | ၂၀ | ၁ | |
| | သ | ॥ | | | | | × | ॥ | ॥ | × | | | ॥ | ॥ | × | | | | | ၂၂ | ၁ | |
| ဝိစိကိစ္ဆာ | ၁ | ॥ | | | × | ॥ | × | × | ॥ | × | | | | | ॥ | | | | | ၁၅ | ၁ | |
| ဥဒ္ဓစ္စ | ၁ | ॥ | | | | | × | × | ॥ | × | | | | | | | | | | ၁၅ | | |
| ဒွေပဉ္စဝိညာဏ် | ၁၀ | ॥ | × | | | | | | × | | | | | | | × | | | | ၇ | ၁ | ပေါင်း(၄) |
| သော - သန္တီရဏ | ၁ | ॥ | | | | × | ॥ | × | | | | | | | | | | | | ၁၁ | ၁ | |
| မနောဒွါရာဝဇ္ဇန်း | ၁ | ॥ | | | | | × | × | | | | | | | | | | | | ၁၁ | | |
| ဟသိတုပ္ပါဒ် | ၁ | ॥ | | | | | | × | | | | | | | | | | | | ၁၂ | ၁ | |
| ဥ-ဘန္တီ၂မနောဓါတ်၃ | ၅ | ॥ | | | | × | × | × | | | | | | | | | | | | ၁၀ | ၁ | |
| မဟာကုသိုလ် ပ-ဒွေ | ၂ | ॥ | | | | | | | × | | | | | | | ॥ | | | | ၃၈ | ၁ | ပေါင်း: (၁၂) |
| ॥ ဒု-ဒွေ | ၂ | ॥ | | | | | | | | | | | | | | ॥ | | | × | ၃၇ | ၁ | |
| ॥ တ-ဒွေ | ၂ | ॥ | | | | | × | ॥ | | | | | | | | ॥ | | | | ၃၇ | ၁ | |
| ॥ စ-ဒွေ | ၂ | ॥ | | | | | × | ॥ | | | | | | | | ॥ | | | × | ၃၆ | ၁ | |
| မဟာဝိပါက် ပ-ဒွေ | ၂ | ॥ | | | | | | | | | | | | | | ॥ | × | × | ॥ | ၃၃ | ၁ | |
| ॥ ဒု-ဒွေ | ၂ | ॥ | | | | | | | | | | | | | | ॥ | × | × | × | ၃၂ | ၁ | |
| ॥ တ-ဒွေ | ၂ | ॥ | | | | | × | ॥ | | | | | | | | ॥ | × | × | ॥ | ၃၂ | ၁ | |
| ॥ စ-ဒွေ | ၂ | ॥ | | | | | × | ॥ | | | | | | | | ॥ | × | × | × | ၃၁ | ၁ | |
| မဟာ ကြိယာ ပ-ဒွေ | ၂ | ॥ | | | | | | | × | | | | | | | ॥ | × | ॥ | | ၃၅ | ၁ | |
| ॥ ဒု-ဒွေ | ၂ | ॥ | | | | | | | | | | | | | | ॥ | × | ॥ | × | ၃၄ | ၁ | |
| ॥ တ-ဒွေ | ၂ | ॥ | | | | | × | ॥ | | | | | | | | ॥ | × | ॥ | | ၃၄ | ၁ | |
| ॥ စ-ဒွေ | ၂ | ॥ | | | | | × | ॥ | | | | | | | | ॥ | × | ॥ | × | ၃၃ | ၁ | |
| မဟဂ္ဂုတ် ပ-ဈာန် | ၃ | ॥ | | | | | | | × | | | | | | | ॥ | × | ॥ | | ၃၅ | ၁ | ပေါင်း(၅) |
| ॥ ဒု - ॥ | ၃ | ॥ | × | ॥ | | | | | | | | | | | | ॥ | × | ॥ | | ၃၄ | ၁ | |
| ॥ တ - ॥ | ၃ | ॥ | × | × | ॥ | | | | | | | | | | | ॥ | × | ॥ | | ၃၃ | ၁ | |
| ॥ စ - ॥ | ၃ | ॥ | × | × | ॥ | | × | ॥ | | | | | | | | ॥ | × | ॥ | | ၃၂ | ၁ | |
| ॥ ပဉ္စ - ॥ | ၁၅ | ॥ | × | × | ॥ | | × | ॥ | | | | | | | | ॥ | × | × | ॥ | ၃၀ | ၁ | |
| လောကုတ္တရာ ပ-ဈာန် | ၈ | ॥ | | | | | | | × | | | | | | | ॥ | ॥ | × | ॥ | ၃၆ | ၁ | ပေါင်း(၅) |
| ॥ ဒု - ॥ | ၈ | ॥ | × | ॥ | | | | | | | | | | | | ॥ | ॥ | × | ॥ | ၃၅ | ၁ | |
| ॥ တ - ॥ | ၈ | ॥ | × | × | ॥ | | | | | | | | | | | ॥ | ॥ | × | ॥ | ၃၄ | ၁ | |
| ॥ စ - ॥ | ၈ | ॥ | × | × | ॥ | | × | ॥ | | | | | | | | ॥ | ॥ | × | ॥ | ၃၃ | ၁ | |
| ॥ ပဉ္စ ॥ | ၈ | ॥ | × | × | ॥ | | × | ॥ | | | | | | | | ॥ | ॥ | × | ॥ | ၃၃ | ၁ | |
| သမ္ပယောဂနည်းဟူပုံ | | ၈၉ | ၅၅ | ၆၆ | ၇၈ | ၇၃ | ၅၁ | ၆၉ | ၁၂ | ၈ | ၄ | ၄ | ၂ | ၅ | ၁ | ၅၉ | ၁၆ | ၂၈ | ၄၇ | ပေါင်း: | ၃၃ | |

# ရုပ်ပိုင်း

| နိပ္ဖန္နရုပ်. သဘာဝ,သလက္ခဏ,ရုပ,သမ္မသန | | | | | | | အနိပ္ဖန္နရုပ် | | | | ဝေဖန်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| စုပ်ပေါင်း | မဟာဘုတ် ၄ | ပသာဒရုပ် ၅ | ဂေါစရရုပ် ၄/၅ | ဘာဝ ၂ | ၁ | ၁ | ၁ | ၁ | ဝိကာရ-၅ (ဝိညတ် ၂, ... ၃) | လက္ခဏ ၄ | ဥပ+သန္တတိ=ဇာတိ ၁ ခုယူ / ပုံ,ဇာတိ = ဇောင်ဆွဲ ၁ ယူ |

ရုပသမုဒ္ဒေသ: ပထဝီ, အာပေါ, တေဇော, ဝါယော, စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ, ဇိဝှာပသာဒ, ကာယပသာဒ, ရူပါရုံ (ဝဏ္ဏ), သဒ္ဒါရုံ (အသံ), ဂန္ဓာရုံ (အနံ့), ရသာရုံ (အရသာ), ဖောဋ္ဌဗ္ဗာရုံ (ပ,တေ,ဝါ), ဣတ္ထိဘာဝ, ပုမ္ဘာဝ, ဟဒယ, ဇီဝိတ, ကဗဠီကာရအာဟာရ, အာကာသဓာတ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာ, ဥပစယ, သန္တတိ (ဇာတိ), ဇရတာ, အနိစ္စတာ

## ရုပဝိဘာဂ (ရုပ်ကိုခွဲခြားဝေဖန်)

| ပေါင်း | အမည် | | ကျန် |
|---|---|---|---|
| ၄ | မဟာဘုတ် | ၂၄ | ဥပါဒါရုပ် |
| ၅ | အဇ္ဈတ္တိက ဂေါစရဂ္ဂါဟိက | ၂၃ | ဗာဟိရ အဂေါစရဂ္ဂါဟီ |
| ၆ | ဝတ္ထုရုပ် | ၂၂ | အဝတ္ထု |
| ၈ | ဒွါရရုပ် | ၂၁ | အဒွါရ |
| ၈ | ဣန္ဒြိယရုပ် | ၂၀ | အနိန္ဒြိယ |
| ၁၂ | ဩဠာရိက သန္တိက သပ္ပဋိဃ | ၁၆ | သုခုမ ဒူရ အပ္ပဋိဃ |
| ၂ | အသမ္ပတ္တ ဂါဟက | ၂၃ | အဂါဟက |
| ၃ | သမ္ပတ္တ ဂါဟက | | |
| ၈ | အဝိနိဗ္ဘောဂ | ၂၀ | ဝိနိဗ္ဘောဂ |
| ၁ | သနိဒဿန | ၂၇ | အနိဒဿန |

## ရုပသမုဋ္ဌာန်

| ကံ,စိတ်,ဥတု,အာဟာရ | ကမ္မဇကောင် | ၄ | စိတ်-ဥတု | ၄ | ကမ္မဇကောင် | ၄ | ၄ | စိတ္တဇကောင် | စိတ်,ဥတု,အာဟာရ | ဇတုဝိမုတ် |
|---|---|---|---|---|---|---|---|---|---|---|

ကမ္မဇ=ကောင် ၉+အနေကောင် ၉
စိတ္တဇ=ကောင် ၂+အနေကောင် ၁၃
ဥတုဇ= — +အနေကောင် ၁၃
အာဟာရဇ= — +အနေကောင် ၁၂

## ရုပ ကလာပ (ဖွဲ့စည်းပုံ)

| အမျိုး | | ပေါင်း | ကလာပ် |
|---|---|---|---|
| ကမ္မဇ ၉ | အဝိနိဗ္ဘောဂ-၈ | ၉ | ဇီဝိတနဝကကလာပ် |
| | = | ၁၀ | စက္ခုဒသကာဒီ ၈ |
| စိတ္တဇကလာပ် ၆ | အဝိနိဗ္ဘောဂ-၈ | ၈ | သုဒ္ဓဋ္ဌက ကလာပ် |
| | = | ၉ | ကာယဝိညတ္တိနဝက |
| | = | ၁၀ | ဝစီဝိညတ္တိသဒ္ဒဒသက |
| | = | ၁၁ | လဟုတာဒိဧကာဒသက |
| | = | ၁၂ | ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ် |
| | = | ၁၃ | ဝစီဝိညတ္တိ သဒ္ဒ လဟုတာဒိတေရသက ကလာပ် |
| ဥတုဇကလာပ် ၄ | အဝိနိဗ္ဘောဂ-၈ | ၈ | သုဒ္ဓဋ္ဌက ကလာပ် |
| | = | ၉ | သဒ္ဒနဝက ကလာပ် |
| | = | ၁၁ | လဟုတာဒိ ဧကာဒသက ကလာပ် |
| | = | ၁၂ | သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ် |
| အာဟာရဇ ၂ | အဝိနိဗ္ဘောဂ-၈ | ၈ | သုဒ္ဓဋ္ဌက ကလာပ် |
| | = | ၁၁ | လဟုတာဒိ ဧကာဒသက ကလာပ် |
| ၂၁ | | | ပေါင်း ၂၁ စည်း |

ကလာပ်ဝိမုတ်

မှတ်ချက်။ မဟာအဋ္ဌကထာနည်းဖြင့် (၁) သဒ္ဒနဝကကလာပ်၊ (၂) သဒ္ဒ လဟုတာဒိဒွါဒသကကလာပ်ဟု စိတ္တဇကလာပ် ၂ စုတိုး၏။

# ကိုးကားကျမ်းများ

## ကျမ်းကိုးစာရင်း

ဤကျမ်းစာအုပ်ကို ရေးသားပြုစုရာ၌အယူအဆ အဆုံးအဖြတ်လွဲချော်မှုမဖြစ်စေရန် ကျမ်းခန့် ကျမ်းခိုင်များစွာကို ကိုးကားခဲ့ပါသည်။ ၎င်းကျမ်းတို့အနက် အဓိကမှီငြမ်းခဲ့သော ကျမ်းများမှာ—

(၁) အရှင်ဇနကာဘိဝံသ၏ "အခြေပြုသင်္ဂြိုဟ်" သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၊ ၁၉၈၁-ခုနှစ်။ (အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲများအတွက် ပြဋ္ဌာန်းစာအုပ်ဖြစ်ပါသည်။)

(၂) သေက္ခတောင် အရှင်တိလောက၏ "အဘိဓမ္မတ္ထသရူပဒီပနီ" ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၉-ခုနှစ်။

(၃) မူလစဋ္ဌာန်းဆရာတော် ဦးနာရဒ၏ "သင်္ဂြိုဟ် ၉-ပိုင်းအရှပ်ခွဲဇယားများ" စကြဝဠာပုံနှိပ်တိုက်။ ၁၃၁၅-ခု။

(၄) အရှင်ဇနကာဘိဝံသ၏ "သင်္ဂြိုဟ်ဘာသာဋီကာ" အဋ္ဌမအကြိမ်၊ သုဓမ္မာဝတီပုံနှိပ်တိုက်။

(၅) မောဓာဝီဆရာဆိုင်ပြန်ဆိုသော "ဋီကာကျော် မြန်မာပြန်" "ပ-ဒု-တ တွဲ။ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၊ ၁၉၈၅။ (အဘိဓမ္မာဂုဏ်ထူးတန်း စာမေးပွဲများအတွက် ပြဋ္ဌာန်းစာအုပ်ဖြစ်ပါသည်။)

(၆) သာသနာရေးဦးစီးဌာန ကျမ်းပြုဌာနစု၏ "ဗုဒ္ဓအဘိဓမ္မာ၏စေတသိက်များအဖွင့်" သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်။

(၇) Narada Maha Thera : "A Manual of Abhidhamma," 4th Revised Ed., Colombo, 1979.

(၈) ဒေါက်တာမင်းတင်မွန်၏ "အဖိုးတန်ဆုံးဘဝပညာ တက္ကသိုလ်အဘိဓမ္မာ" အတွဲ(၁)၊ အတွဲ(၂)။

